၂၀၁၅ ခုနှစ်၊ ဇူလိုင်လ

# ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတွင် ကျား၊ မ ရေးရာ အရေးပါခြင်း အကြောင်းများ

## မွန်နှင့် ကရင်ပြည်နယ်တို့မှ ရှုထောင့်အမြင်များ



swisspeace

Gender and Development Initiative

UN WOMEN

**Swisspeace** သည် လုပ်ဆောင်ချက် ဦးစားပေး ငြိမ်းချမ်းရေးသုတေသနအဖွဲ့တစ်ခု ဖြစ်၍ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့တွင် ရုံးချုပ် တည်ရှိပါသည်။ အကြမ်းဖက် ပဋိပက္ခများ မဖြစ်ပွားစေရန် တားဆီးကာကွယ်ရေး၊ ရေရှည်တည်တံ့သည့် ပဋိပက္ခအသွင် ကူးပြောင်းခြင်း ဖြစ်စေရေးတို့ကို ရည်ရွယ်ပါသည်။ Swisspeace အဖွဲ့သည် ကိုယ်တိုင်အားဖြင့် ပဋိပက္ခ လေ့လာသုံးသပ်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု နယ်ပယ်များတွင် အထူးချွန်ဆုံး ဆောင်ရွက်နိုင်သည့် ဗဟိုဌာနနှင့် သတင်းအချက်အလက် စင်မြင့်တစ်ခုအဖြစ် ရှုမြင်ထားပါသည်။ စစ်ဖြစ်ရသည့် အကြောင်းအရင်းများ၊ အကြမ်းဖက် ပဋိပက္ခများ၏ အကြောင်းတရားများအား သုတေသနပြု လေ့လာ၍ ပဋိပက္ခဖြေရှင်းရေး နည်းလမ်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု မဟာဗျူဟာများကို ရေးဆွဲပြုစုပါသည်။ လေ့လာသုံးသပ်မှုများ၊ အစီရင်ခံစာများအပြင် အလုပ်ရုံဆွေးနွေးပွဲများ၊ ကွန်ဖရင့်များမှတစ်ဆင့် လက်ရှိငြိမ်းချမ်းရေးနှင့် လုံခြုံရေး မူဝါဒရေးရာ ပြဿနာများနှင့် စပ်လျဉ်း၍ သတင်း အချက်အလက် ဝေမျှခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းတို့တွင် Swisspeace အနေဖြင့် ပါဝင်ကူညီလျက် ရှိပါသည်။ Swisspeace သည် ဘေဆဲလ်တက္ကသိုလ် နှင့် တွဲဖက်အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး လူသားသဘာဝနှင့် လူမှုရေးသိပ္ပံဆိုင်ရာ Swiss Academy (SAGW) ၏ အဖွဲ့ဝင် ဖြစ်ပါသည်။

အေးချမ်းမြန်မာအင်စတီကျု့(**Gender and Development Institute-Myanmar**) ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ထောင်ခဲ့ပါသည်။ လွတ်လပ် သည့် အစိုးရ မဟုတ်သော အရပ်ဘက် လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အခြေစိုက်ပါသည်။ ကျား၊ မ တန်းတူညီမျှရေး၊ ရေရှည် တည် တံ့သည့် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံတစ်ဝန်း ဒေသခံများ၏ အခွင့်အရေးများ စသည်တို့ ပိုမိုကောင်းမွန်လာစေရေးအတွက် GDI မြန်မာသည် အဓိက ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်အသီးသီးနှင့် လက်တွဲလုပ်ဆောင်လျက် ရှိပါသည်။

ကုလသမဂ္ဂ အမျိုးသမီးများရေးရာအဖွဲ့ (**UN Women**) သည် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းရည်နှင့် လုပ်ပိုင်ခွင့် မြှင့်တင်ရေးတို့ကို ရည်ရွယ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အမျိုးသမီးနှင့် မိန်းကလေးများ အရေးအတွက် ကမ္ဘာတစ်ဝန်း ချန်ပီယံဖြစ်သည့် UN Women ကို ကမ္ဘာတစ်ဝန်း ၎င်းတို့၏ အခွင့်အရေးများ ဖြည့်ဆည်းပေးရေး ပိုမိုအရှိန်မြှင့် ဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ကျား၊ မ တန်းတူညီမျှရေး အောင် မြင်စေရန် ကမ္ဘာတစ်ဝန်း စံချိန်စံညွှန်းများ ချမှတ်ပြီး UN Women သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ကူညီပေးသည့်အပြင် အဆိုပါ စံချိန်စံညွှန်း များအား အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ဥပဒေများ၊ မူဝါဒများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများအား အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် လက်တွဲ၍ ပုံဖော်ဆောင်ရွက်ပေးပါသည်။ ဦးစားပေးကဏ္ဍ ငါးခုဖြစ်သည့် အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် ပါဝင်မှု မြှင့်တင်ရေး၊ အမျိုးသမီး များအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်ခွင့် ရရေး၊ အမျိုးသမီးများ၏ စီးပွားရေးစွမ်း ရည်နှင့် လုပ်ပိုင်ခွင့် မြှင့်တင်ပေးရေးနှင့် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဘတ်ဂျက်များ ရေးဆွဲရာတွင် ကျား၊ မ တန်းတူညီမျှရေးကို ဗဟိုပြုဆောင်ရွက်ရေးတို့ ကို အဓိကထား၍ ဘဝရှင်သန်မှု နယ်ပယ်အားလုံးတွင် အမျိုးသမီးများ တန်းတူပါဝင်ခွင့်ရရေးကို အစဉ်တစိုက် ရပ်တည်ပေးပါသည်။ ကုလသမဂ္ဂ ယန္တရား၏ လုပ်ငန်းများတွင် ကျား၊ မ တန်းတူညီမျှမှု ပိုမိုအားကောင်းလာစေရေးတွင်လည်း UN Women က ဦးဆောင် ၍ ပေါင်းစပ်ညှိနှိုင်း၊ မြှင့်တင်ဆောင်ရွက်လျက် ရှိပါသည်။

© 2015 UN Women (ကုလသမဂ္ဂ အမျိုးသမီးများရေးရာအဖွဲ့)
ကမ္ဘာတစ်ဝန်း သီးသန့်မူပိုင်ခွင့်
၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသည့် အစီရင်ခံစာ "ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတွင် ကျား၊ မ ရေးရာ အရေးပါခြင်း အကြောင်းများ၊ မြန်မာနိုင်ငံ၊ မွန်နှင့် ကရင်ပြည်နယ်တို့မှ ရှုထောင့်အမြင်များ" ၏ အကျဉ်းချုပ်နှင့် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မွမ်းမံထုတ်ဝေခြင်း၊

ဤထုတ်ဝေမှုတွင် ဖော်ပြထားသည့် အမြင်၊ သဘောထားများသည် စာရေးသူများ၏ သဘောထား အမြင်များသာ ဖြစ်၍ swisspeace ၊ GDI မြန်မာနှင့် UN Women သို့မဟုတ် ကုလသမဂ္ဂ သို့မဟုတ် ၎င်းနှင့်ဆက်စပ် မည်သည့်အဖွဲ့အစည်းကိုမှ ကိုယ်စားမပြုပါ။ ပုံနှိပ်ပြီးနောက်ပိုင်း အမှားအယွင်း၊ သို့မဟုတ် ချန်လှပ်ထားမှု တစ်စုံတစ်ရာ တွေ့ရှိပါက mediation@swisspeace.ch သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါရန်။

ISBN 978-1-63214-011-1

ထုတ်ဝေသူ – ကုလသမဂ္ဂ အမျိုးသမီးများရေးရာအဖွဲ့၊ မြန်မာ (UN Women, Myanmar)
သုတေသီများ၊ သုတေသနလက်ထောက်များနှင့် စာရေးသူများ – ဂျူလီယာ ပါလ်မီယာနိ ဖက်ဒါရာ၊ ဂျူလီ မာရီ ဟန်ဆန်၊ ဆလိုင်းအိုက်ဇက်ခင်၊ ဂျင်းန် ဒီကူးနား၊ အက်စ်တူဒမ်ဘာနှင့် နော်လားစေးဝါး။ စာမူတည်းဖြတ်သူ – ဂရက်ချန်လုခ်ဆင်းဂါး။
စာပြင်သူများ – ဂရာဇီယာ ဂျီအိုဗန်နာ ရက်ဒေါ့လ်ဖီနှင့် အက်စ်တူဒမ်ဘာ။
မျက်နှာဖုံးဓာတ်ပုံ – သံလွင်မြစ်၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်။ ဓာတ်ပုံ – ဂျူလီ မာရီ ဟန်ဆန်။
ဒီဇိုင်း – ဒေသတွင်း ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၊ ကုလသမဂ္ဂ အမျိုးသမီးများရေးရာအဖွဲ့၊ အာရှ – ပစိဖိတ်ဒေသ။
ဂရပ်ဖစ်ဒီဇိုင်း – ပယ်ရာချ် ဟွမ်တွန်။
ပုံနှိပ် – ဦးမျိုးသန်းပုံနှိပ်တိုက်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ

# ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတွင် ကျား၊ မ ရေးရာ အရေးပါခြင်း အကြောင်းများ

## မွန်နှင့် ကရင်ပြည်နယ်တို့မှ ရှုထောင့်အမြင်များ




swisspeace

Gender and Development Initiative

UN WOMEN




# ကျေးဇူးတင်လွှာ

တွေ့ဆုံမေးမြန်းမှုများတွင် ကျွန်ုပ်တို့အား လက်ခံတွေ့ဆုံပြီး ၎င်းတို့၏ ရှုထောင့်အမြင်များအား စိတ်ရှည်လက်ရှည် ဝေမျှ ပြောပြခဲ့ကြသည့် ပါဝင်ဖြေဆိုသူများအားလုံးအား ကျွန်ုပ်တို့က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မွန်အမျိုးသမီးများ ကွန်ရက်မှ မိကွန်ချမ်းနွန်နှင့် ချယ်ရီစိုးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

သုတေသီများနှင့် ဤစာတမ်းကို ရေးသားပြုစုသူများ ဖြစ်ကြသည့် ဂျူလီယာ ပါလ်မီယာနိ ဖက်ဒါရာ (သုတေသီအဖွဲ့ ခေါင်းဆောင်၊ Swisspeace)၊ ဂျူလီ မာရီ ဟန်ဆန် (သုတေသနလက်ထောက်၊ Swisspeace)၊ ဆလိုင်းအိုက် ဇက်ခင် (သုတေသီအဖွဲ့ခေါင်းဆောင်၊ GDI မြန်မာ) နှင့် နော်လားစေးဝါး (သုတေသီ၊ GDI မြန်မာ)၊ ဂျင်းန်ဒီကူးနားနှင့် အက်စတူဒမ်ဘာ (သုတေသီနှင့် စာရေးသူများ၊ UN Women) တို့အား ကျွန်ုပ်တို့မှ မဖော်ပြနိုင်လောက်အောင်ပင် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

UN Women ၏ နည်းပညာ လမ်းညွှန်မှုနှင့် ငွေကြေးထောက်ပံ့မှုတို့ကိုလည်း ကျွန်ုပ်တို့မှ ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြု ပါသည်။ ထိုသို့သာ မဟုတ်ခဲ့လျှင် ဤစာတမ်း ဖြစ်လာနိုင်မည် မဟုတ်ပါ။ ဤလေ့လာမှုတစ်လျှောက်လုံးတွင် နည်းပညာ အကူအညီ နှင့် အကြံဉာဏ်များ ပေးခဲ့သည့် UN Women မှ ဂျင်းန် ဒီကူးနားနှင့် Swisspeace မှ ရေချယ် ဂက်စ်ဆာတို့အားလည်း အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ဤစာတမ်းအပေါ် အဖိုးတန်မှတ်ချက်များနှင့် ဝေဖန်သုံးသပ်ချက်များ ပေးခဲ့သည့် Swisspeace မှ အန်းမာရီ ဆန်ကာနှင့် မဆုတ်မတွန့် ကူညီပေးခဲ့သော UN Women မှ ရောဘတ်တာ ကလာ့ခ်နှင့် နာလာ ဗာလ်ဂျီတို့အားလည်း အထူးကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။

ဤစာတမ်းအား ကျွမ်းကျင်စွာ တည်းဖြတ်ပေးခဲ့သည့် ဂရက်ချန် လုခ်ဆင်းဂါးနှင့် ဓာတ်ပုံများအတွက် ဂျူလီမာရီ ဟန်ဆန်၊ ဘာသာပြန်ပေးသည့် ရဲရဲ၊ ဤစာအုပ်ဒီဇိုင်းနှင့် အပြင်အဆင်အတွက် UN Women ၊ ဘန်ကောက်ရုံးခွဲနှင့် ပုံနှိပ် ပေးသည့် ဦးမျိုးသန်းပုံနှိပ်တိုက်တို့အားလည်း ကျွန်ုပ်တို့မှ ကျေးဇူးတင်ရှိပါသည်။




# မာတိကာ

အတိုကောက်အသုံးအနှုန်းများ ........ ၉

အခန်း (၁) နိဒါန်း ........ ၁၀
နောက်ခံအခြေအနေ – မြန်မာနိုင်ငံတွင်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ ........ ၁၀
လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် ........ ၁၁
ဤလေ့လာမှု၏ ဦးတည်ချက်၊ နောက်ခံအကြောင်းအရင်းနှင့် နည်းစနစ် ........ ၁၁

အခန်း (၂) မွန်နှင့် ကရင်ပြည်နယ်တို့၏ လူမှုစီးပွားနောက်ခံအခြေအနေနှင့် ပဋိပက္ခသမိုင်းကြောင်း ..... ၁၃

အခန်း (၃) ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများတွင် မွန်နှင့်ကရင်ပြည်နယ်တို့မှ အမျိုးသမီးများ၏
အခန်း ကဏ္ဍနှင့်နေရာ ........ ၁၆

အခန်း (၄) မွန်နှင့်ကရင်ပြည်နယ်အတွင်း ပဋိပက္ခများ၏ ကျား၊ မ အခြေပြုသက်ရောက်မှုများ ........ ၁၉

အခန်း (၅) ငြိမ်းချမ်းရေးတွင် မွန်နှင့်ကရင်အမျိုးသမီးများ၏ ပါဝင်ကူညီဆောင်ရွက်မှုများ ........ ၂၆

အခန်း (၆) မွန်နှင့် ကရင်ပြည်နယ်တို့တွင် နိုင်ငံရေးစီမံအုပ်ချုပ်မှု၊ ငြိမ်းချမ်းရေး ယန္တရားများနှင့်
ဖြစ်စဉ်များတွင် အမျိုးသမီးများကိုယ်စားပြုမှုဆိုင်ရာ လေ့လာသုံးသပ်ချက် ........ ၃၂

အခန်း (၇) မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများနှင့် ၎င်းတို့၏
ဦးစားပေး ကိစ္စရပ်များ ပါဝင်ရေး တောင်းဆိုခြင်း ........ ၃၄

အခန်း (၈) အဓိက အကြံပြုတိုက်တွန်းချက်များ ........ ၃၈

ကျမ်းကိုးစာရင်း ........ ၄၀




# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| CEDAW | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကွန်ဗင်းရှင်း |
| CSO | အရပ်ဘက် လူမှုအဖွဲ့အစည်း |
| DKBA | ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် |
| DSW | လူမှုဝန်ထမ်း ဦးစီးဌာန |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| FAO | စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ |
| HURFOM | မွန်ဒေသလူ့အခွင့်အရေးဖောင်ဒေးရှင်း |
| ICBL | မြေမြှုပ်မိုင်းတားမြစ်ရေး နိုင်ငံတကာလှုပ်ရှားမှု |
| IDP | နေရပ်စွန့်ခွာရသူ |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNLA / PC | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KWO | ကရင်အမျိုးသမီးများအဖွဲ့ |
| MAMD | မွန်တပ်မတော်၊ မြိတ်ခရိုင် |
| MNLA | မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| MWN | မွန်အမျိုးသမီးများကွန်ရက် |
| MWO | မွန်အမျိုးသမီးများအဖွဲ့ |
| NCCT | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ |
| NMSP | မွန်ပြည်သစ်ပါတီ |
| RCSS | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SGBV | လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု |
| UPWC | ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ |
| WCRP | အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများစီမံချက် |
| WLB | မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် |

# အခန်း (၁) နိဒါန်း

## နောက်ခံအခြေအနေ – မြန်မာနိုင်ငံတွင်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ

မြန်မာစကားပြော၊ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးအများစု အပါအဝင် တရားဝင် အသိအမှတ်ပြုထားသည့် တိုင်းရင်းသား လူမျိုးစု ၁၃၅ မျိုးရှိသည့် မြန်မာနိုင်ငံသည် မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုများ အများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး၊ လူဦးရေ၏ ၄၀% သည် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။ နိုင်ငံရေးနှင့် တိုင်းရင်းသားလူမျိုးစုရေးရာ ပဋိပက္ခများသည် လွတ်လပ်ရေးမရမီခေတ်ကတည်းက ရှိခဲ့ပြီး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ မျှော်မှန်းချက်များမှာ ခွဲထွက်ရေးမှသည် တန်းတူအခွင့်အရေးများနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်နိုင်ငံ တည်ထောင်ရေးအထိ ကျယ်ပြန့်လှပါ သည်။[၁] လက်ရှိအခြေအနေတွင် ခွဲထွက်ရေးကို မတောင်းဆိုကြတော့သော်လည်း စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု တွင် ပေါင်းစည်းပါဝင်ရေးကို ခိုင်ခိုင်မာမာ ကိုင်စွဲထားကြပါသည်။ ၁၉၄၇ ခုနှစ်၊ ပင်လုံစာချုပ်တွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် တိုင်းရင်းသားများ ကိုယ် ပိုင်အုပ်ချုပ်ခွင့် အာမခံချက်များ ပါရှိခဲ့ပါသည်။[၂] ပင်လုံစာချုပ်နောက်ပိုင်း ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များတွင် တိုင်းရင်းသားလူမျိုးစု များ၏ တောင်းဆိုချက်အချို့ကို ထင်ဟပ် ထားသော်လည်း အဆိုပါသဘောတူညီချက်များတွင် ပါရှိသည့် ပင်လုံစိတ်ဓာတ်နှင့် ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လွတ်လပ်ရေးရပြီးစ ဗမာဗဟိုအစိုးရတို့ အကြား ကာလ ရှည်လျားစွာ ပြည်တွင်းစစ်မီး စတင်တောက်လောင်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့ပါသည်။[၃] အသက် အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခြင်း၊ စီးပွားရေးကျပ် တည်းမှု၊ လူ့စွမ်းအားနှင့် လူမှုအရင်းအမြစ်များ ပျက်စီးဆုံးရှုံးခြင်း၊ အခြား တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ခြင်း၊ နေရပ်စွန့်ခွာခြင်းနှင့် ကာလကြာရှည်လုံခြုံမှု၊ တည်ငြိမ်မှုကင်းမဲ့ခြင်းတို့သည် ဤသည် ၏ အကျိုးဆက်ရလဒ်များ ဖြစ်ပါသည်။

ဗြိတိသျှအမွေကို ဆက်ခံသည့် ပါလီမန်အစိုးရက နိုင်ငံဆိုသည်မှာ မတူကွဲပြား၊ သို့သော် စည်းလုံးညီညွတ်ရမည် ဆိုသည့် အယူအဆကို ထုတ်ဖော်ပြောကြားခဲ့သော်လည်း၊ ပြည်ထောင်စုမှ ခွဲထွက်ရေး ဆွေးနွေးမှုများ[၄] ဖြင့် လူများစုနှင့် လူနည်းစုတို့ကြား တင်းမာမှုများ မြင့်တက်ခဲ့ပါသည်။ ဤသည်က ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်းခြင်းကို ဖြစ်စေခဲ့ပြီး မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သည့် အစိုးရသက်တမ်းသည် ၁၉၆၂ မှ ၁၉၈၈ ခုနှစ်ထိ ကြာမြင့်ခဲ့ပါ သည်။ ထိုခေတ်တွင် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများအား ပြည်သူပိုင်သိမ်းခြင်း၊ အထီးကျန် နိုင်ငံခြားရေး မူဝါဒချမှတ်ကျင့်သုံးခြင်း၊ နိုင်ငံတော်ဆိုသည်မှာ တိုင်းရင်းသား လူမျိုးအများအပြား ဖွဲ့စည်းပါဝင်သည် ဆိုသည့် အယူအဆကို ဦးစားပေးခြင်းတို့ကြောင့် တင်းမာမှုများ၊ ပဋိပက္ခများ ပိုမိုဆိုးရွာလာခဲ့ပြီး[၅] လူနှင့် သယံဇာတအရင်းအမြစ်များ လျော့နည်း ကျဆင်းခဲ့သည့်အပြင် အများအပြား ဆင်းရဲဒုက္ခ ကြုံခဲ့ရပါသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြင့် နိုင်ငံတော်အာဏာကို တပ်မတော်မှတစ်ဆင့် တပ်မတော်ခေါင်းဆောင်များ လွှမ်းမိုးထားသည့် ပြည်သူ့လွှတ်တော် ထံ လွှဲပြောင်းပေးခဲ့ပါသည်။[၆] သို့ရာတွင် စိုးရိမ်ကြောက်ရွံ့မှုနှင့် အစိုးရနှင့် ပြည်သူများအကြား မယုံကြည်မှုများ ခိုင်မာစွာ အမြစ်တွယ်နေဆဲဖြစ်ပြီး လူမှုရေးမငြိမ်သက်မှုများ ဆက်လက်ရှိနေခဲ့ပါသည်။

စီးပွားရေးနှင့် နိုင်ငံရေး တင်းမာမှုများသည် ၁၉၈၈ ခုနှစ်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့ပြီး တက္ကသိုလ်ကျောင်းသား များ ဆူပူအုံကြွမှုကို ချေမှုန်းခဲ့ပါသည်။ ဆန္ဒပြသူအများအပြား တောခိုသွားခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် လက်တွဲ၍ အစိုးရကို လက်နက်ကိုင် တော်လှန်ခဲ့ကြရာမှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) က အာဏာသိမ်းယူခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် စစ်အုပ်ချုပ်ရေး ကြေညာခဲ့ပါသည်။ တစ်လျှောက်လုံး ပဋိပက္ခများ၏ ဒဏ်ကို ဆိုးဆိုး ရွားရွား ခံစားခဲ့ရသည့် အရပ်သားများသည် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ဒုက္ခသည်များ၊ နေရပ်စွန့်ခွာရ သူများအတွက် ကယ်ဆယ်ရေးစခန်းများ ပေါ်ပေါက်လာခဲ့ရပါသည်။

၁၉၈၉ နှင့် ၂၀၁၀ ခုနှစ်များအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၃၀ ကျော်သည် လက်နက်ကိုင် တော်လှန်ရေးကို စွန့်လွှတ်လို၍ ဖြစ်စေ၊ အပစ်အခတ်ရပ်စဲလို၍ ဖြစ်စေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့ကြပါသည်။[၇] သို့ရာတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေး ဆွေးနွေးပွဲပြုလုပ်ရန် တောင်းဆိုချက်များကို အစိုးရဘက်မှ လက်မခံခြင်းနှင့် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များအား မြန်မာ့တပ်မတော်လက်အောက်ခံ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းရန် ကြိုးပမ်းခြင်းတို့ကြောင့် အပြန်အလှန် ယုံကြည်မှု ပျက်ပြားခဲ့ရပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့က ဤသည်ကို လက်ခံခဲ့သော်လည်း အခြား သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၂၁ ဖွဲ့ခန့်က လက်မခံခဲ့ကြသည့်အတွက် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ၄င်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် လက်ရှိ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်လျက် ရှိပါသည်။[၈]

---

[၁] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ ၂၀၁၂၊ စာ - ၂၂ - ၂၃

[၂] ပင်လုံစာချုပ်ကို ဗမာအစိုးရနှင့် ရှမ်း၊ ကချင်နှင့် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များက ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ UN Peacemakter ၂၀၁၄ တွင်ကြည့်ပါ။ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်။ http://peacemaker.un.org/myanmarpanglong47

[၃] လိုင်၊ ၂၀၁၃၊ စာ - ၃

[၄] Ibid စာ - ၅

[၅] Ibid

[၆] ဂျိုးဆက်ဖ်ဆီးလ်ဗားစတိုင်း ၂၀၁၄၊ စာ - ၇၉

[၇] Khen နှင့် ပြသင ၂၀၁၄၊ စာ - ၁၄

[၈] Ibid စာ - ၁၄

## လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများက နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲ အများအပြားကို ဆောင်ကြဉ်းပေးခဲ့ပြီး ရပ်တန့်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်အသက်ဝင်စေခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ရွေးကောက်ပွဲ အောင်နိုင်မှုက တပ်မတော်အစိုးရကို အရပ်သားတစ်ပိုင်း အစိုးအရ အဖြစ် အသွင်ပြောင်းစေခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် တရားဝင်ကမ်းလှမ်း ဖိတ်ကြားသည့် ၁/၁၁ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ခဲ့ပါသည်။ ဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ် လုံး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်နယ်အဆင့် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘော တူညီချက်များကို ပြန် လည်စတင်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၄ ဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အခြားသော အထင်ကရ အောင် မြင်မှုများတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကတိကဝတ်ပြုစာချုပ် လက်မှတ် ရေးထိုးခြင်း အပါအဝင်ဖြစ်ပြီး၊ လက်မှတ်ရေးထိုးသူများ က[၉] "ပင်လုံစိတ်ဓာတ်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်မူများကို အခြေခံ ၍ ပြည်ထောင်စု ကို တည်ဆောက်ရန်နှင့် နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ နိုင်ငံသားအားလုံး၏ လွတ်လပ်ခွင့်၊ တန်းတူညီမျှရေး၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တို့ကို အာမခံချက်ပေးရန်" ကတိကဝတ်ပြုခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၆ ဖွဲ့ ဖြင့် ဖွဲ့စည်းထားသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် မူကြမ်း အပေါ် အပြီးသတ် ဆွေးနွေးချက်များနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက် ညှိနှိုင်း ဆွေးနွေးသွားမည် ဖြစ်ကြောင်း အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြပါသည်။[၁၀]

## ဤလေ့လာမှု၏ ဦးတည်ချက်၊ နောက်ခံအကြောင်းအရင်းနှင့် နည်းစနစ်

အခြားကမ္ဘာ့နိုင်ငံ အများအပြားတွင်ကဲ့သို့ပင် မြန်မာနိုင်ငံ၌ နိုင်ငံရေးပဋိပက္ခနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများသည် "အမျိုးသားများ၏နယ်ပယ်" ဟု ယူ ဆထားကြပါသည်။ ခြွင်းချက်အနည်းငယ်မှလွဲ၍၊ လက်နက်ကိုင်ပဋိပက္ခများတွင် အမျိုးသမီး များ၏ အတွေ့အကြုံနှင့် ငြိမ်းချမ်းရေးတွင် ပါဝင် ဆောင်ရွက် မှုများကို အများအားဖြင့် အသိအမှတ်မပြု၊ မှတ်တမ်းမတင်၊ အလေးမထားကြသည်ကို တွေ့ရပါသည်။ သို့ရာတွင် လက်နက်ကိုင် ပဋိပက္ခများကို ကြုံတွေ့ ဖူးကြသည့် မြန်မာအမျိုးသမီး အများအပြားသည် ၄င်းတို့၏ ရပ်ရွာဒေသများတွင် ပဋိပက္ခ၏ သက်ရောက်မှုများကို လျော့နည်းစေရန်နှင့် ငြိမ်းချမ်းရေးရရှိ စေ ရန်နှင့် ရေရှည်တည်တံ့စေရန် ဆန်းသစ်သည့် မဟာဗျူဟာများဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ဤကြိုးပမ်း အားထုတ်မှုများကို အစိုး ရကဖြစ်စေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက ဖြစ်စေ၊ လူ့အဖွဲ့အစည်းများအစုအနေ ဖြင့် ဖြစ်စေ၊ သမားရိုးကျ သို့မဟုတ် အခြားပုံသဏ္ဍာန် တစ်မျိုးမျိုးဖြင့် လောက်လောက်လားလား အသိအမှတ်မပြုကြပါ။ အကျိုးဆက်အားဖြင့် နိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် ၄င်းတို့၏ ဦးစားပေး ကိစ္စရပ်များ ပြည့်ပြည့်စုံစုံ မပါဝင်တော့ပါ။

"ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတွင် ကျား၊ မ ရေးရာ အရေးပါခြင်း အကြောင်းများ၊ မွန်နှင့် ကရင်ပြည်နယ်တို့မှ ရှုထောင့်အမြင်များ" ဟု အမည်ပေးထားသည့် ဤ စာတမ်းတွင် မွန်နှင့် ကရင်ပြည်နယ်အတွင်း ပဋိပက္ခများက ဥပမာအားဖြင့် အမျိုးသား၊ အမျိုးသမီးများအပေါ် သက်ရောက်မှုမည်သို့ ကွာခြားသည်ကို လေ့ လာထုတ်ဖော်ထားပြီး အမျိုးသမီးများ၏ ဒေသ အခြေပြု တုံ့ပြန်ရေးမဟာဗျူဟာများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကာလကြာရှည် ပါဝင်ကူညီမှုများအား မှတ်တမ်းပြုစုထားပါ သည်။ ပဋိပက္ခ၏ ဤသို့ ကျား၊ မ အခြေပြု[၁၁] သက်ရောက်မှုများဆိုင်ရာ အခြေခံနှင့် အမျိုးသမီးများ၏ အသိအမှတ်ပြု မခံရသော ငြိမ်း ချမ်းရေးတွင် ပါဝင်ကူညီမှုများကို ဤစာတမ်းတွင် စူးစမ်းလေ့လာတင်ပြထားပြီး ပဋိပက္ခဖြေရှင်းရေး၊ ကာကွယ် တားဆီးရေးနှင့် ရေရှည်ငြိမ်းချမ်းမှုတည် ဆောက် ရေးတို့တွင် အမျိုးသမီးများ၏ ဦးစားပေး ကိစ္စရပ်များအား ထင်သာမြင်သာ ရှာဖွေတင်ပြထားပါသည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်အားလုံးတွင် အမျိုးသမီးများနှင့် ၄င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ထည့်သွင်း ခြင်းသည် အမျိုးသမီးအခွင့်အရေးဖြစ် ကြောင်း ဤစာတမ်းတွင် ထောက်ပြထားပါသည်။ ၄င်းတို့ ခံစားခဲ့ရသည့် ပျက်စီးဆုံးရှုံးမှု များ၊ ဘေးဒုက္ခများအတွက် နစ်နာကြေး၊ လျော်ကြေးတို့ကို တောင်း ဆိုရန်လည်း အမျိုးသမီးများတွင် အခွင့်အရေးရှိပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်အားလုံးတွင် အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူပါဝင်စေ ခြင်းနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ ပဋိပက္ခအလွန် လုပ်ငန်းစဉ်များတွင် ၄င်းတို့၏ ဦးစားပေးကိစ္စရပ်များအား ထည့်သွင်းစဉ်းစားခြင်းအား ဖြင့် အခြေခံဥပဒေပါ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များအပြင်၊ ၄င်းလက်မှတ် ရေးထိုးထားသည့် နိုင်ငံတကာ

---

[၉] လက်မှတ်ရေးထိုးသူများတွင် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ် စားလှယ်များနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNLA/PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) စသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ခဲ့ကြပါသည်။

[၁၀] Khen နှင့် Nyoi၊ ၂၀၁၄၊ စာ - ၁၄

[၁၁] "Gender" ဆိုသည့်ဝေါဟာရကို အခြေခံအားဖြင့် စီးပွားရေးနှင့် တိုင်းရင်းသားလူမျိုးစသည့် အခြား ကြားခံဝိသေသများနှင့် တွဲဖက်၍ ဖြစ်နိုင် သမျှ အတိုင်းအတာအားဖြင့် အယူအဆရေးရာ အမျိုးအစားတစ်ရပ်နှင့် လေ့လာဆန်းစစ်သည့် နည်းစနစ်ဆိုင်ရာ အထောက်အကူတစ်ခုအဖြစ် အသုံးပြုထားခြင်းဖြစ်ပါသည်။ အယူအဆရေးရာ အမျိုးအစားတစ်ရပ်အနေဖြင့် Gender ဆို သည်မှာ တစ်ဦးချင်း အဆင့်များနှင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်ပုံများ၊ အင်စတီကျူးရှင်းများနှင့် ဖြစ်စဉ်များ၏ အဆင့်အသီးသီးတွင် သုံးနှုန်းလျက်ရှိသည့် စနစ်ပုံသဏ္ဍာန် ဖိုနှင့်မ သဘာဝကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

သဘောတူညီချက်များ[၁၂] ပါ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်နေကြောင်း မြန်မာအစိုးရ အနေဖြင့် လက်တွေ့ပြသနိုင်မည် ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတွင်း ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းရည်နှင့် လုပ်ပိုင်ခွင့်မြှင့်တင်ရေး စည်းရုံးလှုံ့ဆော်နေသူများ၏ အမျိုး သမီးများ ပါဝင်ခွင့်ရရေး တောင်းဆို ချက်များအား တာဝန်ရှိရှိ တုံ့ပြန်သည်ကို ပြသသည့် သင်္ကေတလည်း ဖြစ်ပါလိမ့်မည်။ အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေးကိစ္စရပ်များအား ထည့်သွင်းစဉ်းစားခြင်းဖြင့် သုတေသနပြုမှု အားနည်းနေသေးသည့် အကြောင်းအရာတစ်ရပ် ဖြစ်သော မြန်မာ့ငြိမ်းချမ်း ရေးဖြစ်စဉ်အပေါ် ယခင်ကနှင့်မတူ ပိုမိုထိရောက်စေမည့်အပြင် ရေရှည်တည်တံ့စေမည့် အလားအလာကောင်း များကို ဤစာတမ်းတွင် အခိုင်အမာ ဖော်ပြထားပါသည်။

ပဋိပက္ခ၏ ကျား၊ မ အခြေပြု သက်ရောက်မှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ကူညီမှုများ ကို ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကွန်ဗင်းရှင်း (CEDAW)၊ ၁၉၉၅ ခုနှစ် ပီကင်းကြေညာချက်နှင့် Platform for Action၊ ၂၀၀၀ ခုနှစ် ထောင်စုနှစ်ကြေညာချက်၊ အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ်ဆုံး ဖြတ်ချက်များတွင် ဖော်ပြထား သည့် ကျား၊ မ တန်းတူညီမျှရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခြေခံမှုများနှင့် စံချိန်စံညွှန်းများ၊ အမျိုးသမီးအခွင့်အရေး များ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဤစာတမ်းတွင် စူးစမ်းရှာဖွေဖော်ထုတ်ထားပါသည်။

ဤလေ့လာမှုတွင် ခိုင်လုံသည့် အထောက်အထားအခြေပြု အရည်အသွေးဆိုင်ရာ လေ့လာမှတ်တမ်းပြုခြင်း၊ အဓိက သတင်းအချက်အလက် ပေးနိုင် သူများအား တွေ့ဆုံမေးမြန်းခြင်းနှင့် ဦးတည်အုပ်စု ဆွေးနွေးမှုများအား သုတေသနနည်းစနစ် အဖြစ် အသုံးပြုခဲ့ပါသည်။ ထို့နောက် ဆင့်ပွားလေ့လာမှုနှင့် လေ့လာသုံးသပ်ခြင်းတို့ဖြင့် ထပ်မံ ဖြည့်စွက်ခဲ့ပါသည်။ ပါဝင် ဖြေဆိုသူ စုစုပေါင်း ၁၂၂ ဦးရှိပြီး မွန်ပြည်နယ်၊ မော်လမြိုင်မှ ၆၄ ဦး၊ ကရင်ပြည်နယ်၊ ဘားအံမှ ၄၈ ဦးတို့အား ၂၀၁၄ ခုနှစ်၊ မေလမှ ဒီဇင်ဘာလအတွင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ပါဝင်ဖြေဆိုသူများတွင် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ တိုင်း ရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် အမျိုးသမီးများအခွင့် အရေး လှုပ်ရှားဆောင်ရွက်နေသည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာဒေသများ၊ အမျိုးသမီးများနှင့်ဆက်စပ်နေသည့် ဘာသာရေး အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ရပ်ရွာခေါင်းဆောင်များ မွန်နှင့် ကရင်တိုင်းရင်းသား အမျိုးသမီး၊ အမျိုးသားများ ပါဝင် ပါသည်။

ဤလေ့လာမှုတွင် မွန်နှင့် ကရင်ပြည်နယ်တို့အား ရွေးချယ်ရခြင်းမှာ ၎င်းတို့သည် တစ်ချိန်က ပဋိပက္ခဖြစ်ပွားရာ နေရာများဖြစ်ခြင်း၊ လက်ရှိ အပစ်အခတ်ရပ်စဲရေး အခြေအနေများက အချက်အလက် ကောက်ယူခြင်းကို အတန်အသင့် ပိုမို လွယ်ကူချောမွေ့စေခြင်း၊ ပထဝီအနေအထားအရ ပြည်နယ် ၂ ခု နီးကပ်စွာ တည်ရှိခြင်းနှင့် ထိုဒေသများတွင် ကုလသမဂ္ဂ၏ အရှေ့တောင်ဒေသ ငြိမ်းချမ်းရေး တည်ဆောက်မှု ရန်ပုံငွေ လုပ်ငန်းစီမံချက်အောက်ရှိ ကုလသမဂ္ဂအမျိုးသမီးများရေးရာအဖွဲ့၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများ ရှိနေခြင်းနှင့် အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နောက်ခံအခြေ အနေများအား နားလည်သဘောပေါက်ထားရန် လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

[၁၂] ၎င်းတို့တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကွန်ဗင်းရှင်း (CEDAW) ၁၉၇၉၊ ပီကင်းကြေညာချက်နှင့် Platform for Action ၁၉၉၅၊ ထောင်စုနှစ်ကြေညာချက်၊ ၂၀၀၀၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (CRC) ၁၉၉၀၊ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (CRPD) ၂၀၀၈ တို့ ပါဝင်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ် ဆုံးဖြတ်ချက်များ ဖြစ်သည့် ၁၈၂၀၊ ၁၈၈၈၊ ၁၈၈၉၊ ၁၉၆၀၊ ၂၁၀၆ နှင့် ၂၁၂၂ တို့ကိုလည်း သဘောတူ လက်မှတ်ရေးထိုးထားပါသည်။

# အခန်း (၂)
# မွန်နှင့် ကရင်ပြည်နယ်တို့၏ လူမှု – စီးပွား နောက်ခံအခြေအနေနှင့် ပဋိပက္ခသမိုင်းကြောင်း

ကရင်နှင့် မွန်ပြည်နယ် နှစ်ခုစလုံးသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တည်ရှိပါသည်။[၁၃] မွန်ပြည်တွင် စုစုပေါင်း လူဦးရေ ၂၀၅၀၂၈၂ ဦး ရှိပြီး အမျိုးသား ၄၈% နှင့် အမျိုးသမီး ၅၂% ရှိ၍၊ ကရင်ပြည်နယ်တွင် စုစုပေါင်း လူဦးရေ ၁၅၇၄၀၇၉ ဦးနှင့် အမျိုးသား ၄၉.၃% ၊ အမျိုးသမီး ၅၀.၇% ရှိပါသည်။[၁၄] မွန်နှင့် ကရင်ပြည်နယ်များတွင် အဓိကအားဖြင့် ကျေးလက်နေ လူဦးရေ များပြား၍ ကျေးလက်ဒေသများတွင် နေထိုင်သူ ၇၂% နှင့် ၇၈% အသီးသီး ရှိပါသည်။[၁၅] ပြည်နယ် ၂ ခုစလုံးတွင် တိုင်းရင်းသားလူမျိုး အများအပြား ရှိပါသည်။ မွန်ပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများကို ကြည့်လျှင် မွန်လူမျိုးအများစု ဖြစ်ပြီး ဗမာ၊ ချင်း၊ ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်းနှင့် ပအိုဝ်လူမျိုးများ ပါဝင်ပါ သည်။[၁၆] ကရင်ပြည်နယ်တွင် နေထိုင်သူအများစုမှာ ကရင်လူမျိုးများ ဖြစ်ပါသည်။ ကရင်တိုင်းရင်းသား မဟုတ်သည့် ရှမ်း၊ ပအိုဝ်၊ မွန်နှင့် ဗမာတိုင်းရင်းသားများလည်း နေထိုင်ကြပါသည်။ မွန်နှင့် ကရင်ပြည်နယ်တို့တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်လည်း ခရစ်ယာန်၊ မွတ်ဆလင်နှင့် ဟိန္ဒူဘာသာဝင်များလည်း ရှိပါသည်။[၁၇]

ပြည်နယ်နှစ်ခုစလုံးသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအထားထားကြပါသည်။ အကျိုးဆက်အားဖြင့် ပြည်နယ် နှစ်ခုစလုံး၏ ဒေသခံပြည်သူများ အတွက် လယ်ယာမြေသည် အရေးပါသည့် ပိုင်ဆိုင်မှု ဖြစ်ပါသည်။ သို့သော်လည်း မြေယာ ပိုင်ဆိုင်မှုသည် သမားရိုးကျပုံသဏ္ဍာန် မဟုတ်ဘဲ၊ ဓလေ့ထုံး တမ်းဥပဒေအရ ပိုင်ဆိုင်ကြသည်က များပါသည်။ မွန်ပြည်နယ် တွင် အထူးသဖြင့် စပါးအပြင် ကျယ်ပြန့်သည့် ရာဘာစိုက်ခင်းများနှင့် ရာသီပေါ်သီးနှံများ အပါအဝင် ငွေပေါ်သီးနှံများ[၁၈] အများအပြား စိုက်ပျိုးကြပါသည်။ (အချို့သော မြို့နယ်များ တိတိကျကျဆိုလျှင် ရေးနှင့် ရေဖြူမြို့နယ်များမှ လွဲ၍) ၁၉၉၅ ခုနှစ်၊ အပစ်အခတ် ရပ်စဲခဲ့ချိန်မှစ၍ မွန်ပြည်နယ်တွင် သိသိသာသာ တည်ငြိမ်မှုရှိခြင်းက မကြာသေးမီနှစ်များအတွင်း ဒေသ စီးပွားရေး၊ ဈေးကွက်များနှင့် စက်မှု လုပ်ငန်း အများအပြား အခြေတကျ ဖွံ့ဖြိုးလာစေခဲ့ပါသည်။ ၎င်းတို့တွင် သတ္တု (ခနောက်စိမ်း၊ နမ်းဖတ်ကျောက်နှင့် ရွှေ) တူးဖော်ရေး၊ ရာဘာနှင့် ကျောက် မီးသွေးလုပ်ငန်းများ ပါဝင်ပါသည်။ အနောက်ပိုင်း ကမ်းရိုးတန်း ဒေသများတွင် ငါးဖမ်းလုပ်ငန်းနှင့် ဆားထုတ်လုပ်ရေးတို့ကို အဓိက လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ထိုင်းနိုင်ငံ နယ်စပ်နှင့် နီးကပ်သည့်အတွက် မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်မြို့သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ၏ ကုန်သွယ်ရေး နှင့် ကူးသန်းရောင်းဝယ်ရေးတွင် အရေးပါသည့် ဗဟိုချက် ဖြစ်ပါသည်။

ဤသို့ ဖွံ့ဖြိုးတိုးတက်လာသော်လည်း လုပ်သားအင်အား ပါဝင်မှု နှုန်းနိမ့်ကျ၍ ၆၁.၀% ၊ အလုပ်လက်မဲ့နှုန်း (၁၅ နှစ် မှ ၆၄ နှစ်ကြား) မြင့်မားပြီး၊ ၆.၂% နှင့် လူဦးရေအချိုးအရ အလုပ်လုပ်သူ (၁၅ နှစ်မှ ၆၄ နှစ်ကြား) ၅၇.၂% အထိ နိမ့်ကျနေပါသည်။ ကဏ္ဍအများအပြားတွင် မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ဖြစ်နေသေးသည်ကို တွေ့ရပြီး ဖွံ့ဖြိုးတိုးတက်မှု လိုအပ် ချက်များအား ဖြည့်ဆည်းဆောင်ရွက်မပေးနိုင်ကြောင်း လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းများက ပြသနေပါသည်။ ဥပမာအား ဖြင့် မွန်ပြည်နယ်ရှိ မြို့ပြအိမ်ထောင်စု ၁၁၄၁၈၇ နှင့် ကျေးလက်နေ အိမ်ထောင်စု ၃၀၈၄၂၅ တွင် မြို့ပြအိမ်ထောင်စုများက ကျေးလက်နေအိမ်ထောင်စု များနှင့် နှိုင်းယှဉ်လျှင် လျှပ်စစ်မီးသုံးစွဲမှု ပမာဏ များစွာသာလွန်ပြီး (၆၇% နှင့် ၂၄%)၊ ဖယောင်း တိုင်မီး အသုံးပြုမှုတွင် ကျေးလက်နေ အိမ်ထောင်စုများက မြို့ပြ အိမ်ထောင်စုများထက် အချိုးအားဖြင့် သာလွန်နေပါသည် (၃၈% နှင့် ၁၅% )။[၁၉] ကျေးလက်နေ အိမ်ထောင်စုများ၏ ၆၂% နှင့် နှိုင်းယှဉ်လျှင် မြို့ပြအိမ်ထောင်စုများ၏ ၈၅% သည် ပိုမိုကောင်းမွန်သည့် ရင်းမြစ်များမှ သောက်ရေကို ရရှိကြပါသည်။[၂၀]

မွန်ပြည်နယ်ကဲ့သို့ပင် ကရင်ပြည်နယ်တွင် စပါးနှင့် ငွေပေါ်သီးနှံကို အဓိက စိုက်ပျိုးကြပါသည်။ စိုက်ပျိုးဆဲ မြေဧက အမြောက်အများဖြင့် ရာဘာနှင့် ကြံစိုက်ပျိုးရေးလုပ်ငန်းများလည်း မကြာသေးမီကာလများအတွင်း ကျယ်ပြန့်လာပါသည်။ တိရိစ္ဆာန်များ မွေးမြူခြင်းသည် အရေးပါသည့် ပုံမှန်ဝင်ငွေရင်းမြစ်တစ်ခု ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသည် ပြည်နယ်၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရှိနေဆဲဖြစ်ပြီး၊ အသေးစား စီးပွားရေးလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေး၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည့်အတွက် ပြည်တွင်းနှင့် ထိုင်း၊ မလေးရှား စသည့် ပြည်ပနိုင်ငံများသို့ အလုပ်သွား ရောက်လုပ်ကိုင်ခြင်းတို့သည် အခြားသော ဝင်ငွေရနိုင်သည့် အခွင့်အလမ်းများ ဖြစ်ပါသည်။ စာတတ်မြောက်မှုနှင့် လုပ်သား အင်အား ပါဝင်မှုနှုန်း (၁၅ နှစ်မှ ၁၆ နှစ် ကြား)တွင် ကရင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် အနိမ့်ဆုံးဖြစ်၍ ၇၄% [၂၁] နှင့် ၆၀.၇% [၂၂] အသီးသီးရှိပြီး အလုပ်လက်မဲ့နှုန်း (၁၅ နှစ်မှ ၆၄ နှစ်ကြား) သည် ၇.၅% ထိ မြင့်မား[၂၃] သည်ကို တွေ့ရပါသည်။

---

[၁၃] မွန်ပြည်နယ်သည် အနောက်ဘက်တွင် အန်ဒမန်ပင်လယ်၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ မြောက်ဘက်တွင် ပဲခူးတိုင်းနှင့် တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ကရင်ပြည်နယ်တွင် ထိုင်းနှင့် မြန်မာ နယ်စပ်တစ်လျှောက်တွင် သွယ်တန်းနေသည့် ရှည်လျားသည့် တောင်တန်းဒေသရှိပါသည်။ မြောက်ဖက်အဖျားတွင် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တို့နှင့်လည်း နယ်နိမိတ် ထိစပ်နေပြီး၊ အရှေ့မြောက်ဘက်တွင် ကယားပြည်နယ်နှင့် ထိစပ်နေပါသည်။ အနောက်ဘက်တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။

[၁၄] မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၅၊ စာ – ၂

[၁၅] Ibid ၊ စာ – ၅

[၁၆] UNHCR ၂၀၁၄၊ စာ – ၁

[၁၇] UNHCR ၂၀၁၄(က)၊ စာ – ၃၊ UNHCR ၂၀၁၄၊ စာ – ၃

[၁၈] ငွေပေါ်သီးနှံများတွင် ပြောင်း၊ မြေပဲ၊ နေကြာ၊ သီဟိုဠ်စေ့၊ ကြံ၊ ကော်ဖီ၊ ဖာလာ၊ အုန်း၊ ဆီအုန်းနှင့် ကိုကိုးတို့ပါဝင်ပါသည်။ UNHCR ၂၀၁၄၊ စာ – ၇

[၁၉] ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်း၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ၂၀၁၅ ခုနှစ်၊ စာ – ၂၄၁ – ၂၄၂ မှ ကိုးကားတွက်ချက်ထားပါသည်။

[၂၀] ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်း၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၁၅၊ စာ – ၂၄၄ မှကိုးကားတွက်ချက်ထားပါသည်။

[၂၁] မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၁၅၊ စာ – ၂၅

[၂၂] Ibid ၊စာ – ၂၉

[၂၃] Ibid

မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ယဉ်ကျေးမှုထွန်းကားရာ ဒေသတစ်ခု ဖြစ်ပါသည်။ ဗမာ အပါ အဝင် တိုင်းရင်းသားလူမျိုးစုအသစ်များ မြောက်ဘက်မှ ဝင်ရောက်လာသည့်အတွက် မွန်ဘုရင်နိုင်ငံများသည် အာဏာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရပါသည်။ ဗမာလူမျိုးများ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ၁၇၅၇ ခုနှစ် တွင် မွန်၏ နောက်ဆုံးဘုရင် ထီးနန်းစွန့်ခဲ့ရပါသည်။[၂၄] လက်ရှိ လက်နက်ကိုင် ပဋိပက္ခများသည် ၁၉၄၀ ပြည့်နှစ်များကတည်း က စတင်ခဲ့ပြီး ဗြိတိသျှလက်အောက်မှ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရခဲ့ပါသည်။ တောင်တန်းဒေသများ[၂၅] အတွက် ကိုယ် ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကတိကဝတ်များ ပါဝင်သည့် ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်တွင် ၄င်းတို့ အား တမင်တကာ ချန်လှပ်ထားခဲ့သည်ဟု မွန်လူမျိုးတို့က ယူဆခဲ့ကြပါသည်။ သို့ဖြစ်၍ ၁၉၄၈ ခုနှစ်တွင် မွန်ပြည်သူ့တပ်ဦး က လက်နက်ကိုင်တော်လှန်ရေး စတင်ဆင်နွှဲခဲ့ပါသည်။ သို့ရာတွင် နောက်ဆုံး၌ အစိုးရက မွန်လူမျိုးများအား ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်[၂၆] ပေးမည်ဆိုသည့် ကတိကဝတ်ဖြင့် လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်ခဲ့ပါသည်။ ဤကတိကဝတ်အတိုင်း ဖြည့်ဆည်း ပေးလိမ့်မည်ဟု မယုံကြည်ကြသူများက ၁၉၅၈ ခုနှစ်တွင် သီးခြားခွဲထွက်၍ ယနေ့အထိ မွန်ပြည်နယ်တွင် အဓိက တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့အဖြစ် ဆက်လက်တည်ရှိနေသည့် မွန်ပြည်သစ်ပါတီ (NNSP) ကို ဖွဲ့စည်းခဲ့ကြပါသည်။ ၁၉၇၁ ခုနှစ်တွင် မွန်ပြည်သစ်ပါတီက လက်နက် ကိုင်တိုက်ပွဲအတွက် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ဟု ခေါ်သည့် စစ်ရေးတောင်ပံကို ထပ်မံဖွဲ့စည်းခဲ့ပါသည်။ မွန်ပြည်သစ်ပါတီ၊ မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် အစိုးရတပ်မတော် ကြား တိုက်ပွဲများကြောင့် မွန်ဒေသခံကျေးရွာများမှတစ်ဆင့် လက်နက်ကိုင်အဖွဲ့များသို့ ပေးနေသည် ဟု ယူဆသည့် ထောက်ပံ့ ရေးလမ်းကြောင်းများ (သတင်း၊ လူသစ်စုဆောင်းခြင်း၊ ရိက္ခာနှင့် ရန်ပုံငွေ) ကို ဖြတ်တောက်သည့် အစိုးရ၏ ဖြတ် ၄ ဖြတ် မဟာဗျူဟာ[၂၇] အပါအဝင် အကျိုးဆက်များအား ဒေသတွင်းရှိ ရပ်ရွာများ၊ ဒေသခံများ ဆိုးဆိုးရွားရွား ခံစားခဲ့ကြရပါသည်။ ရလဒ်အ – ဖြစ် တိုင်းရင်းသား ကျေးရွာများရာ ပေါင်းများစွာ နေရာရွှေ့ပြောင်းခဲ့ရပါသည်။ အဓမ္မလုပ်အား စေခိုင်းခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်းများနှင့် ပစ္စည်းဥစ္စာများ အဓမ္မသိမ်းယူခြင်းတို့ကို တပ်မတော်က ကျူးလွန်ခဲ့သည်ဟု အစီရင်ခံစာများတွင် ဖော်ပြပါ သည်။ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သူ နှစ်ဖက်စလုံးမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ နှင့် အခြား အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ကြပါသည်။ ဆက်ဖြစ်နေသည့် အကြမ်းဖက်မှုများက ထိုင်း – မြန်မာ နယ်စပ်တွင် ဟောလိုချန်နီး၊ ဘီးရီးနှင့် ထားဝယ် အမည်ရှိ တိုင်းရင်းသားလူမျိုးစု အရပ်သားဒုက္ခသည်စခန်း အဓိက ၃ ခုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် မွန်ပြည်သစ်ပါတီက အစိုးရနှင့် အပစ်အခတ် ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် အစိုးရက မွန်ပြည်သစ်ပါတီအား နယ်ခြား စောင့်တပ်အဖြစ် အသွင်ပြောင်းရန် ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ပြီးနောက်[၂၈] အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားခဲ့ရပါသည်။

နှစ်ပေါင်းများစွာ ရှေးဗမာမင်းဆက်များက ကရင်ဒေသအား ဗမာဘုရင်၏ နယ်မြေအဖြစ် ထည့်သွင်းအုပ်ချုပ်ခဲ့ကြပါ သည်။ ၁၈၀၀ ပြည့်နှစ်ကာလများတွင် အင်္ဂလိပ် – မြန်မာ စစ်ပွဲ ၃ ကြိမ်ပြီးနောက်၊ မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် ဖြစ်သည့် ကုန်းဘောင်မင်းဆက်ကို ဗြိတိသျှတို့က နန်းချခဲ့ပြီး၊ ကရင်ဒေသသည် ဗြိတိသျှအုပ်ချုပ်မှုအောက်သို့ ကိုလိုနီအဖြစ် ရောက်သွားခဲ့ပါသည်။ ၁၉၄၇ ခုနှစ် မြန်မာ့လွတ်လပ်ရေး လမ်းစမြင်ရသည့် အချိန်တွင် ကရင်တိုင်းရင်းသား ခေါင်းဆောင် များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လွတ်လပ်သော ကရင်ပြည်နယ်ထူထောင်ရေး လှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့ပါသည်။ ကရင် ပြည်နယ်တွင် ပြင်းထန်သည့် အမျိုးသားရေးဝါဒနှင့် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ဗမာတို့ လွှမ်းမိုးထားသည့်အပေါ် မကျေနပ်ချက်များ၏ ရလဒ်အဖြစ် ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကရင်အမျိုးသားအစည်းအရုံးက ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့ပြီး လွတ်လပ်သော ကော်သူးလေပြည်နယ်အဖြစ် ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖြစ်စေ[၂၉] ၄င်းတို့၏ အနာဂတ် ကို ၄င်းတို့ဘာသာ ဆုံးဖြတ်ပိုင်ခွင့်ကို တောင်းဆိုခဲ့ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုချက်ကို ၁၉၄၉ ခုနှစ်အထိ လိုက်လျောဖြည့်ဆည်း ပေးခြင်း မရှိသည့်နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)[၃၀] ကို စစ်ရေးတောင်ပံအဖြစ် ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ပြီးစ ဗဟိုအစိုးရအား လက်နက်ကိုင်တော်လှန်ခဲ့ပါသည်။ အကွဲအပြဲ သမိုင်း ကြောင်းများနှင့် ကရင်ပြည်နယ်အတွင်း တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အများအပြား ရှိနေသော် လည်း[၃၁] ကရင်အမျိုးသားအစည်းအရုံးသည် ကရင်ပြည်သူများအတွက် အရေးပါသော နိုင်ငံရေးအင်အားစုအဖြစ် ရပ်တည်နေ ဆဲ ဖြစ်ပါသည်။ ကရင်အမျိုးသားအစည်းအရုံးနှင့် အပစ်အခတ် ရပ်စဲရေးအတွက် တိုးတိုးတိတ်တိတ် ဆွေးနွေးမှုများ ၁၉၈၉ ခုနှစ်ကတည်းက စတင်ခဲ့ပါသည်။[၃၂]

---

[၂၄] မွန်ဒေသလူ့အခွင့်အရေးဖောင်ဒေးရှင်း၊ ၂၀၁၂

[၂၅] ၁၉၄၇ ခုနှစ်၊ ပင်လုံစာချုပ်တွင် တိုင်းရင်းသားဒေသများအား တောင်တန်းဒေသများဟု ရည်ညွှန်းထားပါသည်။

[၂၆] လွတ်လပ်သော မွန်သတင်းဌာန၊ ၂၀၁၃

[၂၇] ဦးနေဦး၊ ၁၉၉၆

[၂၈] UNHCR ၊ ၂၀၁၄၊ စာ – ၆

[၂၉] UCPD n.d

[၃၀] အကွဲအပြဲသမိုင်းကြောင်းများနှင့် ကရင်ပြည်နယ်အတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများအပြား ရှိနေသော်လည်း ဒီမို ကရက်တစ် ဗုဒ္ဓဘာသာ ကရင်တပ်မတော်၊ ယခု ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်) အတိုကောက်အားဖြင့် နှစ်ခုစလုံး DKBA ဖြစ်သည်)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNIA/PC) ၊ တပ်မဟာ ၅ နှင့် အခြား အဖွဲ့များ ရှိကြပြီး၊ တစ်ဖွဲ့ချင်းစီတွင် အစိုးရနှင့် သီးခြားပြဿနာများ ရှိကြသည်) ကရင်အမျိုးသားအစည်းအရုံးသည် ကရင်ပြည်သူများအတွက် အရေးပါသော နိုင်ငံရေးအင်အားစုအဖြစ် ရပ်တည်နေဆဲ ဖြစ်ပါသည်။ UCPD n.d

[၃၁] ၄င်းတို့တွင် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNLA/PC)၊ တပ်မဟာ ၅ နှင့်အခြားအဖွဲ့များပါဝင်ပါသည်။

[၃၂] UNHCR ၂၀၁၄ ၊ စာ – ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အလုံးစုံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တစိတ်တစ်ပိုင်းအဖြစ် ပြည်နယ်စောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် အသစ်ပြန်လည် လက်မှတ်ရေးထိုးခဲ့ပါ သည်။ ကရင်အမျိုးသား အစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီ နှစ်ဖွဲ့စလုံးသည် အစိုးရနှင့် နှစ်ဦးသဘောတူ အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၄ ဖွဲ့တွင် ပါဝင်ကြပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)[၃၃] က ၂၀၁၁ ခုနှစ် – တွင် အစိုးရနှင့် အပစ်အခတ် ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ မွန်ပြည်သစ်ပါတီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်တို့သည် အဖွဲ့ပေါင်း ၁၆ ဖွဲ့ပါဝင်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(NCCT)[၃၄] တွင် ပါဝင်ပါသည်။

မွန်နှင့်ကရင်ပြည်နယ် ၂ ခုစလုံးမှ ဒေသခံပြည်သူများက နှစ်ဦးသဘောတူ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည့်အချိန်မှ စ၍ ၎င်းတို့၏ ရပ်ရွာဒေသများတွင် အရေးပါသော တိုးတက်ပြောင်းလဲမှုများ ရှိလာသည်ဟု ဆိုကြပါသည်။ ၎င်းတို့မှာ ပို၍လုံခြုံမှုရှိလာခြင်း၊ ပို၍ လွတ်လွတ်လပ်လပ် သွားလာနိုင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ် ခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ လျော့နည်းလာခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုကောင်းမွန်လာ ခြင်းတို့ ဖြစ်ပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေး ဖြစ်စဉ်များ ရေရှည်တည်တံ့နိုင်မှုအပေါ် အချို့က သံသယရှိနေကြဆဲ ဖြစ်ပါ သည်။




[၃၃] ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ တပ်ဖွဲ့ဝင်အများစုသည် ၁၉၉၄ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ခွဲထွက်ခဲ့ကြသူများ ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် မြန်မာ့တပ်မတော် လက်အောက်ခံ နယ်ခြားစောင့်တပ်အဖြစ် ရပ်တည်ရန် အစိုးရနှင့် သဘောတူခဲ့ပါသည်။
[၃၄] ဥရောပ – မြန်မာရုံး ၂၀၁၃

## အခန်း (၃)
## ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများတွင် မွန်နှင့်ကရင်ပြည်နယ်တို့မှ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် နေရာ

မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးများသည် အခန်းကဏ္ဍများစွာတွင် ပါဝင်ကြပြီး လက်နက်ကိုင်ပဋိပက္ခနှင့် လူမှု – စီးပွား အပြောင်းအလဲများသည် ၎င်းတို့၏ အရေအတွက်နှင့် ရှုပ်ထွေးမှုကိုသာ ပိုမိုမြင့်လားလာစေခဲ့ပါသည်။ သို့ရာတွင် အမျိုးသမီးများအား အဓိကအားဖြင့် "မီးဖိုချောင်နှင့် မိသားစု" တာဝန်ကို ယူရသော[၃၅] အိမ်ရှင်မများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားကြပါသည်။ လယ်ယာလုပ်ငန်း၊ စိုက်ခင်းများ စသည့် အများပြည်သူနှင့် ထိတွေ့ရသည့် နယ်ပယ်ကို လွှမ်းမိုး ထားသည့် အမျိုးသားများအား အဓိကဝင်ငွေရှာဖွေပေးသူများဟု ယူဆထားကြပါသည်။ ဤအနေအထားက အိမ်ထောင် စု အတွင်း ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ကို သက်ရောက်စေပြီး အမျိုးသားသည် မိသားစု၏ စားဝတ်နေရေးအတွက် အဓိကတာဝန် ရှိသူ၊ ဆုံးဖြတ်ချက်ချမှတ်သူအဖြစ် တာဝန်ယူထားပါသည်။[၃၆] တစ်ဖက်တွင် ခင်ပွန်းသည်အား အထက်စီးအနေအထား ပေးထားပြီး အမျိုးသမီးများသည် ၎င်းတို့၏ ခင်ပွန်း အပေါ် လေးစား၊ နာခံရမည်ဟု ယူဆကြပါ သည်။ ဥပမာ – လေးစားမှုကို ပြသသည့်အနေဖြင့် မွန်အမျိုးသမီးတစ်ဦးသည် ခင်ပွန်းသည် ပြန်လာသည်အထိ စောင့်ပြီးမှ ညစာ စားရပါသည်။[၃၇]

ကျား၊ မ ရေးရာ ပုံသေကားကျ အယူအဆများနှင့် ပြည်နယ် ၂ ခုစလုံးတွင် (မွန်ပြည်နယ်က အနည်းငယ် ပို၍ ဖွံ့ဖြိုး တိုးတက်သော်လည်း) လူမှု – စီးပွားဖွံ့ဖြိုးမှု နိမ့်ကျသည့် အခြေအနေတို့ ပေါင်းစပ်လိုက်သည့်အခါ လူမှု – စီးပွားဘဝနှင့် နိုင်ငံရေး တွင် အမျိုးသားများထက် အမျိုးသမီးများက ပို၍ ဘေးဖယ်ခံထားကြရပါသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်သည် မြန်မာ နိုင်ငံတွင် စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးဖြစ်၍ အမျိုးသားများတွင် ၇၄% မှ ၇၈.၄% နှင့် အမျိုးသမီးများတွင် ၇၀.၉% ဖြစ်ပါသည်။ မွန်ပြည်နယ်တွင် စာတတ်မြောက်မှုနှုန်း ပိုမိုမြင့်မား၍ အမျိုးသားများတွင် ၈၆.၆% မှ ၈၉.၅% နှင့် အမျိုးသမီးများတွင် ၈၄.၂% ဖြစ်ပါသည်။[၃၈] မွန်ပြည်နယ်တွင် လုပ်သားအင်အား ပါဝင်မှုနှုန်း (၁၅ နှစ်မှ ၆၄ နှစ်ကြား) ၆၁.၀% ရှိ၍ အမျိုးသား ၈၁.၂% နှင့် အမျိုးသမီး ၄၃.၀% ရှိပြီး၊ ကရင်ပြည်နယ်တွင် ၆၀.၇%၊ အမျိုးသား ၈၁.၄% နှင့် အမျိုးသမီး ၄၁.၂% /ရှိပါသည်။ (၁၅ မှ ၆၄ နှစ်ကြား) အလုပ်လက်မဲ့နှုန်းသည် ပြည်နယ် ၂ ခုစလုံးတွင် မြင့်မား၍ မွန်ပြည်နယ်တွင် ၆.၂% (အမျိုးသား ၆.၁%၊ အမျိုးသမီး ၆.၄%) ရှိပြီး ကရင်ပြည်နယ်တွင် အလုပ်လက်မဲ့နှုန်း (၁၅ မှ ၆၄ နှစ်ကြား) သည် ပိုမိုမြင့်မား၍ ၇.၅% (အမျိုးသား ၇.၈%၊ အမျိုးသမီး ၇.၁%) ရှိပါသည်။[၃၉] ကျား၊ မ ရေးရာသည် အသက် အရွယ်၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ နေထိုင်ရာဒေသ၊ မိသားစုများ၏ လူမှု – စီးပွားနှင့် နိုင်ငံရေးနောက်ခံတို့နှင့်လည်း ဆက်စပ်နေပြီး လူမှု – စီးပွားဘဝနယ်ပယ်တွင် အမျိုးသမီးများ၏ အနေအထားနှင့် အဆင့်အတန်းကို ပို၍ အသေးစိတ်ကျကျ ဆုံးဖြတ် သတ်မှတ်ပေးပါသည်။

> *"သူတို့က မိန်းမတွေကို အိမ်မှာ ထမင်းချက်လောက်ပဲ သဘောထားတယ်။ မိန်းမတွေကို နေရာမပေးချင်ကြဘူး။ ကျွန်မ စကားပြောရင် လူကြီးမို့လို ပြောခွင့် ရတာ။ အရင်တုန်းကဆို ဘယ်နေရာမှာမှ စကားပြောခွင့် မရခဲ့ဘူး။ ဘာသာရေး မှာလည်း ဒီလိုပဲ၊ အမျိုးသမီးတွေက နောက်ကနေရတယ်။ ဒါက မြန်မာ့ရိုးရာ ဓလေ့ပောင်းတွေကို ဆက်ထိန်းသိမ်းထားလို့ ဖြစ်နေတာ။"*
>
> *(တွေ့ဆုံမေးမြန်းမှု၊ ဘားအံမြို့ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)*

အမျိုးသမီးများအား အိမ်မှုကိစ္စများတွင်သာ နိမ့်ချသတ်မှတ်ထားသော်လည်း ပြည်နယ် နှစ်ခုစလုံးတွင် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ ၎င်းတို့၏ သီးခြားပါဝင်ကူညီမှုများ ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အဓိက အသက်မွေးကျောင်းအဖြစ် ၎င်းအပေါ်ပြည်နယ်များအနေဖြင့် အားကိုးအားထားပြုနေရသည်ကို ဂရုမပြု၍ မရနိုင်ပါ။ ပြည်နယ် နှစ်ခုစလုံးတွင် အမျိုးသမီးများသည် လယ်ယာကဏ္ဍ လုပ်သားအင်အား၏ ထက်ဝက်နီးပါးကို ကိုယ်စားပြုထား ပါသည်။ သို့ရာတွင် ကျား၊ မ အခန်းကဏ္ဍဆိုင်ရာ ပုံသေကားကျ အယူအဆများက အမျိုးသား၊ အမျိုးသမီးတို့၏ လုပ်ငန်း သဘာဝ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု သဘာဝ၊ မည်သူက ပိုင်ဆိုင်သည်နှင့် အကျိုးကျေးဇူးခံစားခွင့်တို့ကို ကျောထောက်နောက်ခံပြု ထားပါသည်။ ပိုင်ဆိုင်မှုဖြစ်စေ၊ လုပ်ပိုင်ခွင့်ဖြစ်စေ၊ မြေယာပိုင်ဆိုင်မှုသည် အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး အမည်ပေါက် ပူးတွဲ ပိုင်ဆိုင်သည်က အလွန်ရှားပါးသည်၊ သို့မဟုတ် အမျိုးသမီးတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်မှု မရှိသလောက် ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးအပေါ် အဓိက အားထားရသည့် မြန်မာနိုင်ငံတွင် အခြားဒေသ အများအပြားတွင် ကဲ့သို့ပင် အမျိုးသားများအား လယ်ထွန်ခြင်း၊ ကျွဲ၊ နွားများ အများအပြား မွေးမြူခြင်း စသည့် ခက်ခဲပင်ပန်းသော လယ်ယာလုပ်ငန်းများ ကို လုပ်ကိုင်ရန် သတ်မှတ်ထားကြပြီး အမျိုးသမီးများသည် ဝက်၊ ကြက်စသည့် တစ်နိုင်တစ်ပိုင် မွေးမြူရေးကဲ့သို့ ဝန်ပေါ့သော လုပ်ငန်းများ[၄၀] ကို လုပ်ကိုင်ရန် လူမှုအသိုင်းအဝိုင်းက မျှော်လင့်ကြပါသည်။ အမျိုးသမီးများသည် မိသားစုအား အဓိကပြုစု စောင့်ရှောက်သူများအဖြစ်[၄၁] ရှုပ်ထွေးများပြားသည့် တာဝန်များအပြင် မီးဖိုချောင်ကိစ္စ၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ ချက်ရေး ပြုတ်ရေး၊ ထင်းခွေ၊ ရေခပ်နှင့် အသေးစား ရောင်းဝယ်ဖောက်ကားမှု စသည်တို့အားလုံးကို စီမံခန့်ခွဲကြရပါသည်။ ကရင်ပြည်နယ် တွင် ကျား၊ မ အလုပ် ခွဲခြားလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ပျော့ပျောင်းသည့် သဘောထားရှိပြီး၊ အချို့ အိမ်ထောင်စုများတွင် အမျိုးသားများက အိမ်မှုကိစ္စများနှင့် ကလေးထိန်းခြင်းတို့တွင် ဝိုင်းကူညီကြသည်[၄၂] ကို တွေ့ရပါသည်။ အိမ်ထောင်သည်နှင့် အိမ်ထောင်

---

[၃၅] အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ စီမံချက် (WCRP) ၂၀၀၉၊ စာ – ၁၉

[၃၆] Ibid စာ – ၁၉

[၃၇] CPCS ၂၀၁၀၊ စာ – ၂၈၆

[၃၈] မြန်မာနိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၁၅၊ စာ – ၂၄

[၃၉] Ibid စာ – ၂၉

[၄၀] စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ၂၀၁၁

[၄၁] Ibid

မရှိသော အမျိုးသမီးများသည် မိသားစုဝင်ငွေ ပိုရစေရန်[၄၃] ယခင်ကထက်ပို၍ အပြင်ထွက် အလုပ်လုပ်ကြပါသည်။ မိသားစုအတွက် အပိုဝင်ငွေရရှိရေး လို – အပ်ချက်ကြောင့် ၎င်းတို့၏ မြို့ရွာဒေသများတွင် အလုပ် အကိုင် အခွင့်အလမ်း မရှိသည့်အခါ အမျိုးသမီး အများအပြားသည် အိမ်နီးချင်းနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်ကြ ရပါသည်။[၄၄]

မွန်နှင့် ကရင်အမျိုးသမီးများအနေဖြင့် ရပ်ရေးရွာရေး ကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း အများအားဖြင့် လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကို စောင့်ထိန်းရေးစသည့် အမျိုးသမီးများနှင့် ဆိုင်သည်ဟု အစဉ် အလာအရ သတ်မှတ်ထားသည့် နယ်ပယ်များတွင်သာ ဖြစ်သည်ကို တွေ့ရပါသည်။ ခရစ်ယာန်အမျိုးသမီးများက အသင်းတော် အထောက်အကူပြုအဖွဲ့များတွင် ဦးဆောင်သည့် အခန်းကဏ္ဍများမှ ပါဝင်ကြပြီး၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများက ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်တို့တွင် ဆွမ်း၊ ကွမ်းကပ်လှူရေးတို့ကို တာဝန်ယူ ဆောင်ရွက်ကြပါသည်။ သို့ရာတွင် ရပ်ရွာ ခေါင်းဆောင်အဖြစ် အမျိုးသမီးများအား အလွန်တွေ့ရခဲပါသည်။ ကျေးရွာအကြီးအကဲ ရာထူးကို အစဉ်အလာအားဖြင့် အမျိုးသားများက လွှမ်းမိုးထားသည့် ရလဒ်အဖြစ် ဤရာထူးကို အမျိုးသားများက ရယူထားကြပါသည်။[၄၅] ထိုနည်းတူပင် ဘာသာရေးခေါင်းဆောင် ရာထူးများတွင်လည်း အမျိုးသမီးများအား ချန်လှပ်ထားကြပါသည်။[၄၆]

မွန်နှင့် ကရင်ပြည်နယ်မှ အမျိုးသမီးများသည် ပဋိပက္ခကာလများအတွင်း ချက်ပြုတ်ခြင်း၊ သန့်ရှင်းခြင်း၊ သားသမီး များ၊ မိသားစုနှင့် ပဋိပက္ခဒဏ်ကို ခံရသည့် ရပ်ရွာဒေသများမှ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများအား ပြုစု စောင့်ရှောက်ခြင်း စသည့် အစဉ်အလာတာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ကြပါသည်။ သို့ရာတွင် ပဋိပက္ခများက ပြည်နယ် ၂ ခုစလုံးမှ အမျိုးသမီးများအား အစဉ်အလာမဟုတ်သည့် အခန်းကဏ္ဍများ၊ ဥပမာ – အမျိုးသမီး တပ်ဖွဲ့ဝင်များအဖြစ်လည်း တွန်းပို့ခဲ့ပါသည်။ အမျိုးသမီးများသည် နီးနီးကြားကြားနေရန် သတိပေးခြင်း၊ သို့မဟုတ် သတင်းစကား သယ်ယူပေးခြင်းတို့ဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလည်း တက်တက်ကြွကြွ ထောက်ခံကူညီခဲ့သူများ ဖြစ်ပါသည်။ ကရင် ပြည်နယ်မှ ပါဝင်ဖြေဆိုသူ အမျိုး သမီးများ၏ အဆိုအရ ကရင်အမျိုးသားအစည်းအရုံးနှင့် တပ်မတော်အကြား ဆက်သွယ် ညှိနှိုင်းရန်နှင့် သတင်းအချက်အလက် ဖလှယ်ရန် ကျေးရွာလူကြီး များက အမျိုးသမီးများအား ဆက်သားများ၊ ကျေးရွာ ကိုယ်စားလှယ်များအဖြစ် စေလွှတ်လေ့ရှိကြောင်း သိရှိရပါသည်။

> *"သူတို့က အမျိုးသားတွေကို မလွှတ်ဘူး၊ အမျိုးသားတွေကို လွှတ်ရင် ဟိုဘက်က ဖြစ်စေ၊ ဒီဘက်ကဖြစ်စေ ဖမ်းပြီး သတ်ပစ်မှာစိုးလို့။ ကိုယ့်ယောကျ်ားတွေ အဲဒီလို အသတ်မခံရအောင် ဆိုပြီး မိန်းမတွေက ဒီအလုပ်ကို လိုလိုလားလား လုပ်ချင်ကြတယ်။"*
>
> *(တွေ့ဆုံမေးမြန်းမှု၊ ဘားအံမြို့ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)*

ဆက်သား ရှုံးထိုင်သည့်နေရာတွင် စောင့်ဆိုင်းနေရစဉ်အတွင်း လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှု အန္တရာယ်ကို စိုးရိမ်ကြောက်ရွံ့မှုရှိသော်လည်း အမျိုးသားများလောက် အန္တရာယ်မရှိသဖြင့် ထိုနေရာသို့ အမျိုးသမီးများကိုသာ စေလွှတ်လေ့ ရှိပြီး၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ကြရသည်[၄၇] ဟုလည်း ပါဝင်ဖြေဆိုသူများက ထပ်မံပြောပြကြပါသည်။

အမျိုးသားများ ရွာမှ ထွက်ပြေးသည့်အခါ၊ အခြားတစ်နေရာတွင် အလုပ်သွားလုပ်သည့်အခါ၊ လက်နက်ကိုင် တိုက်ပွဲ များတွင် ကိုယ်တိုင် ပါဝင်ရသည့်အခါ သို့မဟုတ် တိုက်ပွဲကျသည့်အခါ သို့မဟုတ် တိုက်ပွဲဒဏ်ရာကြောင့် မသန်စွမ်းဘဝ ရောက်သည့်အခါတို့တွင် အမျိုးသမီးများက အိမ်ထောင်ဦးစီးများ ဖြစ်လာကြပါသည်။ ရပ်ရွာခေါင်းဆောင်များအဖြစ် တာဝန် ယူကြရပြီး ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ သို့မဟုတ် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် ဦးဆောင်မှု သို့မဟုတ် ကူညီ ပေးသည့် ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ကြသည့်အပြင် အချို့သော ကိစ္စရပ်များတွင် ကျေးရွာအကြီးအကဲသဖွယ် ဆောင်ရွက်ရသည်လည်း ရှိပါသည်။ အချို့သော မွန်နှင့် ကရင်အမျိုးသမီးများသည် လက်ရှိနိုင်ငံရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုများနှင့် ဖြစ်စဉ်များတွင်လည်း ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။[၄၈]

အမျိုးသမီးများအနေဖြင့် အစဉ်အလာတာဝန် မဟုတ်သည့် ပဋိပက္ခနှင့် အခြား အကျပ်အတည်း အခြေအနေများ တွင် ကျရာအခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်နေကြသော်လည်း၊ ရိုးရာဓလေ့ ကျား၊ မ ရေးရာ ပုံသေကားကျ အယူအဆများ ကြောင့် အဆိုပါ အခန်းကဏ္ဍများအား တန်ဖိုးမထားကြသည် ကို တွေ့ရပါသည်။ ခက်ခဲသည့် အခြေအနေများတွင်ပင် မိသားစု အား ပြုစုစောင့်ရှောက်သည့် လုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင်နေရဆဲဖြစ်ပြီး ကျား၊ မ ဆက်ဆံရေးသည် အများ အားဖြင့် မပြောင်းမလဲ ရှိနေဆဲ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဆိုပါ အခန်းကဏ္ဍ အသစ်များအား အကျပ်အတည်း အခြေ

---

[၄၂] မွန်ပြည်နယ်မှ အချို့အမျိုးသမီးများသည် မြန်မာ – ထိုင်းနယ်စပ်ကိုဖြတ်၍ ကုန်စည်သယ်ယူပို့ဆောင်ရာတွင်လည်း ပါဝင်လုပ်ကိုင်ကြပါသည်။ သို့ရာတွင် စီးပွားရေး၌ အမျိုးသမီးများပါဝင်မှုမှာ ယေဘုယျအားဖြင့် နည်းပါသည်။ ဤသည်မှာ မွန်လူ့အဖွဲ့အစည်းအတွင်း ပုံသေကားကျ အယူအဆများကြောင့် ""အလုပ်လုပ်သော အမျိုးသမီးများ"" အပေါ် အဆိုးမြင်သည့် ဂယက်များ ပိုမိုများလာခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဤသည်တို့က အမျိုးသမီးများ စီးပွားရေးတွင် ပါဝင်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေပြီး ပုံသေကားကျ အယူအဆများအား အမျိုးသမီး များ လက်ခံလာစေရန် နောက်ထပ် တွန်းအားပေးခြင်း ဖြစ်ပါသည်။

[၄၃] အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများစီမံချက် ၂၀၀၉၊ စာ – ၁၉ – ၂၀

[၄၄] အဆိုပါအမျိုးသမီး အများအပြားသည် ထိုင်းနိုင်ငံရှိ ငါးဖမ်းလုပ်ငန်း၊ လယ်ယာလုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ စသည့် အကာအကွယ်မဲ့သော သမားရိုးကျမဟုတ်သော ကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ (အမျိုးသမီးနှင့် ကလေးသူငယ် အခွင့် အရေးများ စီမံချက် (WCRP)၊ ၂၀၀၉၊ စာ – ၁၉ – ၂၀)

[၄၅] Ibid

[၄၆] Ibid

[၄၇] တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

[၄၈] အဆိုပါ အခန်းကဏ္ဍများကို အခန်း ၅ နှင့် ၆ တွင် အသေးစိတ်ထပ်မံဖော်ပြပါမည်။

အနေတွင်သာ ပါဝင်ရသည်ဟု ထင်မှတ်ကြပြီး၊ အမျိုးသမီးများအား "ပုံမှန် မြင်နေတွေ့နေကျ ပုံသဏ္ဍာန်သည် မိသားစုဘဝနယ်ပယ်တွင်သာဖြစ်ပြီး အမျိုးသားများသည် အများနှင့် ထိတွေ့ဆက်ဆံရန် ဖြစ်သည်" ဆိုသည့် အယူအဆက ကျယ်ကျယ်ပြန့်ပြန့်ရှိနေဆဲ ဖြစ်ပါသည်။ ခွဲခြားဆက်ဆံသည့် ပုံသေကားကျ အယူအဆများအား အစကတည်းက တွန်းတွန်း တိုက်တိုက် စိန်ခေါ်ခြင်းနှင့် အပြောင်းအလဲများ ရေရှည်တည်တံ့စေရန်နှင့် ရေးရိုးစွဲ ကျား၊ မ ဆက်ဆံရေးများကို အသွင် ပြောင်းရန် ဖွဲ့မလျှော့ဘဲ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းအားထုတ်မှုများဖြင့် မရပ်တန့်နိုင်ခဲ့လျှင် အစဉ်အလာအရ၊ ဓလေ့ထုံးတမ်း အရဖြစ်သည့် အခန်းကဏ္ဍများဆီသို့ နောက်ကြောင်းပြန်လှည့်သွားနိုင်ပါသည်။

အမျိုးသားဗဟိုပြုအဖွဲ့အစည်းတစ်ခုတွင် အမျိုးသားများနှင့် တန်းတူ မွန်နှင့် ကရင်အမျိုးသမီးများ တာဝန်ယူရသည့် အစဉ်အလာအရ မဟုတ်သော အမျိုးသမီးတပ်ဖွဲ့ဝင်များ ဆိုသည့် အခန်းကဏ္ဍသည် အထက်ပါကိစ္စနှင့် စပ်လျဉ်းသည့် သာဓကဖြစ်ပါသည်။ မွန်ပြည်နယ်မှ အမျိုးသမီးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် အမျိုးသားစစ်သည်များနှင့် တန်းတူ စစ်သင်တန်းတက်ရသော်လည်း ၎င်းတို့ကို အမျိုးသမီးနှင့်ဆိုင်သည့်နယ်ပယ်များတွင်သာ လုပ်ကိုင်ရသည့် အမျိုးသမီး တပ်စုတွင် သီးခြားခွဲထားသည်ဟု သိရှိရပါသည်။ "အမျိုးသမီးတပ်ဖွဲ့ဝင်" ဆိုသည့် ဝေါဟာရက မှားယွင်းစွာ မှည့်ခေါ်ထားခြင်းဖြစ်နေပါသည်။ အမျိုးသမီးတပ်ဖွဲ့တွင် ၎င်းတို့၏ အခန်းကဏ္ဍက ၎င်းတို့အား ပဋိပက္ခဒဏ်ကို ခံကြရသည့် ရပ်ရွာဒေသများမှ အမျိုးသမီးများနှင့် သီးခြားဖြစ်သွားစေသော်လည်း အမျိုးသမီးတပ်ဖွဲ့ဝင်များသည် ရှေ့တန်းတိုက်ပွဲများတွင် ပုံမှန်အားဖြင့် ပါဝင်ခွင့်မရကြဘဲ နောက်တန်းရုံးများတွင်သာ တာဝန်ပေးအပ်ခံကြရပြီး၊ အမျိုးသမီးနှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များ ဖြစ်သည့် ချက်ရေး၊ ပြုတ်ရေး၊ သီးပင်စားပင်စိုက်ခြင်း၊ စာသင်ပေးခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ဒဏ်ရာရ အမျိုးသားတပ်ဖွဲ့ဝင်များ ပြန်လည်ကျန်းမာလာစေရန် ပြုစုကုသပေးခြင်းတို့ကို ထမ်းဆောင်ကြရပါသည်။ မဟာဗျူဟာရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း တို့တွင် ၎င်းတို့ကို ဘေးဖယ်ထားကြပြီး ထိုကဲ့သို့သော မဟာဗျူဟာဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်တက်ရောက်သည့် အခါ၌လည်း အရပ်သား အမျိုးသမီးများကဲ့သို့ပင် အလားတူ ကြောက်ရွံ့စိုးရိမ်မှုများ၊ အကန့်အသတ်များကို တွေ့ကြုံခံစားကြ ရပါသည်။

*"မွန်ပြည်သစ်ပါတီက အမျိုးသမီးတပ်ဖွဲ့ဝင်တွေဆိုရင် ရှေ့တန်းမှာ တိုက်ပွဲဝင်နေတဲ့ စစ်သည်တွေကို နောက်ကနေ ရံပေးဖို့ သင်တန်းတွေ တက်ထားပေမယ့် ဌာနချုပ်မှာပဲ နေရမယ်လို့ ကန့်သတ်ထားတယ်။ ဌာနချုပ်မှာ အမျိုးသမီးတွေက စိုက်ပျိုးရေးလုပ်ရတယ်။ ထမင်း၊ ဟင်း ချက်ရတယ်။ ငယ်ရွယ်တဲ့ စစ်သည်တွေကို မွန်သမိုင်းနဲ့ တခြားဘာသာရပ်တွေ သင်ပေးရတယ်။"*

(တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

*"ကျွန်မတို့ကို အစည်းအဝေးတက်ခိုင်းတဲ့အခါ ကျွန်မရဲ့တပ်ဖွဲ့မှူးက လုပ်သင့်တာတွေကို အကြံပြုတယ်၊ ဒါပေမဲ့ အစည်းအဝေးမှာရှိတဲ့ အမျိုးသားတွေက သူ အကြံပြုတာတွေကို လက်မခံဘူး။ သူ့ရဲ့အကြံပြုချက်တွေက အဓိပ္ပာယ်မရှိဘူးလို့ သူတို့က ထင်ကြတယ်။ ကျွန်မရဲ့တပ်ဖွဲ့မှူးကို တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ဝေဖန်တိုက်ခိုက်တာတောင် ကြုံရတယ်။ သူ ပြောချင်တာ ဆက်ပြောလို့ရဖို့ ရန်တောင်ဖြစ်ခဲ့ရတယ်။"*

(တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

အပစ်အခတ် ရပ်စဲပြီးနောက် အမျိုးသမီးတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ရပ်ရွာဒေသများသို့ ပြန်လာခဲ့ကြပါသည်။ အချို့လည်း အိမ်ထောင်ကျ၊ အချို့လည်း အိမ်ထောင်မပြုကြ၊ အချို့သည် ကိုယ့်ရပ်ကိုယ့်ရွာတွင် အလုပ်လုပ်ကိုင် နေထိုင်ကြ ပါသည်။[၅၉]




[၅၉] တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

# အခန်း (၄)
# မွန်နှင့် ကရင်ပြည်နယ်တို့အတွင်း ပဋိပက္ခများ၏ ကျား၊ မ အခြေပြု သက်ရောက်မှုများ

မွန်နှင့် ကရင် လူ့အဖွဲ့အစည်းများတွင် လူမှုအသိုင်းအဝိုင်းက ပြဋ္ဌာန်းထားသည့် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ သည် လက်နက်ကိုင်ပဋိ ပက္ခများက ၄င်းတို့အပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သို့ သက်ရောက်သည်ကို ဆုံးဖြတ်ပေးပါသည်။ ပဋိပက္ခအခြေအနေများတွင် အစဉ်အ လာ ကျား၊ မ အခန်းကဏ္ဍများ ကသောင်းကနင်း ဖြစ်သွားပြီး မိသားစုအတွင်းနှင့် ၄င်းတို့၏ ရပ်ရွာဒေသများအတွင်း ပဋိပက္ခ၏ သက်ရောက်မှုများကို အမျိုး သား၊ အမျိုး သမီးများ ရင်ဆိုင် ဖြတ်သန်းသည့် နည်းလမ်းအပေါ် သက်ရောက်စေပါသည်။ ဤဖြစ်စဉ်ကို အများအားဖြင့် စုံစမ်းစစ်ဆေးမှု အားနည်းပြီး၊ သို့မ ဟုတ် လစ် လျူရှုထားကြပြီး ကျား၊ မ ရေးရာ မှန်ဘီလူးဖြင့်သာလျှင် လေ့လာဆန်းစစ်ကြပါသည်။ အစောပိုင်းတွင် ဖော်ပြ ခဲ့သည့်အတိုင်း လက်နက် ကိုင် ပဋိပက္ခ များ သည် ဝင်ငွေရှာခြင်းနှင့် အစဉ်အလာမဟုတ်သော အခန်းကဏ္ဍများတွင် ပါဝင်ရ ခြင်းတို့ အပါအဝင် အမျိုးသမီးများအတွက် အခွင့်အလမ်း အသစ်များကို လည်း အတိုင်းအတာတစ်ခုအထိ ဖန်တီးပေးခဲ့ပါ သည်။ သို့ရာတွင် မိသားစုတွင် အဓိကပြုစု စောင့်ရှောက်သူနှင့် မိခင်များအဖြစ် ရှိထားပြီး သော တာဝန် ဝတ္တရားများအပြင်၊ ပဋိပက္ခကြောင့် ပို၍ မလုံခြုံသည့် ဘဝအခြေအနေများနှင့် ပေါင်းစပ်သည့်အခါ ဤသည်တို့မှာ ၄င်းတို့အတွက် ပို၍ ဝန်ထုပ် ဝန်ပိုး ဖြစ် လာသည်ကို တွေ့နိုင်ပါသည်။ ဤအခန်းတွင် မွန်နှင့် ကရင်ပြည်နယ် နှစ်ခုစလုံးမှ အမျိုးသားနှင့် အမျိုးသမီးများ မတူ ကွဲပြားစွာ ကြုံတွေ့ရသည့် သီးခြား အန္တရာယ်အမျိုးမျိုး၊ စိန်ခေါ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုများကို အသေးစိတ် ခွဲခြား ဖော်ပြထားပါသည်။

## မတော်မတရားပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုများနှင့် ဥပဒေမဲ့ ထင်တိုင်းကြဲ ဖမ်းဆီးချုပ်နှောင်မှုများ

မြန်မာနိုင်ငံတွင်း အခြားသော ပဋိပက္ခဒဏ်ခံရသည့် ဒေသအများအပြားကဲ့သို့ပင် တပ်မတော်အစိုးရက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့်အရပ် သားပြည်သူများအကြား ဆက်သွယ်ရေးလမ်းကြောင်းများအား ဖြတ်တောက်ရန် ဖြတ် ၄ ဖြတ် မဟာဗျူဟာ[၅၀] ကို ကျင့်သုံးခဲ့ပါသည်။ ဤမဟာဗျူဟာ တွင် စားနပ်ရိက္ခာ၊ ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် လူသစ် စုဆောင်းမှုတို့ကို ဖြတ်တောက်ခြင်းတို့ ပါဝင်၍ အသက်ရှင်ရပ်တည်မှု အခြေခံလိုအပ်ချက် များ ချို့တဲ့ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်စေခဲ့ပါသည်။

ရပ်ပိုင်းဆိုင်ရာ မတော်မတရားပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်မှုများတွင် အမျိုးသားများသည် အဓိက သားကောင်များ ဖြစ်၍ အမျိုးသမီးများသည် လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို တစ်ဖက်သတ် ကြုံတွေ့ခံစား ကြရကြောင်း မွန်နှင့် ကရင်ပြည်နယ် နှစ်ခုစလုံးမှ အထောက်အထားများက ညွှန်ပြနေပါသည်။ မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) ၏ ၂၀၁၄ ခုနှစ် အစီရင်ခံစာတွင် ၂၀၀၇ ခုနှစ်ကဲ့သို့ မကြာသေးမီနှစ်များအတွင်း တိုင်းရင်း သား လူမျိုး၊ အရပ်သားများအား တပ်မတော်၏ ညှဉ်းပန်းနှိပ်စက်မှု၊ ရိုက်နှက်မှု၊ ရုပ်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုနှင့် သတ်ဖြတ်မှု များအား ပုံပြင် ဆန်ဆန် ဖြစ်စဉ် အထောက်အထားများဖြင့် ဖော်ပြထားပါသည်။ အစီရင်ခံစာအရ ဤဖြစ်ရပ်များသည် အမျိုးသားရော အမျိုးသမီးများပါ ကြုံတွေ့ခံစား ကြ ရပြီး ရိုက်နှက်မှု၊ သတ်ဖြတ်မှုများတွင် အမျိုးသားများသည် သားကောင် များ ဖြစ်၍ အမျိုးသမီးများအနေဖြင့် လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ (SGBV)[၅၁] စသည့် အခြားသော ကျူးလွန်မှုများနှင့် ကြုံတွေ့ကြရသည်ဟု ဆိုပါသည်။ သတ်ဖြတ်၊ ညှဉ်းပန်းနှိပ်စက်၊ ဖမ်းဆီးခံရမည့် သို့မဟုတ် အဓမ္မလုပ် အား စေခိုင်းခံရမည့် ဖြစ်နိုင်ချေ ပိုများလာသည့်အတွက် အမျိုးသားများ ထွက်ပြေးတိမ်းရှောင်သွားသည့်အခါ ပဋိပက္ခဒေသများ တွင် အမျိုးသမီး အများ အပြား ကျန်ရစ်ခဲ့ကြပါသည်။

> *"အဲဒီအချိန် ရွာပျက်သွားပြီးတာတောင်မှ ရွာမှာ အမျိုးသမီးတွေချည်းပဲဆိုရင် ဈေးမှာ သီးနှံလေးတွေ ရောင်းကြ တယ်၊ အမျိုးသားတွေချည်းပဲ ဆိုရင် ပေါ်တာဆွဲခံကြရတယ်။"*

(တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

ကရင်ပြည်နယ်တွင် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်သူများသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် ဘက် နှစ်ဖက်စလုံးမှ ဖြစ်သည် [၅၂]ဟု ပါဝင်ဖြေ ဆိုသူများက ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ ဒေသတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့က လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားသည် တပ်မတော်နှင့် ၄င်းနှင့် ဆက်စပ်သည့် အဖွဲ့များက ကျူးလွန်ခြင်း ဖြစ်ပြီး ဒေသတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများလည်း မတရားမှုများ ကျူးလွန်ရာတွင်ပါ ဝင်ကြသည် [၅၃] ဟု ဆိုပါ သည်။ အမျိုးသမီး၊ ကလေးသူငယ်နှင့် အမျိုးသားများသည် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် နှစ်ဖက်စလုံး၏ ဥပဒေမဲ့ ထင်တိုင်းကြဲ ဖမ်းဆီးမှုကို ခံရသည့် သားကောင်များဖြစ်ကြရပြီး ရန်သူနှင့် အဆက်အဆံရှိသည်ဆိုသည့် သံသယဖြင့် အများဆုံး ဖမ်းဆီးခံရခြင်း ဖြစ်ပါသည်။

---

[၅၀] ဦးနေဦး၊ ၁၉၉၆

[၅၁] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သို့မဟုတ် ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် နေထိုင်သည့် အရပ်သားများက ကျူးလွန်သည့် လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်စဉ် အထောက်အထား မှတ်တမ်းများ နည်းပါးသော်လည်း ပါဝင်ဖြေဆိုသူများက ထိုသို့သော ဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့ကြောင်း ပြောပြသည်ကို မှတ်သားထားရန် အရေးကြီးပါသည်။

[၅၂] အမျိုးသားဦးတည်အုပ်စုဆွေးနွေးမှု၊ ဘားအံ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

[၅၃] ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ ၂၀၁၄

*“ကလေးတွေရဲ့အဖေက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထဲက ဖြစ်ရင် ကလေးတွေနဲ့ မိသားစုကို တပ်မတော်ဘက် က ဖမ်းတယ်။ ခဏဖမ်းထားပြီးရင်တော့ ပြန်လွှတ်ပေးတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ရွာမှာ ထားတဲ့ စစ်သား တွေက သတင်းပေးတယ်လို့ သံသယရှိတဲ့ လူတွေကို အများကြီးဖမ်းပြီး အချုပ်ထဲ ထည့်ထားတယ်။”*

(တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ကရင်ပြည်နယ်၊ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင် သို့မဟုတ် အဆက်အဆံရှိသည်ဟု တပ်မတော်က သံသယရှိသည့် အမျိုးသားများသည် ဥပဒေမဲ့ ထင်တိုင်းကြဲ ဖမ်းဆီးခံကြရပြီး၊ ဖမ်းဆီးခံရစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ သတ်ဖြတ်ခံရ ခြင်းတို့ ရှိသည်ဟု ပါဝင်ဖြေဆိုသူများက ပြောပြပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အစပ် ရှိသည်ဟု သံသယရှိသည့် အမျိုးသမီးများလည်း ဥပဒေမဲ့ ဖမ်းဆီးခံကြရပြီး အမျိုးသားများ ရှိသည့် နေရာ နှင့် လှုပ်ရှားမှု များကို ထုတ်ပြောရန် ညှဉ်းပန်းနှိပ်စက်ခံကြရပါသည်။[၅၄]

## အဓမ္မလုပ်အားခိုင်းစေမှု

အဓမ္မလုပ်အားခိုင်းစေမှု အထူးသဖြင့် အဓမ္မပေါ်တာဆွဲခြင်းသည် လက်နက်ကိုင် ပဋိပက္ခကာလအတွင်း အဖြစ်များ ပါသည်။[၅၅] ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ နောက်ဆုံးထွက်ရှိခဲ့သည့် အစီရင်ခံစာတွင် မွန်ပြည်နယ် ဒေသအများစုတွင် အဓမ္မလုပ်အား ခိုင်းစေမှု မရှိကြောင်း ဖော်ပြထားသော်လည်း၊ ရေးမြို့နယ်တစ်ဝိုက် (ဘုရား သုံးဆူတောင်ကြားလမ်းအနီးတွင် တည်ရှိသောကြောင့်)တွင် ထိုသို့သော ချိုးဖောက်မှုများ[၅၆] နှင့် စပ်လျဉ်းသည့် အစီရင်ခံစာ များ ရှိနေဆဲ ဖြစ်ပါသည်။ အစီရင်ခံစာများအရ ရိက္ခာနှင့် လက်နက်ခဲယမ်းများ သယ်ရန်၊ မကြာခဏ မခံမရပ်နိုင်အောင် လေးလံသည့် ဝန်များအား ခရီးဝေး သယ်ပိုးခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ခိုင်းစေရန် တပ်မတော်က ဒေသခံ တိုင်းရင်းသား အရပ်သားများအား ပုံမှန် စုဆောင်းလေ့ရှိသည်[၅၇]ဟု ဆိုပါသည်။ အဓမ္မလုပ်အားခိုင်းစေမှုကြောင့် အမျိုးသား နှင့် အမျိုးသမီး ဒုက္ခရောက်ရပုံချင်း မတူပါ။ ဆင့်ပွားရင်းမြစ်များနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုသူအားလုံး၏ ပြောပြ ချက်အရ အမျိုးသားများ၊ အထူးသဖြင့် ကျန်းမာသန်စွမ်းသည့် ရွာသား အမျိုးသားများသည် အမျိုးသမီး များထက် ပေါ်တာ အဖြစ် ပို၍ အတင်းအဓမ္မခေါ်ယူ စုဆောင်းခံကြရပါသည်။ ပေါ်တာများသည် မကြာခဏ လူမဆန်သည့် အခြေအနေများနှင့် ကြုံတွေ့ကြရပြီး အများအပြားသည် ခိုင်းသည့်တာဝန်ကို မကျေပွန်သည့်အခါ၊ ပြီးစီးအောင် မလုပ်နိုင်သည့်အခါ သတ်ပစ်မည်ဟု ခြိမ်းခြောက်ခံကြရပါသည်။ အချို့သော ဖြစ်စဉ်များတွင် မကျန်းမာ၊ မသန်စွမ်းသူများ၊ ဒဏ်ရာရသူများအား သတ်ပစ်ကြသည် ဟု သိရှိရပါသည်။ အဆိုပါ ပေါ်တာများသည် အထမ်းသမားအဖြစ်သာမက တပ်မတော်အတွက် လူသားမိုင်းရှင်းသတ္တဝါများ အဖြစ် စေခိုင်းခံရပြီး ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် မြှုပ်နှံထားသည့် လူသတ်မိုင်းများအား ဖောက်ခွဲရန် ၄င်းတို့အား အတင်း အကျပ် ရှေ့မှ သွားခိုင်းသည်ကို [၅၈] လည်း သိရှိရပါသည်။

တပ်မတော်က ကျေးရွာများကို ဝင်ရောက်စီး နင်းသည့်အခါ အမျိုး သားများ ထွက်ပြေးတိမ်းရှောင်ကြသည့် အဓိက အကြောင်းအရင်းတစ်ရပ်မှာအတင်း အဓမ္မ လုပ်အားခိုင်းစေခံရမည်ကို စိုးရိမ်ကြောက် ရွံ့ကြသောကြောင့် ဖြစ်ပါသည်။

*“ငယ်ငယ်ရွယ်ရွယ်၊ သန်သန်စွမ်းစွမ်း ယောကျ်ားလေးတွေ ထွက်ပြေးကြတယ်၊ ရွာမှာ ဆက်နေရင် ပေါ်တာဆွဲခံရမှာ စိုးလို့။ သက်ကြီးရွယ်အိုတွေ၊ နာမကျန်းတဲ့သူတွေ၊ ကလေးတွေနဲ့ အမျိုးသမီးတွေပဲ ရွာမှာ ကျန်ခဲ့တယ်။”*

(တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

အကျိုးဆက်အားဖြင့် ကျန်ခဲ့သူ အမျိုးသမီးများသည် မိသားစု စားဝတ်နေရေး တာဝန်ကို တစ်ဦးတည်း ပခုံးပြောင်း ထမ်းဆောင်ကြရပါသည်။ ဤသည် က ဝန်ထုပ်ဝန်ပိုး ပိုများလာစေပြီး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများနှင့် အခြား ကျန်းမာရေး ပြဿနာများကို ဖြစ်စေပါသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ထိခိုက်ဒဏ်ရာနှင့် အသက်ဆုံးရှုံးမှု အန္တရာယ်များကိုလည်း ရင်ဆိုင်ကြရပါသည်။ [၅၉]

လက်နက်ကိုင် ပဋိပက္ခကာလအတွင်း အတင်းအဓမ္မ ပေါ်တာဆွဲခံရမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့် အမျိုးသားများ ထွက်ပြေးတိမ်းရှောင်သွားသည့်အခါ အမျိုးသမီးများအား ၄င်းတို့ကိုယ်စား ပေါ်တာအဖြစ် စုဆောင်းခေါ်ယူလေ့ရှိပါသည်။[၆၀] အမျိုးသမီး ပေါ်တာများသည် ချက်ပြုတ်ရေး၊ သန့်ရှင်းရေး၊ တဲထိုးခြင်းနှင့် အမိုးအကာများ ဆောက်လုပ်ခြင်း[၆၁] စသည့် စခန်းတာဝန်များကို ထမ်းဆောင်ကြရသည်ဟု ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုသူတစ်ဦးက ပြောပြပါသည်။ အခြား လုပ်ငန်း တာဝန်များတွင် ကျဆုံးစစ်သည်များအား မြေမြှုပ်ခြင်း၊ ဒဏ်ရာရ စစ်သည်များအား ရှေ့တန်းမှ နောက်တန်းစခန်းသို့ ညအချိန် ပြန်

---

[၅၄] Ibid

[၅၅] မွန်ပြည်နယ်ဒေသအများစုတွင် အဓမ္မလုပ်အားခိုင်းစေမှု မရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသော်လည်း ဘုရားသုံးဆူတောင်ကြားလမ်း နှင့် နီးကပ်သည့် ရေးမြို့နယ်တွင် ထိုသို့သော ချိုးဖောက်မှုများ ရှိနေကြောင်း အစီရင်ခံစာအချို့တွင် တွေ့ရပါသည်။ ကရင်ပြည်နယ်တွင် အဖွဲ့အစည်း အများအပြားက ပေါ်တာအဖြစ် ခိုင်းစေခြင်း အပါအဝင် အဓမ္မလုပ်အားခိုင်းစေခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေပါသည်။ ဥပမာအားဖြင့် ကရင်အမျိုးသမီးများအဖွဲ့ (KWO) ၏ ၂၀၀၇ ခုနှစ် အစီရင်ခံစာတွင် လူ့အခွင့်အရေး ချိုးဖောက်မှု ၉၀% သည် အဓမ္မလုပ်အားခိုင်းစေခြင်း နှင့် ဆက်စပ်နေသည်ဟု ဖော်ပြထားပါသည်။ UNHCR ၂၀၀၄၊ စာ - ၉၊ KWO ၊ ၂၀၀၇

[၅၆] UNHCR ၊ ၂၀၁၄၊ စာ - ၉

[၅၇] ပေါ်တာများသည် လမ်းဖောက်ခြင်း၊ တပ်စခန်းဆောက်ခြင်းနှင့် အခြားအဆောက်အဦများ ဆောက်လုပ်ခြင်းအပြင် မိုင်းရှင်းသတ္တဝါများအဖြစ် လည်း စေခိုင်းခံကြရပါသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (HRW)၊ ၂၀၁၁၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ စီမံ ချက် (WCRP)၊ ၂၀၀၅၊ မွန်ဒေသ လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ ၂၀၁၄ ၊ စာ - ၄၈၊ KWO ၂၀၀၇.

[၅၈] Reckinger ၊ ၂၀၀၈

[၅၉] ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ ၂၀၀၆၊ စာ - ၂၆ - ၂၇

[၆၀] ကရင်လူ့အခွင့်အရေးအဖွဲ့၊ ၂၀၀၆၊ စာ - ၂၆ - ၂၇

[၆၁] တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသား၊ ရန်ကုန်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

လည်သသယ်ယူသည့်အခါ ဓာတ်မီးထိုးပေးရခြင်း[၆၂] တို့ ပါဝင်ပါသည်။ အမျိုးသမီးပေါ်တာများသည် နုတ်ဖြင့် ထိပါးစော်ကား ခြင်းအပြင် ရိုက်နှက်ခံရခြင်း၊ အစာရေစာ အနည်းငယ်၊ ဆေးဝါးကုသမှု၊ စောင့်ရှောက်မှုမရှိသလောက် နည်းပါးသည့် အလွန် ဆိုးရွားသည့် အခြေအနေများတွင် နေရခြင်း၊ သီးသီးသန့် သန့် မနေရခြင်း၊ ကိုယ်ရေးကိုယ်တာ လွတ်လပ်မှု မရှိခြင်းနှင့် တစ်ကိုယ်ရေ ကျန်းမာရေးနှင့် သန့်ရှင်းမှု အခက်အခဲများ၊ လေးလံသည့်ဝန်များကို နာရီချိန် လုံးဝ မပေးဘဲ ခရီးဝေးသယ်ရခြင်း စသည့် အခြားသော ရုပ်ပိုင်းဆိုင်ရာ မတော်မတရားပြုမှု ပုံသဏ္ဍာန်မျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။[၆၃] အစိုးရ တပ် များအတွက် အလုပ်လုပ်ပေးရသည့်အခါများတွင် အမျိုးသမီးပေါ်တာ အများအပြားမှာ အဓမ္မပြုကျင့်ခံရပြီး၊ စစ်သည်များ အတွက် "အမျိုးသမီးတပ်ဖွဲ့ဝင်များ" အဖြစ် အတင်းအဓမ္မ စေခိုင်းခံကြရပါသည်။[၆၄] အဓမ္မပြုကျင့်ခံရပြီး ကိုယ်ဝန်ရသည့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ရပ်ရွာသို့ ပြန်ရသည့်အခါ အမည်းစက်ဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်ကြရပါသည်။ အများအပြားသည် ကိုယ်ဝန်ကို ဖျက်ချရန် ကြိုးပမ်းကြပြီး၊ အကျိုးဆက်အားဖြင့် အန္တရာယ်မကင်းသော ကိုယ်ဝန်ဖျက်ချမှုများ ကြောင့် ဖြစ်သည့် ကျန်းမာရေးပြဿနာများနှင့် ကိုယ်ဝန်ဖျက်ချသည့် ကုန်ကျစရိတ်များကြောင့် အကြွေးတင်ကြရပါ သည်။ [၆၅]

## လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု

တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်သားများက မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်သည့် လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို မှတ်တမ်းတင် ထားသည့် ဒေသတွင်း အဖွဲ့များနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ အစီရင်ခံစာ အများအပြားရှိသော်လည်း ကျယ်ပြန့်ပြည့်စုံ ၍ စနစ်တကျဖြစ်သည့် အမျိုးသားအဆင့်၊ သို့မဟုတ် ပြည်နယ်အဆင့် အချက်အလက်များ လိုအပ်နေဆဲ ဖြစ်ပါသည်။[၆၆] အဓမ္မပြုကျင့်ခံရခြင်းသည် လက်နက်ကိုင် ပဋိပက္ခကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အဓိကပြဿနာ ဖြစ်ပြီး၊ ဘေးကင်းလုံခြုံမှု၊ သွားလာလှုပ်ရှားမှုအပေါ် အကြီးအကျယ် သက်ရောက်စေပြီး ထိုမှတစ်ဆင့် ၎င်းတို့၏ နေ့စဉ်ဘဝ နှင့် အသက်မွေးဝမ်းကျောင်းတို့ကို ထိခိုက်စေပါသည်။[၆၇] နှိုင်းယှဉ်ကြည့်လျှင် အမျိုးသားနှင့် ယောကျာ်းလေးများအား အဓမ္မ ပြုကျင့်ခြင်း သို့မဟုတ် အခြားသော လိင်အကြမ်းဖက်များနှင့် စပ်လျဉ်းသည့် ဖြစ်ရပ် အစီရင်ခံစာများ မရှိသော်လည်း အချက်အလက်များ မရှိခြင်းကြောင့် ဖြစ်နိုင်ပြီး၊ ဤသို့သော ဖြစ်ရပ်များ မရှိပါဟု ခြုံငုံသုံးသပ်၍ မရပါ။ လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများသည် ယေဘုယျအားဖြင့် "အမျိုးသားများ၏ ပြဿနာ မဟုတ်၊ တစ်နည်းအားဖြင့် အမျိုးသားများ နှင့် ယောကျာ်းလေးများအား မထိခိုက်သော ပြဿနာ"[၆၈] ဟု ပါဝင်ဖြေဆိုသူများက မယူဆကြောင်း တွေ့ရှိရပါသည်။ ဤသည်မှာ ဖိသဘာဝအတွက် ရှိလာနိုင်သော ခြိမ်းခြောက်မှုကို ကိုင်တွယ်မဖြေရှင်းနိုင်ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အစီရင်ခံစာများတွင် အထူးသဖြင့် အမျိုးသမီးများသည် လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ၏ ပစ်မှတ်ဖြစ်သည် ဆိုသည့် အယူအဆကို ပိုမိုထောက်ခံ တင်ပြထားပါသည်။ ပြည်နယ် နှစ်ခုစလုံးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အားပေးထောက်ခံသည်ဟု သတ်မှတ် ခြင်း၊ သို့မဟုတ် ထိုအဖွဲ့များတွင် မိသားစုဝင်များ ပါဝင်နေခြင်းတို့ကြောင့် အပြစ်ပေးသည့် – အနေဖြင့် အဓမ္မပြုကျင့်ခြင်းနှင့် လိင်ကျွန်ပြုခြင်းတို့ကို မြန်မာ့တပ်မတော်က နည်းလမ်းအဖြစ် အသုံးပြုသည်ဟု အစီရင်ခံစာများအရ သိရှိရပါသည်။ အဓမ္မလုပ်အားခိုင်းစေခြင်းနှင့် အဓမ္မပေါ်တာဆွဲခြင်း ဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား "ပျော်တော်ဆက်မယ် များ" အဖြစ် တပ်မတော်က အသုံးပြုသည်၊ သို့မဟုတ် ကျေးရွာများတွင် ဝင်ရောက်တပ်စွဲသည့်အခါ သို့မဟုတ် နယ်မြေ သိမ်းပိုက်သည့်အခါ အဓမ္မပြုကျင့်ကြသည်[၆၉] ဟု သိရပါသည်။ လိင်နှင့် ကျားမ အခြေပြု အကြမ်းဖက်ရာဇဝတ်မှုများနှင့် ဆက်စပ်၍ ပြစ်ဒဏ်ပေးမခံရမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေခြင်းနှင့် တရားစွဲဆိုပိုင်ခွင့် အကန့်အသတ်ရှိနေခြင်းတို့ကိုလည်း ပါဝင်ဖြေဆိုသူများက ထောက်ပြကြပါသည်။

> *"တချို့မိန်းမတွေဆို အရပ်သားတွေ၊ စစ်သားတွေက မုဒိမ်းကျင့်တာ ခံရတယ်။ ဒါပေမဲ့ ထုတ်မပြောကြဘူး။ ဆေးရုံ သွားပြတယ်။ ဒါပေမဲ့ မုဒိမ်းကျင့် ခံရတဲ့ အများစုက အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေ။ တချို့ဆို မုဒိမ်းကျင့်ပြီး သတ်ပစ်ကြတယ်။ မုဒိမ်းကျင့်တဲ့သူတွေက ဒီကိစ္စကို ဘယ်သူ့မှ မပြောဖို့ မိဘတွေနဲ့ မိန်းကလေးတွေကို ခြိမ်းခြောက်တယ်။ ဒါကြောင့် မုဒိမ်းမှုတွေက ဘယ်တော့မှ တရားရုံး မရောက်ဘူး။ ကျွန်မတို့ရွာမှာ ဘယ် မုဒိမ်းမှုမှ တရားစွဲမခံရဘူး။"*
> (ရပ်ရွာ အခြေပြု အဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်)

---

[၆၂] ကရင်လူ့အခွင့်အရေးအဖွဲ့၊ ၁၉၉၃

[၆၃] ကရင်လူ့အခွင့်အရေးအဖွဲ့၊ ၁၉၉၃

[၆၄] ကရင်အမျိုးသမီးများအဖွဲ့၊ ၂၀၀၄၊ စာ – ၁၇

[၆၅] Ibid

[၆၆] ရရှိသမျှ အချက်အလက်များသည် ပြဿနာတစ်ရပ်လုံး၏ အပေါ်ယံမျှသာ ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ် အစီရင်ခံစာတွင် ကရင်အမျိုးသမီးများ အဖွဲ့က ၁၈ လအတွင်း အစိုးရတပ်မတော်မှ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်ခဲ့သည့် အဓမ္မကျူးလွန်မှု ဖြစ်စဉ်ပေါင်း ၁၂၅ ခုကို မှတ်တမ်းပြုထားပါသည်။ သို့ရာတွင် အမှန်တကယ်၌ အရေအတွက်အားဖြင့် ပိုမိုများပြားပြီး၊ နောက်ထပ်အမျိုးသမီးနှင့် မိန်းကလေး ရာပေါင်းများစွာ အလားတူ ကျူးလွန်မှုမျိုးကို ခံကြရသည်ဟု ဆိုပါသည်။ မြန်မာအစိုးရနှင့် မွန်ပြည်သစ်ပါတီတို့ ၁၉၉၅ ခုနှစ် တွင် အပစ်အခတ် ရပ်စဲပြီးခဲ့ချိန်မှစ၍ ဒေသတွင်း တည်ငြိမ်မှု တစ်စုံတစ်ရာ ရှိလာသည် ဆိုသော်လည်း၊ ၁၉၉၅ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း မွန်ပြည်နယ်မှ အသက် ၁၄ နှစ်မှ ၅၀ နှစ်အတွင်းရှိ အမျိုးသမီးနှင့် မိန်းကလေး အနည်းဆုံး ၅၀ ခန့်အပေါ်ကျူးလွန်ခဲ့သည့် လိင်အကြမ်းဖက်မှု ၃၇ ခု ရှိကြောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ စီမံချက် (ဃယျက) ၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ အရပ်သားများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဓမ္မ ကျူးလွန်မှုများနှင့် ကျူးလွန်သည့် လူတန်းစား အသီးသီးက အဓမ္မ ကျူးလွန်မှုကို အသေးအဖွဲမျှသာ သဘောထားကြကြောင်းကိုလည်း ပါဝင်ဖြေဆိုသူများက ပြောပြပါသည်။ ဤသည်တို့ အပြင် အဓမ္မ ကျူးလွန်ခြင်းနှင့် အခြား လိင်ကြမ်းဖက်မှုများကို သတင်းပို့လျှင် ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် မထိရောက်သော တရားစီရင်ရေးစနစ်များသည် သတင်းပို့သည့်နှုန်း လျော့နည်းစေသည့် အဓိကအကြောင်းအရင်းများ ဖြစ်ပါသည်။ ကရင်အမျိုးသမီးများအဖွဲ့ (ကျွဥ) ၊ ၂၀၀၄၊ စာ – ၁၀၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ စီမံချက် (WCRP)၊ ၂၀၀၅၊ စာ – ၁၂

[၆၇] လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများသည် ကျူးလွန်ခံရသူများတွင် စိတ်ကျန်းမာရေးပြဿနာများကို ဖြစ်စေပြီး အချို့ဖြစ်ရပ်များတွင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သည်အထိ ဖြစ်စေပါသည်။ အဓမ္မကျူးလွန်မှုကြောင့် ကိုယ်ဝန်ရသွားခြင်းသည် အန္တရာယ်များသည့် ကိုယ်ဝန်ဖျက်ချခြင်း အပါအဝင် အမျိုးသမီးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာရေးကို ထိခိုက်စေပါသည်။ (ကရင်အမျိုးသမီးများအဖွဲ့ (KWO) ၂၀၀၄)

[၆၈] အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် ကျူးလွန်ခြင်းများအား "ယောကျာ်းမပီသခြင်းကြောင့် ဖြစ်သည်" ဟု ရှုမြင်ကြသည့်အတွက် ပြန်လည်ပြောပြရန် ရှက်ရွံ့နေခြင်း၊ စိတ်မသက်မသာ ဖြစ် ခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

[၆၉] အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ စီမံချက် (WCRP)၊ ၂၀၀၅

အဓမ္မကျူးလွန်ခံရခြင်းကို နှုတ်ဆိတ်နေသည့် ယဉ်ကျေးမှုက ပြစ်ဒဏ်မှ ပို၍ ကင်းလွတ်စေပါသည်။ ဤသည်အတွက် အကြောင်းတရားများစွာ ရှိကြောင်း တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုသူများက ပြောပြကြပါသည်။ အစိုးရရော၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကပါ အဓမ္မကျူးလွန်မှုကို လူသိရှင်ကြား ပြဿနာတစ်ရပ် မဖြစ်လိုကြဘဲ၊ အသေးအဖွဲပြဿနာ ဟုသာ ယူဆကြပြီး[70] အဓမ္မကျူးလွန်မှုကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံရေးအရ စိတ်ဆန္ဒမရှိကြပါ။ အချို့သော ဖြစ်ရပ်များတွင် ကျူးလွန်သူမှ ကျူးလွန်ခံရသူ၏ မိသားစုအား ငွေကြေးအရ လျော်ကြေးပေးခြင်း သို့မဟုတ် ကျူးလွန်ခံရသူအား လက်ထပ် ခြင်း စသည့် စနစ်တကျ မဟုတ်သော နည်းလမ်းများဖြင့် အဓမ္မကျူးလွန်မှုများကို ဖြေရှင်းကြပါသည်။ ပြစ်ဒဏ်မှ ကင်းလွတ် စေသည့် အခြားသော အကြောင်းတရားများတွင် ၁၈၆၀ ခုနှစ် ရာဇသတ်ကြီးဥပဒေ[71] စသည့် ခေတ်မမီတော့သည့် ဥပဒေ များနှင့် ဓလေ့ထုံးတမ်း အလေ့အထများအပြင် နေရာအလိုက် တစ်သမတ်တည်းမဖြစ်ဘဲ ခွဲခြားဆက်ဆံသည့် စံချိန်စံညွှန်းများ ဖြင့် တရားစီရင်ရေးစနစ် အမျိုးမျိုးရှိနေခြင်း၊ လွတ်လပ်မှုတသည့် တရားစီရင်မှုဖြင့် ဥပဒေရေးရာစနစ်များ မရှိခြင်း၊ ကျူးလွန်သူ များအား ထိရောက်စွာ အပြစ်ပေးမည်ဟု တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးစနစ်များအပေါ် အမျိုးသမီးများနှင့် ရပ်ရွာ ဒေသခံများက မယုံကြည်ခြင်း၊ ခွဲခြားဆက်ဆံသည့် လုပ်ထုံးလုပ်နည်းများဖြင့် ကျူးလွန်ခံရသူတွင် တာဝန်ရှိသည်ဟု အပြစ်ဖို့ ခြင်းနှင့် ၎င်း၏ လိင်ပိုင်းဆိုင်ရာ သမိုင်းကြောင်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ကိုယ်ချင်းမစာမနာ စစ်ဆေးမေးမြန်းခြင်းနှင့် တရားခွင်များတွင် လျှို့ဝှက်လုံခြုံမှု မရှိခြင်းကြောင့် ကျူးလွန်ခံရသူကို လူသိရှင်ကြား အရှက်ရစေခြင်းတို့ ပါဝင်ပါသည်။ ဤသည်က ကျူးလွန်ခံရသူနှင့် ၎င်း၏မိသားစုအတွက် အမည်းစက်နှင့် အရှက်တကွဲ အကျိုးနည်းဖြစ်စေပြီး စိတ်ဒဏ်ရာကို ပိုမိုဆိုးရွားစေပါသည်။[72] အများအားဖြင့် အမျိုးသမီးများ၊ ရပ်ရွာဒေသအကြီးအကဲများသည် ဆိုးဆိုးရွားရွား လက်တုံ့ပြန်ခံရ မည်ကို ကြောက်ရွံ့စိုးရိမ်ကြသည့်အတွက် အဓမ္မကျူးလွန်သည့် ဖြစ်စဉ်များကို သတင်းမပို့ရဲကြပါ။[73] နိဂုံးချုပ်အားဖြင့် ကျူးလွန်ခံရသူများသည် ၎င်းတို့၏ အခွင့်အရေးများနှင့် နစ်နာကြေး မည်သို့ တောင်းဆိုရမည်ကို မသိကြပါ။ ဤသည်တို့ အားလုံးက ကျူးလွန်ခြင်းများကို သတင်းပို့ရေးတွင် အဟန့်အတား ဖြစ်စေပါသည်။

## မြေမြှုပ်မိုင်း မတော်တဆမှုများ

မြေမြှုပ်မိုင်းများသည် ဘာကိုမှ မခွဲခြားဘဲ သေကျေဒဏ်ရာရစေသည့် စစ်လက်နက်ပစ္စည်းဖြစ်ပြီး ကျား၊ မ ခွဲခြားမှု မရှိသော်လည်း လက်နက်ကိုင် ပဋိပက္ခများတွင် ကျား၊ မ အခြေပြု အခန်းကဏ္ဍခွဲခြားမှုက အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေး၊ မိန်းကလေးများအတွက် မတူညီသော အန္တရာယ်များကို ဖြစ်စေပါသည်။[74] မြေမြှုပ်မိုင်း ဒဏ်ခံရသည့် နိုင်ငံအများစုတွင် မြေမြှုပ်မိုင်းထိသူများ၏ ၈၅ မှ ၉၀% သည် ယောကျ်ားလေးများနှင့် အမျိုးသားများ ဖြစ်ပါသည်။[75]

---

[70] အမျိုးသမီးနှင့် မိန်းကလေးများအား အဓမ္မကျူးလွန်မှုဖြစ်စဉ် အများစုကို သက်ဆိုင်ရာသို့ သတင်းမပို့ကြောင်း သို့မဟုတ် စနစ်တကျ မဖြေရှင်း ကြကြောင်း ပါဝင်ဖြေဆိုသူများက ပြောပြပါသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်သည်ကို ပါဝင်ဖြေဆိုသူများက ပွင့်ပွင့်လင်းလင်း မပြောပြကြ သော်လည်း ဆင့်ပွားရင်းမြစ်များနှင့် နောက်ခံအခြေအနေ မနီးရိုးစွဲ တူညီသည့် နိုင်ငံအတွင်း လက်နက်ကိုင် ပဋိပက္ခရှိသည့် နေရာဒေသများ မှ ဖြေကြားချက်များအရ လက်တုံ့ပြန်ခြင်း ခံရမည်၊ အရှက်တကွဲ အကျိုးနည်းဖြစ်မည်ကို ကျူးလွန်ခံရသူက စိုးရိမ်ကြောက်ရွံ့၍ သတင်းမပို့ ခြင်း၊ ဥပဒေရေးရာစနစ်များ မရှိခြင်းနှင့် (ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်) အုပ်ချုပ်ရေးယန္တရားများတွင် ထိုကိစ္စရပ်များကို ဖြေရှင်း ဆောင်ရွက်ရန် နိုင်ငံရေးအရ စိတ်ဆန္ဒမရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။ ဥပဒေကြောင်းအရ နစ်နာကြေးပေးသည့် စနစ်များတွင် အကန့်အသတ်များ ရှိသည်ဟု ပါဝင်ဖြေဆိုသူများက ပြောကြပါသည်။

[71] ၁၈၆၀ ခုနှစ် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၅ တွင် အဓမ္မကျူးလွန်မှုကို တားမြစ်ထားပြီး အမျိုးသမီးက အလိုမတူ၍ဖြစ်စေ၊ ဆန္ဒမပါ၍ ဖြစ်စေ၊ ဒဏ်ရာအနာတရဖြစ်စေမည်၊ အသက်ဆုံးရှုံးစေမည်ဟု ခြိမ်းခြောက်အကျပ်ကိုင်၍ သဘောတူရခြင်းကြောင့် ဖြစ်စေ၊ သဘောတူညီချက်ကို လိမ်ညာလှည့်ဖြားရယူ၍ ဖြစ်စေ၊ အိမ်ထောင်မရှိသည့် အသက် ၁၄ နှစ်အောက် အမျိုးသမီးဖြစ်နေ၍ဖြစ်စေ ထိုအမျိုးသမီးနှင့် ကာမဆက်ဆံ ခြင်းသည် မုဒိမ်းမှုမြောက်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထိုဥပဒေတွင် "မ" အင်္ဂါအတွင်းသို့ "လိင်" အင်္ဂါ ထိုးသွင်းခြင်းသည် ကာမ ဆက်ဆံခြင်း ဖြစ်၍ မုဒိမ်းမှုမြောက်သည်" ဟုဆိုပါသည်။ နိုင်ငံတွင်း ဥပဒေအများအပြားတွင် လိင်အင်္ဂါထိုးသွင်းခြင်းနှင့် အကျပ်ကိုင်ခြင်းတို့ ကို အဓိကလက္ခဏာရပ်များအဖြစ် အလေးထားဖော်ပြထားသော်လည်း မကြာသေ – းမီက ထုတ်ပြန်ခဲ့သည့် နိုင်ငံတကာ ဥပဒေ အဓိပ္ပာယ်ဖွင့်ဆို ချက်များတွင် လိင်အကြမ်းဖက်လုပ်ရပ်အများအပြားကို မုဒိမ်းမှုဟု အဓိပ္ပာယ်သတ်မှတ်ထားပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မုဒိမ်းမှုကို "ရုပ်ပိုင်းဆိုင်ရာ အတင်းအကျပ်ပြု၍ဖြစ်စေ၊ အကျပ်ကိုင်၍ဖြစ်စေ "မ" အင်္ဂါအတွင်း သို့မဟုတ် စအိုအတွင်းသို့ လိင်တံ၊ အခြား ခန္ဓာကိုယ်အစိတ်အပိုင်းများ သို့မဟုတ် အရာဝတ္ထုတစ်ခုခုဖြင့် အနည်းငယ်မျှဖြစ်စေ ထိုးသွင်းခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်" (WHO ၂၀၀၂၊ စာ – ၁၄၉)။ ရာဇဝတ်ကြောင်းဆိုင်ရာ ဥပဒေတွင် မုဒိမ်းမှုများအား တရားစွဲဆိုခြင်း၊ သက်သေထွက်ဆိုခြင်းတို့နှင့် စပ်လျဉ်းသည့် အသေးစိတ်ပြဋ္ဌာန်းချက်များ မပါရှိပါ။ ကျူးလွန်ခံရသူထံမှ အထောက်အထားရယူရန် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်မှု မရှိ သလောက် ဖြစ်ပါသည်။ ရာဇဝတ်ကြောင်းဆိုင်ရာ ဥပဒေနှင့် အထောက်အထားအက်ဥပဒေတို့တွင် သက်သေများ စစ်ဆေးစဉ်အတွင်း လိုအပ် သည့် ကာကွယ်စောင့်ရှောက်မှု ပေးမထားပါ။ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုဖြစ်စဉ်များတွင် အစိုးရ ဆေးရုံများ၌ လူနာများအား စမ်းသပ်ခြင်း၊ ကုသခြင်း မပြုလုပ်မီ အထောက်အထားများ မပျက်စီးစေရန် ဒေသတွင်း ရဲတပ်ဖွဲ့၏ ခွင့်ပြုချက် ရရှိရမည် ဖြစ်ပါသည်။ ဤသည် မှာ စိုးရိမ်ဖွယ်ရာဖြစ်ပြီး ထိုရာဇဝတ်မှုကို အမျိုးသမီးက သတင်းပို့လိုသည် ဖြစ်စေ၊ မပို့လိုသည် ဖြစ်စေ၊ ၎င်းတွင် ဆေးဝါးကုသမှု ခံယူပိုင်ခွင့် ရှိရပါမည်။ ကျူးလွန်ခံရသူထံမှ ရရှိသည့် မခိုင်မာသည့် အထောက်အထားကို တရားရုံးက လက်ခံရမည်ဟုလည်း ဥပဒေတွင် ထည့်သွင်း ဖော်ပြမထားပါ။ အထောက်အထားအက်ဥပဒေပုဒ်မ ၁၁၄(က) အရ၊ အမျိုးသမီးက သူမ အလိုမတူပါဟု ဆိုလျှင် တရားရုံးက သူမ အလိုမတူဟုသာ ယူဆသတ်မှတ်ရမည် ဖြစ်ပါသည်။ ဤသည်ကို တရားသူကြီးက အမျိုးသမီး၏ မခိုင်မာသော အထောက်အထားဖြင့် တရားစွဲဆိုရန်မှာ မျှတမှုမရှိဟု ယူဆပါက ကျူးလွန်သူကို တရားမစွဲဆိုနိုင်သည့် အန္တရာယ်ကို ဖြစ်လာစေပါသည်။ မုဒိမ်းမှုကို တရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ တိကျသည့် ဥပဒေလမ်းညွှန်ချက် မရှိခြင်းသည် အထောက်အထားခိုင်လုံမှုနှင့် ခွင့်ပြုနိုင်မှု အတိုင်းအတာဆိုင်ရာ ဆုံးဖြတ်ချက်များကို တရားသူကြီး ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အဖြစ် အပ်နှင်းထားသည့်သဘော ဖြစ်နေပါသည်။ (KWPN နှင့် GEN၊ ၂၀၁၃ တွင် ကြည့်ပါ။) ထို့အပြင် ကျူးလွန် ခံရသူ အမျိုးသမီးအား ကျူးလွန်သူနှင့် လက်ထပ်ရန် ဖိအားပေးခြင်း၊ ကျူးလွန်သူက ကျူးလွန်ခံရသူနှင့် / သို့မဟုတ် ၎င်း၏ မိသားစုအား ငွေကြေးလျော်ကြေးပေးခြင်း သို့မဟုတ် စားကောင်းသောက်ဖွယ်များ တည် – ခင်းကျွေးမွေးခြင်းကဲ့သို့ အခြား ငွေကြေးမဟုတ်သော ဝန်ဆောင်မှု များဖြင့် ရပ်ရွာအား ကျေနပ်နှစ်သိမ့်စေခြင်းတို့သည် အများဆုံးတွေ့ရသည့် ဖြေရှင်းနည်းများ ဖြစ်ပါသည်။

[72] မုဒိမ်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ စော်ကားမှုများအား ရှက်စရာကောင်းသည်ဟု သဘောထားကြခြင်းသည် ကျူးလွန်ခံရသူ အမျိုးသမီးများ အား မိသားစုက သို့မဟုတ် ရပ်ရွာက အထင်သေး ကဲ့ရဲ့ခြင်းကိုဖြစ်စေပါသည်။ အချို့သော ကျူးလွန်ခံရသူ အမျိုးသမီးများသည် မုဒိမ်းကျင့် ခံရသည့်အတွက် ၎င်းတို့၏ ခင်ပွန်းသည်တို့က ၎င်းတို့အား အပြစ်ဆိုမည်ကို ထိတ်လန့်ကြောက်ရွံ့ကြပါသည်။ အချို့သော ခင်ပွန်းသည် များက ၎င်းတို့၏ ဇနီးမယားများ မုဒိမ်းကျင့်ခံရသည့်အပေါ် ကျူးလွန်သူအား ဒေါသဖြစ်ရမည့်အစား ၎င်းတို့၏ ဒေါသကို ကျူးလွန်ခံရသူ ဇနီးမယားများအပေါ် တိုက်ရိုက်ပေါက်ကွဲလေ့ရှိပါသည်။ ထိုအမျိုးသမီးအား ဆက်လက်မပေါင်းသင်းခြင်း၊ သို့မဟုတ် နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ စော်ကားခြင်းတို့ဖြင့် ဤဒေါသကို ဖော်ပြကြပါသည်။ (ကရင်အမျိုး သမီးများ အဖွဲ့၊ ၂၀၀၄)

[73] တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်။

[74] မြန်မာနိုင်ငံသည် နိုင်ငံတကာ မြေမြှုပ်မိုင်းတားမြစ်ရေး သဘောတူညီချက်အဖွဲ့ဝင်နိုင်ငံ မဟုတ်သေးပါ။ ရှမ်းနှင့် ကရင်ပြည်နယ်များသည် မြေမြှုပ်မိုင်းအများဆုံး ချထားရာ ဒေသများ ဖြစ်သော်လည်း မိုင်းကြောင့် ထိခိုက်ပျက်စီးရသည့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသအများ အပြားတွင် မွန်ပြည်နယ်သည်လည်း တစ်ခု အပါအဝင် ဖြစ်ပါသည်။ မြေမြှုပ်မိုင်းများကို အစိုးရတပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ နှစ်ဖက်စလုံးက အသုံးပြုကြသော်လည်း အချို့၏ ပြောကြားချက်အရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက မိုင်းထောင် ထားသည့် နေရာများအား မသွားရန် သို့မဟုတ် မည်သည့်နေရာများမှ မသွားရန် ရွာသူရွာသားများအား အသိပေးသည်ဟု ဆိုပါသည်။ (ကုလသမဂ္ဂ၊ မိုင်းလုပ်ငန်းဆောင်ရွက်ချက် ၂၀၀၃၊ တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ လ ၆ ရက်)

[75] ကျား၊ မ ရေးရာနှင့် မိုင်းလုပ်ငန်းဆောင်ရွက်ချက် အစီအစဉ် ၂၀၁၂။

ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားများသည် မြေမြှုပ်မိုင်း ကိုယ်တိုင်ထောင်သည့် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအဖြစ် ဖြစ်စေ၊ ရှေ့တန်းတွင် အခမ့ပေါ်တာများ အဖြစ် ဖြစ်စေ၊ အိမ်ထောင်ဦးစီးများအဖြစ် တောတောင်ထဲတွင် အစားအစာ ရှာဖွေသူများအဖြစ် ဖြစ်စေ၊ ကျေးရွာတစ်ရွာမှ တစ်ရွာသို့ ခရီးသွားများအဖြစ် ဖြစ်စေ၊ အားလုံးသည် အမျိုးသားများ၏ တာဝန်များ ဖြစ်၍ မြေမြှုပ်မိုင်းရှိသည့် နေရာဒေသများသို့ သွားရောက်ကြခြင်းကြောင့် ဖြစ်သည်ဟု ပါဝင် ဖြေဆိုသူများက ပြောပြပါသည်။ မိုင်းထိပြီး အသက်မသေသော်လည်း ရေရှည်ထိခိုက်ဒဏ်ရာရသူများသည် ပုံမှန်ဝင်ငွေမရှာနိုင်တော့ဘဲ အဓိက ဝင်ငွေ ရှာပေးသူများအဖြစ် လူ့အသိုင်းအဝိုင်းက သတ်မှတ်ထားသည့် တာဝန်ကို မကျေပွန်နိုင်ကြတော့သည့်အတွက် စိတ်ပိုင်းနှင့် ခံစားမှုဆိုင်ရာ ဖိစီးမှုများ ဖြစ် စေပါသည်။ မသန်စွမ်းမှုကြောင့် အလုပ်အကိုင် ဆုံးရှုံးသည့်အခါ မိသားစု သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းက ၎င်းအမျိုးသားများအား ရံဖန်ရံခါ ကဲ့ရဲ့ပြစ်တင်ကြသည် လည်း ရှိပါသည်။ ဤအခြေအနေက မိမိ ကိုယ်ကို တန်ဖိုးမထားတော့ခြင်း၊ အရက်စွဲခြင်းတို့အပြင် အမျိုးသမီးများနှင့် သားသမီးများအတွက် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်သည့် အိမ်တွင်းအကြမ်းဖက်မှုနှင့် စိတ်ဖိစီးမှုတို့ကို ဖြစ်စေသည်ဟု သိရှိရပါသည်။[၇၆] မသန်စွမ်းမှု၏ ရလဒ်အဖြစ် အလုပ် လက်မဲ့ဖြစ်ရပြီး အမျိုးသားများသည် သန်စွမ်းဖျတ်လတ်၍ ပင်ပန်းသည့် အလုပ်ကြမ်းများလုပ်ပြီး မိသားစုကို ရှာဖွေ ကျွေးနိုင်သည့် ဆိုသည့် အစဉ်အလာ မျှော်လင့်ချက်များနှင့် ကွဲပြားခြားနားသွားသည်ဟု ပါဝင်ဖြေဆိုသူများက ဆက်၍ ပြောကြပါသည်။

မြေမြှုပ်မိုင်းထိသူသည် အဓိကဝင်ငွေရှာပေးသူ ဖြစ်လျှင် အမျိုးသမီးများတွင် အလုပ်ပိုလာပြီး အသက်မွေးဝမ်းကျောင်း နှင့် ဆက်စပ်သည့် တာဝန်များဖြင့် ဝန်ထုပ်ဝန်ပိုး ဖြစ်လာပါသည်။ တစ်ချိန်တည်းမှာပင် မိသားစုတွင် မိခင်နှင့် အဓိက ပြုစု စောင့်ရှောက်သူအဖြစ်[၇၇] လည်း တာဝန်ယူကြရပါသည်။

> *"အဲဒီမိသားစုတွေက အများအားဖြင့်တော့ လယ်လုပ်သူတွေပါ။ ဒီတော့ ယောကျ်ားဒဏ်ရာရရင် ဝင်ငွေမရှိတော့ဘူး။ မိန်းမလုပ်တဲ့သူအတွက်ကတော့ ဒါဟာ ဝန်ထုပ်ဝန်ပိုးပဲ။ စိတ်ဖိစီးတာပေ့ါ။ ကလေးတွေကိုပြုစုစောင့်ရှောက်ရတယ်။ ဝင်ငွေ ရှာရတယ်။ တစ်ချိန်တည်းမှာ ယောကျ်ားကိုလည်း ပြုစုရတယ်။"*
>
> (တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

နောက်ခံအခြေအနေ အများအပြားတွင် ကျား၊ မ ရေးရာနှင့် စပ်လျဉ်းသည့် လူ့ပတ်ဝန်းကျင်၏ သဘောထားနှင့် အစီအစဉ်များ၌ မိုင်းအန္တရာယ် ပညာပေးရေးနှင့် ထိခိုက်ဒဏ်ရာရရှိပါက ကုသမှု ခံယူခွင့်ရရေးတို့တွင် အမျိုးသမီးများအား ဘေးဖယ်ထားလေ့ရှိပါသည်။ ဤလေ့လာမှုအတွက် ပြုလုပ်သည့် ဦးတည်အုပ်စု ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုသူ အများအပြား၊ အထူးသဖြင့် အမျိုးသမီးများသည် မွန်ပြည်နယ်အတွင်း မြေမြှုပ်မိုင်း ရှိနေခြင်းနှင့် ရှိနေသည့် နေရာများကို သေသေချာချာ မသိကြောင်း တွေ့ရပါသည်။ အမျိုးသမီးများ မိုင်းထိ၍ ဒဏ်ရာရခဲ့လျှင် ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် ဖယ်ကြဉ်ခံရနိုင်ချေ ပို၍များပြီး ငယ်ရွယ်သည့် အမျိုးသမီးများ အိမ်ထောင်ဖက်ရရန် မလွယ်ကူသည့် အခြေအနေတို့ကိုလည်း ရင်ဆိုင်ကြရပါသည်။

## မိသားစုအား ရှာဖွေကျွေးမွေးသူ သေဆုံးခြင်း

မိသားစုအား ရှာဖွေကျွေးမွေးသူ သေဆုံးခြင်းဆိုင်ရာ ဆွေးနွေးမှုများတွင် ကျား၊ မ မတူညီမှုများကို ထင်ထင်ရှားရှား တွေ့ရှိရပါသည်။ လက်နက်ကိုင် ပဋိပက္ခတွင် မိသားစုအား ရှာဖွေကျွေးမွေးသူ အမျိုးသား သေဆုံးခြင်းသည် အမျိုးသမီးများ နှင့် မိသားစုအပေါ် စီးပွားရေးအရ ကြီးကြီးမားမား သက်ရောက် စေပါသည်။ အစစအရာရာ ကျပ်တည်းသည့် အခြေအနေ တွင် အမျိုးသမီးများသည် တစ်ဦးတည်း ဝင်ငွေရှာကြရပြီး ခင်ပွန်းသည်များ သေဆုံးမှုအတွက် လျော်ကြေးမရရှိသည့်အပြင် သားသမီးများအား ပြုစုပျိုးထောင်ခြင်းနှင့် ရပ်ရွာတာဝန်များကိုလည်း ဆက်လက် ပါဝင် ထမ်းဆောင်ကြရပါသည်။ အလုပ်ရှာ ၍ရသည့် အခါ ရာထူးချင်းတူပါလျှက် ၎င်းတို့သည် အမျိုးသားများထက် လုပ်ခလစာ ပိုနည်းပါသည်။ သက်ရောက်မှုက သားသမီးများအထိ ရောက်ရှိသွားပြီး စိတ်ပိုင်းဆိုင်ရာ ပြဿနာများနှင့် မိသားစုအား တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန် ကျောင်းထွက်လိုက်ရခြင်းများကို ရင်ဆိုင်ကြုံတွေ့ရပါသည်။ ဤသည်က မိန်းကလေးများအတွက် ပို၍ဆိုးရွားပြီး ပြင်းထန် ရက်စက်သည့် ခွဲခြားဆက်ဆံခြင်းသံသရာကို ပိုမိုအားကောင်းစေ၍ ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်တော့သည့် အခြေအနေနှင့် အထူးသဖြင့် မိန်းကလေးများအတွက် ကျောင်းထွက်လိုက်ရခြင်းက အလုပ်အကိုင် အခွင့်အလမ်းများကို ဆုံးရှုံးသွားစေပါ သည်။

> *"ကျွန်တော့်အဖေဆုံးတော့ အမေက ၂၄ နှစ်ပဲ ရှိသေးတယ်။ အဖေဆုံးသွားတော့ မိသားစုဝင်ငွေလည်း မရှိတော့ဘူး။ ကျွန်တော်တို့ မောင်နှမတွေနဲ့ ကျွန်တော်က မိသားစုအတွက် ငွေရှာရတယ်။ ကျွန်တော့်အစ်မက အမေ့ကို ကူတယ်။ ကျွန်တော် က အလုပ်စလုပ်တယ်။ ကျွန်တော်ရော၊ မောင်နှမတွေအားလုံး ကျောင်းထွက်ပြီး အလုပ်လုပ်ကြရတယ်။ ကျွန်တော်က ကျွဲတွေ၊ နွားတွေ ကျောင်းတယ်။"*
>
> (တွေ့ဆုံမေးမြန်းမှု ဘားအံ၊ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၆ ရက်)

ဆန့်ကျင်ဘက်အားဖြင့် အမျိုးသမီး သေဆုံးပါက အမျိုးသားများက နောက်အိမ်ထောင်ပြုကြပြီး အခြေအနေက ထင်ထားသလောက် မဆိုးကြောင်း ပါဝင်ဖြေဆိုသူများက ပြောကြပါသည်။

> *"သူက နောက်အိမ်ထောင်ပြုတယ်။ သူ့အတွက် မထိခိုက်ပါဘူး။"*
>
> (တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်)

---

[၇၆] အမျိုးသမီးများအပေါ် သက်ရောက်မှုကို ပါဝင်ဖြေဆိုသူများက တိတိကျကျ ထုတ်ဖော်မပြောသော်လည်း အလားတူ ပဋိပက္ခဒဏ် ခံရသည့် ဒေသများမှ ဖြေကြားချက်များအရ အသက် မွေးဝမ်းကျောင်းလုပ်ငန်း မရှိသည့် မိသားစုများတွင် အမျိုးသားများ အရက်စွဲပြီး အိမ်တွင်း အကြမ်းဖက်မှုအန္တရာယ်နှင့် အမျိုးသမီးများ ပိုမိုကြုံတွေ့ကြရသည်ဟု သိရှိရပါသည်။

[၇၇] ကျား၊ မ ရေးရာနှင့် မိုင်းလုပ်ငန်းဆောင်ရွက်ချက် အစီအစဉ်၊ ၂၀၁၂

အမျိုးသမီး သေဆုံးလျှင် မိသားစုအတွက် စီးပွားရေးအခက်အခဲ သိပ်မရှိဘဲ အမျိုးသားက မိသားစုအား ဆက်လက် ရှာဖွေထောက်ပံ့သည်ဟု ပါဝင်ဖြေဆိုသူများက ပြောပြပါသည်။ သို့ရာတွင် အမျိုးသမီး သေဆုံးသည့်အခါ၊ လူမှုရေးအရနှင့် စိတ်ခံစားမှုအရ မိသားစုပြိုကွဲသွားနိုင်ပြီး သားသမီးများအား ဘော်ဒါကျောင်းထားခြင်း သို့မဟုတ် ဆွေမျိုးသားချင်းများက ပြုစုပျိုးထောင်ရခြင်း စသည့် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်ပါသည်။

## အသက်မွေးမှုလုပ်ငန်းများ ဆုံးရှုံးခြင်း၊ လယ်ယာမြေများ သိမ်းဆည်းခံရခြင်းနှင့် အခြားပိုင်ဆိုင်မှုများ သိမ်းယူခံရခြင်း

မြန်မာနိုင်ငံရှိ မိသားစု အများအပြားအတွက် တောတောင်နှင့် လယ်ယာမြေတို့သည် အသက်သွေးကြော ဖြစ်သည့် အားလျော်စွာ[78] ပဋိပက္ခအတွင်း ပစ္စည်းဥစ္စာ၊ ပိုင်ဆိုင်မှုများ၊ အထူးသဖြင့် လယ်ယာမြေနှင့် အသက်မွေးမှုလုပ်ငန်းများ ဆုံးရှုံးခြင်းသည် မိသားစုများနှင့် ရပ်ရွာဒေသများအတွက် အကြီးမားဆုံး ဆိုးကျိုးသက်ရောက်မှုတစ်ခု ဖြစ်ပါသည်။ လယ်ယာမြေ သိမ်းဆည်းခံရခြင်းသည် အမျိုးသားနှင့် အမျိုးသမီးများအပေါ် မတူကွဲပြားစွာ သက်ရောက် စေပြီး ရှိနေသည့် ကျား၊ မ ရေးရာ အခန်းကဏ္ဍများမှ အစပြု၍ မတူညီသော စိတ်ပိုင်း – လူမှုဆိုင်ရာ မတော်မတရားမှုများနှင့် ပိုမိုကြုံတွေ့ကြရပါသည်။ [79] ဤပြည်နယ်နစ်ခုတွင် အမျိုးသားအများစုသည် အိမ်ထောင်ဦးစီးနှင့်ပစ္စည်းဥစ္စာ ပိုင်ဆိုင်သူများဖြစ်၍ ရုပ်ဝတ္ထုပိုင်ဆိုင်မှုနှင့် ပစ္စည်းဥစ္စာတို့ကို ပဲ့ကိုင်သူ၊ ကာကွယ်စောင့်ရှောက်သူများအဖြစ် လူမှုဖိအားနှင့် တာဝန်ရှိသူများ ဖြစ်သည့်အတွက် ပစ္စည်း ဥစ္စာ ပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သိမ်းယူခံရခြင်း၊ ဆုံးရှုံးခြင်းသည် ပရိဒေဝမီးကို တောက်လောက်စေ ပါသည်။ ဤသည်မှာ အဆင့်အတန်း၊ ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို တန်ဖိုးထားမှုတို့ကို ကိုယ်စားပြုသည့် အပြင် ယောက်ျား ပီသမှုအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ပါသည်။ ဒုက္ခသည်စခန်းများ၊ စစ်ရှောင်စခန်းများတွင် ၄င်းတို့၏ အစဉ်အလာ တာဝန်များကို မဖြည့်ဆည်းပေးနိုင်သည့် အမျိုးသားများ သို့မဟုတ် လခစား အလုပ်ရှာရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရသူများအနက် အချို့သည် စိတ်ကျရောဂါစွဲကပ်ကြပြီး မူးယစ်ဆေးဝါး သုံးစွဲသည်အထိ ဖြစ်သွားကြပါသည်။ အကျိုးဆက် အနေဖြင့် အိမ်တွင်း အကြမ်းဖက်မှုကို အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ [80]

မြေယာပိုင်ဆိုင်မှု သို့မဟုတ် လုပ်ပိုင်ခွင့်ကို များသောအားဖြင့် အမျိုးသားများ၏ အမည်ဖြင့်သာ မှတ်ပုံတင်ကြပြီး အဓိကကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ချေးငွေ စသည့် ဆက်စပ်အရင်းအမြစ်များ စီမံခန့်ခွဲရာတွင် အမျိုးသမီးများအား ဘေးဖယ် ထားကြပါသည်။ အထူးသဖြင့် ဥပဒေမဲ့ လယ်ယာမြေ သိမ်းယူမှုများ၊ အငြင်းပွားမှုများ ဖြစ်နေသည့် သို့မဟုတ် ခင်ပွန်းဖြစ်သူ သေဆုံးသည့်၊ သို့မဟုတ် လင်မယား ကွာရှင်းကြသည့် အခြေအနေတွင် အမျိုးသမီးများ အိမ်ထောင်ဦးစီး ဖြစ်လာသည့်အခါ ဤသည်က အမျိုးသမီးများအတွက် စီးပွားရေး၊ စိတ်ခံစားမှုနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများကို ဖြစ်စေပါသည်။ လယ်ယာမြေ အသိမ်းမခံရသည့်တိုင် စစ်ရှောင်စခန်းမှ မိမိလယ်မြေရှိရာသို့ သွား၍ ထွန်ယက်စိုက်ပျိုး မလုပ်နိုင်ခြင်း၊ သို့မဟုတ် သီးနှံများ သိမ်းယူခံရခြင်း၊ သို့မဟုတ် လယ်ယာမြေကို မထိန်းသိမ်း၊ မစောင့်ရှောက်နိုင်ခြင်းတို့သည် စီးပွားရေးအရ ဆုံးရှုံးစေပြီး အာဟာရနှင့် စားနပ်ရိက္ခာ ဖူလုံမှုအတွက် ဆိုးကျိုး သက်ရောက်စေပါသည်။ [81]

ရွာတွင် ကျန်ရစ်ခဲ့သူ အမျိုးသမီးများသည် ခြိမ်းခြောက်ငွေညှစ်မှုကို ခံရနိုင်ချေများသည်ဟု ပါဝင်ဖြေဆိုသူများက ပြောပြကြပြီး အမျိုးသားများ မရှိသည့်အချိန်တွင် စစ်သားများက အိမ်မွေးတိရစ္ဆာန်များနှင့် အခြားအဖိုးတန် ပစ္စည်းများအား အမျိုးသမီးများထံမှ တောင်းယူကြသည့် သာဓကများရှိကြောင်း ပြောပါသည်။ မိသားစုဝင် အမျိုးသားများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတွင် ပါဝင်နေသည်ဟု သံသယရှိသည့်အခါများတွင်လည်း ဤသို့ လုပ်ဆောင်လေ့ရှိပါသည်။ [82]

## နေရပ်စွန့်ခွာရခြင်းနှင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်း

မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသား၊ အမျိုးသမီးများ၏ လက်နက်ကိုင် ပဋိပက္ခကို ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းတစ်ခုမှာ ပဋိပက္ခဒဏ်ခံရသည့် နေရာဒေသမှ ထွက်ပြေးတိမ်းရှောင်ခြင်း သို့မဟုတ် အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်း ဖြစ်ပါသည်။ ၄င်း၏ ရလဒ်အဖြစ် နိုင်ငံတွင်း နေရပ်စွန့်ခွာရသူများ (IDPs)၊ ဒုက္ခသည်များ၊ နိုင်ငံတွင်းနှင့် ပြည်ပ နိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်သူများ အများအပြား ရှိလာပါသည်။[83] ဆောက်လုပ်ရေးလုပ်သားများ၊ ဖိနပ်နှင့် အထည်အလိပ် ရောင်းဝယ်ဖောက်ကားသူများအဖြစ် အလုပ်အကိုင်ရှာဖွေရန်၊ အများအားဖြင့် အမျိုးသားများက နယ်စပ် ဖြတ်ကျော်သွားရောက် ကြ

---

[78] ၁၉၉၅ ခုနှစ်တွင် အပစ်အခတ် ရပ်စဲပြီးနောက် "အာရှ၏ နောက်ဆုံးနယ်ပယ်သစ်" ဟု တင်စားကြသည့် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် မွန်ပြည်နယ်မှ အကျိုးအမြတ်ရယူရန် စိတ်အားထက်သန်ကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဒေသတွင်း ဖွံ့ဖြိုးရေး စီမံချက်များ အတွက် အကြီးအကျယ် လာရောက်ရင်းနှီးမြှုပ်နှံကြခြင်း၏ အကျိုးဆက်အဖြစ် လယ်ယာမြေသိမ်းယူမှုများ၊ ခြိမ်းခြောက်ငွေညှစ်ခြင်းများ ရှိလာပါသည်။

[79] မွန်ဒေသ လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ ၂၀၁၄၊ စာ – ၃၄

[80] တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၆ ရက်

[81] The Border Consortium (TBC)၊ ၂၀၀၃

[82] ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ ၂၀၀၆၊ စာ – ၂၆ – ၂၇

[83] ၁၉၉၀ ခုနှစ်တွင် မွန်ပြည်သစ်ပါတီ (NMSP) ၏ ဌာနချုပ်ဖြစ်သည့် ဘုရားသုံးဆူတောင်ကြားစခန်း ကျဆုံးခဲ့ပြီးနောက် မွန်ပြည်နယ်တွင် မွန်ပြည်သစ်ပါတီနှင့် အစိုးရတပ်မတော်ကြား တိုက်ပွဲများ ပြီးဆုံးသွားခဲ့ပြီး၊ ပြည်သူထောင်ပေါင်းများစွာ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးခိုလှုံခဲ့ရသည့်အပြင်၊ ရေး တစ်မြို့နယ်တည်းတွင်ပင် လူပေါင်း ၃၅,၀၀၀ ခန့် နေရပ်စွန့်ခွာခဲ့ရပါသည်။ ၁၉၉၅ ခုနှစ်တွင် အပစ်အခတ် ရပ်စဲရေး သဘောတူခဲ့ပြီးနောက် တိုက်ပွဲများ တစ်စုံတစ်ရာ ရပ်စဲသွားခဲ့သော်လည်း ခြွင်းချက်အနေဖြင့် ၂၀၀၀ ခုနှစ် နှစ်လယ်ပိုင်းတွင် ကြိုကြားကြိုကြား ထိတွေ့မှုများ ရှိခဲ့ရာ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း နေရပ်စွန့်ခွာရသူ ဦးရေ ၃၁,၀၀၀ မှ ၄၈,၇၀၀ အထိ များပြား လာခဲ့ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ အခြေအနေ နောက်ဆုံး တင်ပြချက် အရ ရေးမြို့နယ်မှ နေရပ်စွန့်ခွာရသူ ၃၅,၀၀၀ ဦး ရှိနေဆဲ ဖြစ်ပါသည်။ မွန်ပြည်နယ်မှ ဒုက္ခသည် ၁၁,၀၀၀ခန့် ထိုင်းနိုင်ငံတွင် ရှိနေဆဲဖြစ်ပြီး အများစုသည် ဘီးလင်းနှင့် သထုံမြို့နယ်များမှ ဖြစ်သည်ဟု UNHCR က ခန့်မှန်းဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ် UNHCR ၏ အစီရင်ခံစာ တွင် ကရင်ပြည်နယ်မှ (ထိုင်းနိုင်ငံတွင် အများဆုံးဖြစ်သည့်) လက်ရှိ ဒုက္ခသည် အရေအတွက်သည် ၅၂,၂၇၆ ဦးဟု မှတ်တမ်းပြုထားပြီး The Border Consortium အဖွဲ့၏ နောက်ဆုံး ခန့်မှန်းချက်အရ လက်ရှိပြည်နယ်အတွင်း နေရပ်စွန့်ခွာရသူ အရေအတွက်သည် ၂၀၁၂ ခုနှစ်၊ စာရင်းအရ ၈၉,၁၅၀ ဦး ဖြစ်သည်ဟု ဆိုပါသည်။ UNHCR၊ ၂၀၁၄၊ စာ – ၁၂၊ UNHCR ၊ ၂၀၁၄ (က) ၊ စာ – ၃

သည်ဟု ပါဝင်ဖြေဆိုသူများက ပြောကြပါသည်။ သို့ရာတွင် အမျိုးသမီးများ၊ အထူးသဖြင့် မွန်ပြည်နယ် ဒေသအသီးသီးမှ အမျိုးသမီးများသည် ပြည်ပနိုင်ငံများတွင် အိမ်အကူများ၊ သမားရိုးကျ မဟုတ်သည့် ထုတ်ကုန်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ယခင်ကထက် ပိုမိုဝင်ရောက် လုပ်ကိုင်လျက်ရှိပြီး အထူးသဖြင့် ထိုသို့သော အလုပ်အကိုင် များအတွက် လူလိုအပ်နေသည့် ထိုင်းနိုင်ငံတွင် ဖြစ်ပါသည်။[၈၄] အမျိုးသမီးများသည် လူကုန်ကူးမှု၏ သားကောင်များ ဖြစ်နိုင် သည့် အန္တရာယ်နှင့် ပိုမိုကြုံတွေ့ရပြီး အလုပ်အကိုင် ရရှိရေးအတွက် အခြားတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်စဉ်အတွင်း လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ ကြုံတွေ့ကြရပါသည်။ စစ်ရှောင်စခန်းများမှ အမျိုးသမီး အများအပြားသည် စခန်းအတွင်း လိင်အကြမ်းဖက်မှုနှင့် ကြုံတွေ့ကြရပြီး ဥပမာအားဖြင့် တစ်ယောက်တည်း ပြန်လာသည့်အခါ သို့မဟုတ် စိုက်ခင်းများတွင် အလုပ်လုပ်သည့်အခါမျိုးတွင် ဖြစ်ပါသည်။[၈၅] လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုခံရခြင်းအပြင် အမျိုးသား များထက် လုပ်ခလစာ နည်း၍ ပဋိပက္ခကာလအတွင်း ခင်ပွန်းနှင့် သားယောက်ျားလေးများ ထွက် ပြေးတိမ်းရှောင် သို့မဟုတ် အခြား တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်သည့်အခါ မိသားစုတာဝန်ကိုလည်း ယူကြရပါသည်။ [၈၆]

*"ကျွန်မယောက်ျားနဲ့ ကွဲတာ ၂ နှစ်လောက်ရှိပြီ၊ တစ်ဖက်ကလည်း အလုပ်ရှာ၊ တစ်ဖက်မှာ ကလေးတွေကို ပြုစု စောင့်ရှောက် ကျွေးမွေးရတယ်။ စခန်းမှာတော့ အများစုက လယ်လုပ်ငန်းမှာ ဝင်လုပ်ကြတယ်။ ဒါပေမဲ့ လယ်ပိုင်ရှင်တွေက အမျိုးသမီးဆိုရင် သိပ်မငှားဘူး။ အမျိုးသားတွေလောက် အလုပ်ကြမ်း မလုပ်နိုင်ဘူး ထင်လို့လေ။ အမျိုးသားတွေက တစ်နေ့ ကို ဘတ် ၁၅၀ ရတယ်။ အမျိုးသမီးတွေလည်း အတူတူလုပ်၊ အတူတူ လခရသင့်တာပေါ့။ ယောက်ျားမရှိတဲ့ မိန်းမတွေ အတွက် လယ်လုပ်ငန်းမှာ အလုပ်ရဖို့ အရမ်းခက်တယ်။ စားစရာ ဆန်လုံလုံလောက်လောက် ရှိနေရင် ကျွန်မတို့ ဒီလောက် မခက်ခဲပါဘူး။ မိန်းမတွေ တော်တော်များများ အလုပ်လုပ်တယ်။ စားဖို့ သောက်ဖို့ ရရုံပဲ။ ဘာမှမပိုဘူး။"*[၈၇]

နေရပ်စွန့်ခွာရသူများနှင့် တခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်သူများအတွက် ထိုသို့ နေထိုင်စဉ် ကာလအတွင်းနှင့် မူရင်းနေရပ်သို့ ပြန်သည့်အခါ ၎င်းတို့၏ ဘေးကင်းလုံခြုံရေး အာမခံချက်ရှိလိမ့်မည်ဟု လုံးလုံးလျားလျား မသေချာပါ။ ၎င်းတို့ အတွက် အလုပ်အကိုင် အခွင့်အလမ်း လုံလုံလောက်လောက် ရှိလိမ့်မည်ဟုလည်း အသေအချာ မပြောနိုင်ပါ။ အများစုက လက်တုံ့ပြန်ခံရမည်ကို စိုးရိမ်ကြပါသည်။ အများအပြားက ၎င်းတို့၏ လယ်ယာမြေများ ပြန်ရ၊ မရ မသေချာပါ။ လုံခြုံ ဘေးကင်းစွာဖြင့် အစုလိုက် နေရပ်ပြန်ရေးနှင့် မူရင်းရပ်ရွာဒေသတွင် ပြန်လည်ပေါင်းစည်းနေထိုင်ရေး အခွင့်အလမ်းများ ဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်နှင့် တိတိကျကျ သတင်းအချက်အလက်များ မရှိခြင်းနှင့် ဤသည်တို့ ပေါင်းစပ်သည့်အခါ နေရပ် တွင် ပြန်လည်အခြေချ နေထိုင်ရေးသည် အကဲဆတ်သည့် ပြဿနာတစ်ရပ် ဖြစ်လာပါသည်။[၈၈]





Photo: Julie Marie Hansen

[၈၄] အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ စီမံချက် (WCRP) ၂၀၀၉၊ စာ – ၂၀

[၈၅] မွန်ဒေသ လူ့အခွင့်အရေးဖောင်ဒေးရှင်း ၂၀၁၂၊ စာ – ၃၆

[၈၆] မွန်ဒေသ လူ့အခွင့်အရေးဖောင်ဒေးရှင်း ၂၀၁၂

[87] Ibid

[88] Ibid

# အခန်း (၅)
# ငြိမ်းချမ်းရေးတွင် မွန်နှင့် ကရင်အမျိုးသမီးများ၏ ပါဝင်ကူညီဆောင်ရွက်မှုများ

အမျိုးသမီးများသည် ပဋိပက္ခ၏ သားကောင်သက်သက် မဟုတ်ပါ။ ၄င်းတို့၏ ဒေသဆိုင်ရာ ဗဟုသုတ၊ ကျွမ်းကျင်မှု နှင့် စွမ်းရည်များ၊ ခေါင်းဆောင်မှု အရည်အသွေးနှင့် ကွန်ရက်ချိတ်ဆက်မှုတို့ကို အသုံးချ၍ လူမှုနယ်ပယ်တွင် စေ့စပ်ညှိနှိုင်း ပေးသည့် ၄င်းတို့၏ အခန်းကဏ္ဍများ တဖြည်းဖြည်းချင်း ဖွံ့ဖြိုးတိုးတက်လာပါသည်။ ဤသည်ကို အသုံးပြု၍ ငြိမ်းချမ်းရေးကို ပိုမိုနားလည်သဘောပေါက်လာစေရေး ပါဝင်ကူညီရန်၊ မိသားစုများ ရပ်ရွာဒေသများ၏ အသက်ရှင်ရပ်တည်ရေး လိုအပ်ချက် များအား ဖြည့်ဆည်းပေးရန်၊ ပဋိပက္ခကို လျော့နည်း၊ ဖြေရှင်း တားဆီးရန်နှင့် ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် ၄င်းတို့ ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

## ကျယ်ပြန့်ပြည့်စုံသည့် ငြိမ်းချမ်းရေး အဓိပ္ပာယ်တွင် အမျိုးသမီးများ၏ ပါဝင်ကူညီဆောင်ရွက်မှု

မွန်နှင့် ကရင်ပြည်နယ်တို့၏ အတွေ့အကြုံများအရ ငြိမ်းချမ်းရေး ဆိုသည်မှာ ရက်စက်မှု၊ ရန်လိုမှု၊ တင်းမာမှုနှင့် အကြမ်းဖက်မှုတို့ မရှိရုံမျှသာမဟုတ်ဘဲ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်ခွင့်နှင့် အားလုံးအတွက် တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်မှု (ဤသည်တို့ မရှိခြင်းသည် ပဋိပက္ခဖြစ်ရခြင်း၏ ရေသောက်မြစ်များ ဖြစ်ပါသည်) တို့ဖြင့် ဝိဂြိုဟ်ပြုထားသည့် အခြေအနေတစ်ရပ် ဖြစ်သည်ဟု အမျိုးသမီးများက ရှုမြင်ကြပါသည်။ ဖွံ့ဖြိုးတိုးတက်မှု မရှိလျှင် ငြိမ်းချမ်းရေးမရှိနိုင်၊ ထိုနည်းတူပင် ငြိမ်းချမ်းရေး မရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ဟု ၄င်းတို့က ယုံကြည်ထားကြပါသည်။ ဤအယူအဆများသည် လူမှုနယ်ပယ်တွင် စေ့စပ်ညှိနှိုင်း၍ ပြုစုစောင့်ရှောက်ပေးသည့် ကြင်နာသနားစိတ်ဖြင့် ကူညီပေးသည့် ၄င်းတို့၏ လုပ်ဆောင် ချက်များနှင့် ရပ်ရွာဒေသတစ်ခုလုံးအပေါ် ရေတို၊ ရေရှည် ပျက်စီးစေသည့် ၄င်းတို့ကိုယ်တိုင် အသက်ရှင်လျက် ကြုံတွေ့ခဲ့ရ သည့် လက်နက်ကိုင် ပဋိပက္ခ၏ သက်ရောက်မှုများမှ မြစ်ဖျားခံသည် ဟု ဆိုရပါမည်။

> *"စီးပွားရေး လုပ်ငန်းကိုင်ငန်းနဲ့ လူမှုရေးစတဲ့ ကဏ္ဍအသီးသီးမှာ အမျိုးသမီးတွေဟာ တန်းတူအခွင့်အရေး ရှိတယ်။ အမျိုးသမီးတွေအနေနဲ့ စီးပွားရေးပဲ လုပ်သင့်တယ်။ နိုင်ငံရေးမှာ ဝင်မပါသင့်ဘူးလို့ ကျွန်တော်တို့ ထင်နေရင်တော့ တကယ် စစ်မှန်တဲ့ ငြိမ်းချမ်းရေး မရနိုင်ဘူး။ ငြိမ်းချမ်းရေးကို တကယ်စစ်မှန်ဖို့ဆိုရင် အဲဒီဖြစ်စဉ်တွေမှာ အမျိုးသမီးတွေ အပါအဝင် လူသားအားလုံး ပါဝင်ခွင့်ရှိရမယ်။ ဒါကြောင့် ဒါကို ကျွန်တော်တို့ တစ်ခါတည်း အောင်မြင်အောင် လုပ်နိုင်ရမယ်။ ပြန်ပြီး စဉ်းစားနေဖို့ မလိုဘူး၊ ကျွန်တော်တို့ အချိန်ဖြုန်းနေလို့ မရဘူး။ ဥပမာ အမျိုးသမီးတွေကို ဖယ်ထားပြီး အမျိုးသားတွေချည်းပဲ လုပ်လို့ အားလုံး သဘောတူတယ် ဆိုရင်တောင် ဖွံ့ဖြိုးတိုးတက်မှုက နှေးနေမှာပဲ။ တကယ်လို့ သဘောတူညီချက်ရပြီးမှ အမျိုးသမီးတွေကို ပါကြပါဆိုရင် အားလုံး အသစ်က ပြန်စရမလိုမျိုး ဖြစ်သွားမှာပဲ။ အချိန်တွေ အလဟဿဖြစ်တယ်။"*
>
> (တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

## မိသားစုများ ရပ်ရွာဒေသများ၏ အသက်ရှင်ရပ်တည်ရေး လိုအပ်ချက်များအား (အိမ်ထောင်ဦးစီးများအဖြစ်) အမျိုးသမီးများ၏ ဖြေရှင်းဆောင်ရွက်မှု

၄င်းတို့၏ မိသားစုများနှင့် ရပ်ရွာဒေသများ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးများသည် အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ကြ၊ ရင်ဆိုင်ကျော်လွှားကြရပါသည်။[၅၉] အစဉ်အလာအရ အိမ်မှုကိစ္စနှင့် ပြုစုစောင့်ရှောက်ရမည့် တာဝန်များအရ အမျိုးသမီးများသည် မိသားစုများ ရပ်ရွာဒေသများ၏ အရေးကြီးသည့် နေ့စဉ်အာဟာရ လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရခြင်း နှင့် ထိခိုက်ဒဏ်ရာရထားသည့် မိသားစုဝင်များအား ပြုစုကုသပေးခြင်း စသည့် တာဝန်များကို ထမ်းရွက်ကြရပါသည်။

အမျိုးသားများ ထွက်ပြေးတိမ်းရှောင်၊ တခြားတစ်နေရာ၌ ပြောင်းရွှေ့နေထိုင်၊ သို့မဟုတ် တိုက်ပွဲတွင် အသက် ဆုံးရှုံး၊ ထိခိုက်ဒဏ်ရာရသည့် အခြေအနေများတွင် အမျိုးသမီးများသည် မိသားစုအား ကာကွယ်စောင့်ရှောက်သူ၊ ရှာဖွေကျွေးမွေးသူ နှင့် အိမ်ထောင်ဦးစီးများ ဖြစ်လာကြပါသည်။ အစဉ်အလာအားဖြင့် အမျိုးသားများ တာဝန်ယူခဲ့သည့် အိမ်မွေးတိရစ္ဆာန် မွေးမြူရေးကို အမျိုးသမီးများက ပခုံးပြောင်း တာဝန်ယူကြရပါသည်။[၆၀] အိမ်နောက်ဖေး ဟင်းသီးဟင်းရွက် စိုက်ခင်းမှ ဖြစ်နိုင် လျှင် အသွင်ပြောင်း၍ လယ်ယာစိုက်ပျိုးခြင်း၊ တောထဲသွားပြီး သစ်ခုတ်၍ ထင်းရောင်းခြင်း အပါအဝင် အစဉ်အလာအားဖြင့် အမျိုးသားများ၏တာဝန် ဖြစ်သည့် ဝင်ငွေရှာခြင်း အလုပ်များကိုလည်း အစားထိုး လုပ်ကိုင်ကြရပြီး ငါးရောင်းခြင်း၊ ဟင်းသီး ဟင်းရွက်နှင့် ကုန်ခြောက်ရောင်းခြင်း စသည့် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ကိုယ်ပိုင် ရာဘာစိုက်ခင်းများကို ဦးစီးခြင်း သို့မဟုတ် ရာဘာစိုက်ခင်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း[၆၁] စသည့် အလုပ်များ ဖြစ်ပါသည်။

---

[၅၉] ဦးနှင့် Kusakabe၊ ၂၀၁၀၊ စာ – ၄၈၈

[၆၀] တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

[၆၁] တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆၊ ၁၇၊ ၁၈ ရက်

ဤတာဝန်အသစ်များအား ယူကြရသည့် အမျိုးသမီးများသည် အကူအညီအတွက် ၄င်းတို့၏ လူမှုကွန်ရက်များနှင့် ရပ်ရွာဒေသများအပေါ် အားကိုးအား ထားပြုကြပြီး အထူးသဖြင့် အသက်ရှင်ရပ်တည်ရေးအတွက် ၄င်းတို့အပေါ် မှီခိုကြရပါ သည်။ အမျိုးသမီးများတွင် ဘာမှမရှိသည့် အခြေအနေများတွင် ဆွေမျိုးသားချင်းများက ၄င်းတို့ကို ကြည့်ရှုစောင့်ရှောက်ကြ ပြီး မိသားစု၏ အသက်မွေးဝမ်းကျောင်း ရင်းမြစ်များ၊ ဥပမာအားဖြင့် အိမ်မွေးတိရစ္ဆာန်များသိမ်းဆည်းခံရခြင်း၊ မြေသိမ်းခံရ ခြင်း၊ သီးနှံများ ပျက်စီးခြင်းတို့ ကြုံရသည့်အခါ လယ်ထွန်ရန် ရွာသူရွာသားများက ၄င်းတို့၏ နွားများကို ငှားပေးကြပါသည်။[၆၂]

## ပဋိပက္ခ၏ ကနဦးသတိပေး လက္ခဏာများအား အမျိုးသမီးများ၏ ကြိုတင်သိရှိနိုင်မှု

မွန်နှင့် ကရင်အမျိုးသမီးများသည် ပဋိပက္ခဖြစ်တော့မည်ဟု အရိပ်အမြွက်ပြသည့် ပဋိပက္ခ၏ လက္ခဏာများအား ကြိုတင်သိရှိနိုင်ကြပါသည်။ ၄င်းတို့တွင် တပ်များ ကြိုတင်ပြင်ဆင်ခြင်း၊ လှုပ်ရှားမှုများ အရှိန်မြှင့်လာခြင်း၊ လက်နက်များ သိုလှောင်ခြင်း၊ ၄င်းတို့၏ ကျေးရွာများ အနီးပတ်ဝန်းကျင်တွင် တပ်များ၏ လှုပ်ရှားမှု၊ ၄င်းတို့ကျေးရွာများတွင် တပ်များ ဝင်ရောက်တပ်စွဲခြင်း၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်အဖွဲ့များကြား ပဋိပက္ခ၏ နောက်ဆက်တွဲအဖြစ် မူးယစ်မှောင်ခို များ၊ အချင်းချင်း အကြမ်းဖက်မှုများ၊ အမျိုးသမီးများအပေါ် ထိပါးစော်ကားမှုနှင့် အကြမ်းဖက်မှုများ ပိုများလာခြင်းနှင့် မြေမြှုပ်မိုင်း ပေါက်ကွဲသံများ၊ သေနတ်ပစ်ခတ်သံများ စသည်တို့ ပါဝင်ပါသည်။ ကျေးရွာမှ အမျိုးသားများ လျှို့ဝှက်စည်းဝေး ကြပြီ ဆိုလျှင် ပဋိပက္ခ အစပျိုးနေပြီဖြစ်ကြောင်း အမျိုးသမီးများက ကြိုတင်ခန့်မှန်းနိုင်ပါသည်။ လမ်းသွားလမ်းလာများနှင့် ဖြစ်စေ၊ ရေဒီယိုနားထောင်၍ ဖြစ်စေ သတင်းကို ၄င်းတို့ အတည်ပြုကြပါသည်။

> *"ယောကျ်ားတွေစုပြီး တိုးတိုးတိတ်တိတ် စကားပြောနေကြပြီ ဆိုရင် တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတာ ကျွန်မတို့ ကျိန်းသေပေါက် ပြောနိုင်တယ်။"*
>
> (တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

## ပဋိပက္ခကို ရှောင်ရှားရန် အမျိုးသမီးများ၏ သမားရိုးကျမဟုတ်သော ကနဦးတုံ့ပြန်ဆောင်ရွက်ရေးမဟာဗျူဟာများ

### *သတင်းအချက်အလက် ဖြန့်ဝေခြင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်းနှင့် ပုန်းအောင်းနေခြင်းတို့ကို ကူညီပေးခြင်း*

ပဋိပက္ခဖြစ်ပွားမည့် အခြေအနေကို တားဆီးနိုင်ရန် အမျိုးသမီးများက ချက်ချင်း လှုပ်ရှားဆောင်ရွက်ကြပါသည်။ ပဋိပက္ခဖြစ်နိုင်ကြောင်း ရပ်ရွာဒေသနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား ကြိုတင်သတိပေးရန် တစ်ဆင့်စကားဖြင့် ၄င်းတို့၏ မိသားစုနှင့် ရပ်ရွာကွန်ရက်များမှတစ်ဆင့် ၄င်းတို့က သတင်း အချက်အလက် ဖြန့်ဝေပေးကြပါသည်။ လမ်းသွား လမ်းလာများထံမှ ဖြစ်စေ၊ ရေဒီယိုမှဖြစ်စေ အမျိုးသမီးများက သတင်းရကြပြီး ၄င်းတို့ လှုပ် ရှားရန် ဘေးကင်းလုံခြုံမည့် အချိန်၊ နေရာတို့ကို တိုက်ခိုက်ရေးတပ်များအား အသိပေး အကြောင်းကြားပါသည်။ ၄င်းတို့၏ ရပ်ရွာကွန်ရက်များ၊ ဒေသ နောက်ခံ ဗဟုသုတနှင့် နှုတ်စကားဖြင့် ဆက်သွယ်ရေး ကျွမ်းကျင်မှုတို့ဖြင့် ၄င်းတို့၏ နေအိမ် အနီးတစ်ဝိုက် နေရာများတွင် မြေကြီးတွင် တွင်းနက်နက်တူး၍ ဝါးများ၊ မြက်များဖြင့် အပေါ်က အုပ်ထားခြင်းမှ အစ၊ ရေတွင်းများ မစင်စွန့်သည့်နေရာများ၊ မသုံးတော့သည့် ထပ်ခိုးများ၊ မြင်းဇောင်းများ အဆုံး စသည့် နေရာများတွင် ၄င်းတို့ကိုယ်တိုင်နှင့် မိသားစုဝင်များ ပုန်းအောင်း ရန် စီစဉ်ထားကြပါသည်။ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်ခံရမှုတို့ကို ရှောင်ရှားရန် မိသားစုဝင် အမျိုးသားများ အလျင်အမြန် ထွက်ပြေးတိမ်းရှောင်ရာတွင် ကူညီပေးကြပါသည်။ တပ်များ ရောက်လာသည့်အခါ ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှား သည့် အနေဖြင့် အမျိုးသားများအား လုံခြုံသည့်နေရာတွင် ပုန်းအောင်းနေစေပါသည်။

> *"တပ်တွေ ဝင်လာပြီ ဆိုတာနဲ့ အမျိုးသမီးက သူ့ယောကျ်ားကို ပုန်းနေခိုင်းတယ်။ တပ်တွေ ပြန်ထွက်သွားရင် အမျိုးသမီးက သူ့ယောကျ်ား ပုန်းနေတဲ့ နေရာကိုသွားပြီး ပြန်လာလို့ရပြီလို့ အော်ခေါ်တယ်။"*
>
> (တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်)

### *ကျွမ်းကျင်လိမ္မာသည့် စေ့စပ်ညှိနှိုင်းခြင်းနှင့် တင်းမာမှု လျော့ပါးရေး မဟာဗျူဟာများ*

တပ်မတော် စစ်သည်များနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်ရင်ဆိုင်တိုးခြင်းနှင့် တိုက်ပွဲများကို ရှောင်ရှားရန် အမျိုးသမီးများက ကျွမ်းကျင် – လိမ္မာသည့် ဆက်သွယ်ညှိနှိုင်းရေးနှင့် တင်းမာမှု လျော့ပါးရေး မဟာဗျူဟာများကို အသုံးပြုကြပါသည်။ အသက်အိုးအိမ်နှင့် ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် လက်နက်ကိုင် တိုက်ခိုက်နေကြသည့် နစ်ဖက်အဖွဲ့အစည်းများအား အရပ်သားများ နေထိုင်ရာဒေသများတွင် တိုက်ပွဲများ မဖြစ် ကြရန် အမျိုးသမီးများက အောင်မြင် စွာ ပြောဆိုဖျောင်းဖျနိုင်ခဲ့ကြပါသည်။ တပ်မတော်ဘက်မှလည်း တစ်ချိန်တည်းတွင် ရွာသို့ လာတတ်သောကြောင့် တိုင်းရင်းသား

[၆၂] တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆၊ ၁၈ ရက်

လက်နက်ကိုင်အဖွဲ့များအား အမျိုးသမီးများက သီးနှံရိတ်သိမ်းချိန်တွင် ရွာသို့ လာ၍ အခွန်မကောက်ရန် စေ့စပ်ညှိနှိုင်းကြ ပါသည်။ ထိုသို့ လာမည့်အစား ရပ်ရွာက အခွန်အခများကို ရွာအပြင်တွင် ချိန်းဆို၍ ပေးမည်ဟု ၄င်းတို့က စေ့စပ်ညှိနှိုင်းကြ သည့်အတွက် အရပ်သားများ နေထိုင်ရာ ရပ်ရွာ များတွင် နစ်ဖက် ထိပ်တိုက်တိုး၍ တိုက်ပွဲများဖြစ်မည့်အရေးကို ကြိုတင် ကာကွယ်တားဆီးခြင်း ဖြစ်ပါသည်။ ထို့အပြင် ၄င်းတို့၏ ခင်ပွန်းသည်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွင် ပါဝင် သည်၊ သို့မဟုတ် အဆက်အသွယ်ရှိသည်ဟု သံသယရှိ၍ တပ်မတော်က မေးမြန်းသည့်အခါတွင်လည်း အမျိုး သမီးများက လိမ္မာပါးနပ်စွာ ယဉ်ကျေးပျူငှာစွာ ဆက်ဆံ၍ ပြန်လည်ဖြေကြားခြင်းကြောင့် ကိုယ်ထိလက်ရောက် ညှဉ်းပန်းတိုက်ခိုက်ခံရမည့် အန္တရာယ်ကို လျော့နည်း သွားစေပါသည်။

## ၄င်းတို့ကိုယ်တိုင် မိသားစုများနှင့် ရပ်ရွာဒေသများအား ကာကွယ်စောင့်ရှောက်ရာတွင် အမျိုးသမီးများ၏ ပါဝင်ကူညီမှု

### *ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်း*

ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်၊ မိသားစုများနှင့် ရပ်ရွာဒေသများအား ကာယကံမြောက် ကာကွယ်ပေးရန် အမျိုးသမီး များတွင် အမျိုးသားများထက် ဖြစ်နိုင်ချေ ပိုနည်းသည်ဟု ပါဝင်ဖြေဆိုသူများက ပြောပြပါသည်။ အထူးသဖြင့် အမျိုးသားများ ထွက်ပြေးတိမ်းရှောင်သွားပြီး ၄င်းတို့ချည်း ကျန်နေခဲ့သည့် အခါတွင် ဖြစ်ပါသည်။ သို့ရာတွင် အဓိက ဝင်ငွေရှာဖွေသူများနှင့် အိမ်ထောင်ဦးစီးများအဖြစ် စီးပွားရေးနှင့် လူမှုရေးတာဝန်အသစ်များကို လွှဲပြောင်း ယူရသည့်အပြင် အမျိုးသမီးများသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ကြပါသည်။ ပါဝင်ဖြေဆိုသူ အမျိုးသမီးတစ်ဦးက

> *"ကိုယ့်ကိုယ်ကိုယ်ပဲ ကာကွယ်ကြရတာဘဲ။ တစ်ယောက်တည်း နေရတဲ့အခါ ဘယ်သူက ကိုယ့်ကို ကာကွယ်ပေး မှာတုံး" ဟု ပြောပြပါသည်။*
>
> (တွေ့ဆုံမေးမြန်းမှု၊ မော်လမြိုင်၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

တိုက်ရိုက်စစ်ပွဲဖြစ်သည့် နေရာများအား ရှောင်ရှားခြင်း၊ မှောင်ချိန်မှစ၍ အပြင်မထွက်ဘဲ အိမ်တွင်သာ နေခြင်း၊ အကြမ်းဖက်မှု ကျူးလွန်သူများအား လိမ္မာပါးနပ်စွာ ညှိနှိုင်းခြင်း သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်ခြင်းများ၊ လိင်အကြမ်းဖက်မှုကို ရှောင်ရှားရန် အစုအဖွဲ့လိုက် သွားလာခြင်းနှင့် မိဘများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသားများအား အဖော်ခေါ်သွားခြင်း၊ ရပ်ရွာဒေသခံများအား ကျူးလွန်သူများနှင့် စပ်လျဉ်း၍ ကြိုတင်သတိပေးခြင်း၊ တရားမျှတမှုနှင့် နောင်အလားတူ မဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လိင်အကြမ်းဖက်မှုများအား သတင်းပို့ခြင်း စသည်တို့ အပါအဝင် ကာကွယ်စောင့်ရှောက်ရေး နည်းလမ်း အမျိုးမျိုးကို အမျိုးသမီးများက ကျင့်သုံးကြပါသည်။

### *အမျိုးသားများအား ကာကွယ်ပေးခြင်း*

ဖြစ်တော့မည့် ပဋိပက္ခများနှင့်စပ်လျဉ်း၍ အမျိုးသားများအား ကြိုတင်သတိပေးခြင်း၊ ဝှက်ထားပေးခြင်း၊ ထွက်ပြေး တိမ်းရှောင်ရာတွင် ကူညီပေးခြင်းတို့ အပြင် အမျိုးသားများအား ဖမ်းမိလျှင် ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်ခံရမည်ကိုစိုး၍ ၄င်းတို့ ကိုယ်တိုင် ရွာတွင် ကျန်နေရစ်ပြီး ကျေးရွာလူကြီး၊ အိမ်ထောင်ဦးစီး၊ အခမ့်ပေါ်တာဆွဲခံရခြင်းတို့ အပါအဝင် အမျိုးသားများ၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ခြင်းတို့ဖြင့်လည်း အမျိုးသမီးများသည် အမျိုးသားများအား ကာကွယ်ပေးကြပါသည်။

> *"ကျွန်တော်တို့မြို့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးအများစုက အမျိုးသမီးတွေချည်းပဲ။ ဘာလို့လဲဆိုတော့ တပ်က ရွာထဲ ဝင်ပြီး သတင်းမေးတဲ့အခါ ကျေးရွာလူကြီးက အမျိုးသားတွေဆိုရင် ရိုက်နှက်ခံရတယ်။ ညှဉ်းပန်းနှိပ်စက်ခံရတယ်။ ဒီတော့ ယောကျာ်းတွေက ရွာလူကြီး မလုပ်ရဲကြဘူး။ ဒီတော့ မိန်းမတွေပဲ ခန့်တယ်။ မိန်းမတွေကျတော့ ညှဉ်းပန်းနှိပ်စက်တာတို့၊ ရိုက်နှက်တာတို့ မခံရဘူးလို့ သူတို့က မြင်တယ်။"*
>
> (တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ကရင်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ လ ၅ ရက်)

### *မိသားစုများအား ကာကွယ်ပေးခြင်း*

အမျိုးသမီးများသည် မိသားစုအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားကြပါသည်။ မိသားစုအနေဖြင့် ထွက်ပြေးတိမ်းရှောင်ရန် လိုအပ်ပါက စားနပ်ရိက္ခာနှင့် အခြား မရှိမဖြစ် လိုအပ်သည့်အရာများ ပါဝင်သည့် "မိသားစု အသုံးအဆောင်ထုပ်" ကို ၄င်းတို့က ပြင်ဆင်ထုပ်ပိုးထားကြပါသည်။ လုံခြုံသည့်နေရာများတွင် အရန်စားနပ်ရိက္ခာများ ကြိုတင် သိုလှောင်ထားပြီး ကလေးငယ်များ၊ အိမ်မွေးတိရစ္ဆာန်များပါ ခေါ်ဆောင်၍ မည်သို့ ဘေးကင်းလုံခြုံစွာ ထွက်ပြေးတိမ်းရှောင်ရ မည်ကိုလည်း ကြိုတင်စီစဉ်ထားကြပါသည်။ ကလေးငယ်များကို တိုက်ပွဲမဖြစ်သည့် နေရာများရှိ ဆွေမျိုးသားချင်းများထံ ပို့ထားကြပါသည်။

> *"တိုက်ပွဲတွေ အကြာကြီး ဖြစ်နေတာကို မိန်းမတွေက ကျင့်သားရနေကြပါပြီ။ တစ်ချိန်လုံး ပြေးရင်းလွှားရင်း၊ ဟိုရွှေ့ ဒီရွှေ့နဲ့ အတွေ့အကြုံတွေ ကောင်းကောင်းရှိပါတယ်။ ရိက္ခာတွေကို တခြားလုံခြုံတဲ့နေရာမှာ စုထား၊ ဝှက်ထားတယ်။ အရန် စားနပ်ရိက္ခာတွေကို အိမ်မှာ ထားတယ်။ အိမ်မွေးတိရိစ္ဆာန်ပေါက်စလေးတွေကို တစ်ခါတည်း ခြင်းထဲမှာ စုထည့်ထားတယ်။ ပြေးရတော့မယ်ဆိုရင် သယ်ရ လွယ်တာပေါ့။ ရိက္ခာတွေကို*

*ခြင်းတောင်းတွေထဲ ထည့်သယ်ကြတယ်။ ခြင်းတောင်း အကြီး၊ အသေး အကုန်ပါတယ်။ ကလေးတွေက ခြင်းတောင်းအသေးကို သယ်။ ပြေးဖို့ လွှားဖို့လိုရင် အဆင်သင့် လုပ်ထားတာ။ ဒါတွေအားလုံး မိန်းမတွေကပဲ စီမံတာ။"*

(တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ မွန်ပြည်နယ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

## လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် စေ့စပ်ညှိနှိုင်းသူများ နည်းပညာအကြံပေးများနှင့် လေ့လာသူများအဖြစ် အမျိုးသမီး များ၏ ပါဝင်မှု

### *ဦးဆောင်စေ့စပ်ညှိနှိုင်းသူများနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် အမျိုးသမီးများ၏ ပါဝင်မှု*

မကြာသေးမီက အစိုးရနှင့် နှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၄ ဖွဲ့အနက် မွန်နှင့် ကရင်ပြည်နယ်တို့မှ အဖွဲ့ ၃ ဖွဲ့၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်ခဲ့ပါသည်။ ၎င်းတို့မှာ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ (NMSP)[၉၃] နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)[၉၄] တို့ဖြစ်ပါသည်။ ၎င်း၏ ၁၄ ကြိမ်မြောက် ညီလာခံသက်တမ်း ၂၀၁၁ မှ ၂၀၁၂ ခုနှစ်အတွင်း KNU ၏ အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် အနည်းဆုံး အမျိုးသမီး ၃ ဦး ပါဝင်ခဲ့ပါသည်။[၉၅] အရေအတွက် အားဖြင့် နည်းနေဆဲ ဖြစ်သော်လည်း အမျိုးသမီးငယ်များက ၎င်းတို့အား စံပြပုဂ္ဂိုလ်များအဖြစ် လေးစားအားကျသည့်အတွက် အနာဂတ်တွင် အလားအလာကောင်းများ ဖြစ် လာမည် ဖြစ်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့မှ အဆိုပါ အမျိုးသမီးများ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ပါဝင်ခြင်းမှာ အဖွဲ့အတွင်း ၎င်းတို့၏ ဆုံးဖြတ်ခွင့်ရှိသော အဆင့်မြင့်ရာထူးများ ကြောင့် ဖြစ်ပါသည်။[၉၆]

အစိုးရနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိရန် စေ့စပ်ညှိနှိုင်းရေး ကြိုးပမ်းမှုအတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များအား ကိုယ်စားပြုထားသည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် ၂၀၁၅ ခုနှစ်မှ စ၍ ကရင်အမျိုးသမီးတစ်ဦး ပါဝင်လာပါသည်။[၉၇]

### *တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နည်းပညာကျွမ်းကျင်သူနှင့် အကြံပေး အမျိုးသမီးများ*

၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် ၎င်းနှင့် အစိုးရတို့ကြား နှစ်ဖက် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီးနောက် ဥပဒေကျွမ်းကျင်သူအမျိုးသမီးတစ်ဦး KNU ၏ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွင် ပါဝင်လာခဲ့ပါ သည်။[၉၈] မွန်နှင့် ကရင်အမျိုးသမီးများသည် နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက် မှုတွင် ပါဝင် ကူညီဆောင်ရွက်ခဲ့ကြပြီး အားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးအတွက် အချို့သော ငြိမ်းချမ်းရေးဖြစ်စဉ် များအား ပုံဖော်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား အကြံဉာဏ်များပေးလျက် ရှိပါ သည်။ အမျိုးသားအဆင့် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို ကြိုတင်ပြင်ဆင်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အစည်းအဝေးများတွင် အမျိုးသမီးအချို့က ပါဝင် ကူညီအကျိုးဆောင်ပေးလျက်ရှိပြီး၊ ၎င်းတို့၏ ကြားနေရပ်တည်ချက်၊ ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းတို့ကြောင့် ယုံကြည်မှုနှင့် လေးစားမှု ရရှိထားပြီး ဖြစ်ပါ သည်။ ထိုကဲ့သို့ ထင်ရှားသည့် အကြံပေးအရာရှိ တာဝန်ယူထားသူ အမျိုးသမီးများ၏ သာဓကများသည် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ ၏ အခန်းကဏ္ဍအပေါ် ခေါင်းဆောင်ပိုင်း၏ အမြင်သဘောထားများကို ပြောင်းလဲသွားစေနိုင်ပြီး အမျိုးသမီးများ ပိုမို ပါဝင်ခွင့်ရ လာစေမည် ဖြစ်ပါသည်။[၉၉]

### *ငြိမ်းချမ်းရေးစားပွဲတွင် လေ့လာသူများအဖြစ် တွေ့ရသည့် မွန်နှင့် ကရင် အမျိုးသမီးများ*

တစ်သီးပုဂ္ဂလနှင့် အချို့သော အရပ်ဘက်အမျိုးသမီးအဖွဲ့အစည်းများမှ အမျိုးသမီးကိုယ်စားလှယ်များသည် ငြိမ်းချမ်း ရေး စားပွဲဝိုင်းဆွေးနွေးပွဲတွင် လေ့လာသူများအဖြစ် တက်ရောက်ကြပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် အမျိုးသား လေ့လာသူ အရေအတွက်က အမျိုးသမီးထက် သာလွန်ပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ အစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ (NMSP) စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ နှစ်ဖက်စလုံးက ဒေသခံ မွန် နှင့် ကရင် အမျိုးသမီးများ၊ နိုင်ငံတကာ လေ့လာသူများ (တစ်သီးပုဂ္ဂလများ၊ အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် အရပ်

[၉၃] မွန်ပြည်သစ်ပါတီတွင် မိဆာဒါး ဆိုသည့် အမျိုးသမီးတစ်ဦး စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ပါသည်။ သူမသည် ဗဟိုကော်မတီဝင်နှင့် ပညာရေးဌာန အကြီးအကဲ ဖြစ်ပါသည်။ သို့ရာတွင် နောက်ပိုင်း အစည်းအဝေးများ၌ သူမ မပါဝင်တော့ပါ။

[၉၄] ကရင်နီအမျိုးသားတိုးတက်ရေးပါတီတွင် မော်ဦးမြာ (ခ) နော်ဒေးဒေးဖော ဆိုသည့် အမျိုးသမီး ပါဝင်ပါသည်။ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဖြစ်ပါသည်။

[၉၅] ၎င်းတို့မှာ ထိုစဉ်က ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အထွေထွေအတွင်းရေးမှူးနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် နော်စီဖိုးရာစိန်၊ ယခင်က KNU ၏ ပြောရေးဆိုခွင့်အမျိုးသမီးဖြစ်သူ နော်မေဦး မူထရောနှင့် ကရင်ဒုက္ခသည်ကော်မတီ အကြီးအကဲ နော်ဘလွန်းမင်းနိုက်ဖ်တို့ ဖြစ်ပါသည်။ နောက်တွင် နော်စီဖိုးရာစိန်သည် KNU ဒု - ဥက္ကဋ္ဌဖြစ်လာပြီး အခြားအမျိုးသမီးများနှင့်အတူ စေ့စပ်ညှိနှိုင်း ရေးအဖွဲ့တွင် ပါဝင်ခဲ့ ပါသည်။

[၉၆] ငြိမ်းဖောင်ဒေးရှင်း၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဂျနန်းလာတောနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ

[၉၇] နော်စီဖိုးရာစိန်၊ KNU ဒု - ဥက္ကဋ္ဌ

[၉၈] Khen နှင့် Nyoi၊ ၂၀၁၄

[၉၉] Ibid

ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ)အား အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေး ကြသည့် အကြောင်း အရာများနှင့် စပ်လျဉ်း၍ ဗဟုသုတရှိသူ၊ သဘောထား ပျော့ပျောင်းသူများဟု ယူဆကာ ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် ဖိတ်ကြားကြပါသည်။ ၎င်းတို့သည် ကြားနေရပ်တည်ချက်ရှိ၍ စီးပွားရေး သို့မဟုတ် နိုင်ငံရေး ကိုယ်ကျိုး စီးပွားမရှာသူများ [၁၀၀] ဟုလည်း သတ်မှတ်ကြပါသည်။

လေ့လာသူများအဖြစ် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် နားထောင်ခြင်း၊ လေ့လာခြင်းနှင့် အစည်းအဝေးများ ပြီးသည့်အခါ ဝေဖန်ဆွေးနွေးချက်ပေးခြင်း တို့အတွက်သာ ကန့်သတ်ထားသော်လည်း၊ ဤသည်က ၎င်းတို့အား ဆွေးနွေးမှုများ နှင့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို ကောင်းစွာ နားလည်သဘော ပေါက်စေပါသည်။ ထို့အပြင် လေ့လာသူကဏ္ဍမှ တစ်ဆင့် အမျိုးသမီးများအတွက် အစိုးရနှင့်သော်လည်းကောင်း၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများနှင့်သော်လည်း ကောင်း ဆက်သွယ် ရေး လမ်းကြောင်းတစ်ခု ရရှိလာစေပါသည်။

### *ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မွန်နှင့် ကရင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ*

မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးအရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များ ပါဝင်ရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအား တိုက်တွန်းဆွေးနွေးရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ လက်နက်ကိုင် အကြမ်းဖက် ရက်စက်မှုများ ရပ်တန့်ရေးနှင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး တောင်းဆိုချက်များ အပါအဝင် အသနားခံစာများ၊ ဆွေးနွေးပွဲများနှင့် တိကျခိုင်မာသည့် အကြံပြုတိုက်တွန်းချက် များ ဖြင့် ဤသည်ကို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ရပ်ရွာဒေသများတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုများဆိုင်ရာ အသိအမြင် မြှင့်တင် ရေး လှုပ်ရှားမှုများတွင် လည်း တက်ကြွစွာ ပါဝင်ကြပါသည်။ [၁၀၁]

ထို့အပြင် တိုင်းရင်းသားလူမျိုးစု အမျိုးသမီးကွန်ရက်များ အပါအဝင် မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများသည် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်ကို ထုတ်ဖော်တင်ပြသည့် ညီလာခံများလည်း စီစဉ်ကျင်းပခဲ့ပါသည်။ ၎င်းတို့ထဲမှ အချို့ကို ပြောရမည်ဆိုလျှင် ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် အမျိုး သမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာ အမျိုးသမီးများ ဖိုရမ်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်မှုအတွက် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများ ဆွေးနွေးပွဲတို့ ဖြစ်ပြီး ၎င်းတို့တွင် မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးအဖွဲ့အစည်းများ ပါဝင်ခဲ့သည့် အပြင် မွန်အမျိုးသမီးများအဖွဲ့၊ ချင်းနှင့် ကချင် အမျိုးသမီးအဖွဲ့များနှင့် အခြား အမျိုးသမီးအဖွဲ့အစည်းများက ကျင်းပသည့် ကွန်ဖရင့်ကြီးများလည်း ရှိပါသည်။

အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ပိုမို ကောင်းမွန်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင် ရန် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျား၊ မ ရေးရာ ပါဝင်ရေး မဟာမိတ် အဖွဲ့ကို မကြာသေးမီက ဖွဲ့စည်းခဲ့ပါသည်။ မဟာမိတ်အဖွဲ့က အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးခဲ့သည်များကို မှတ်တမ်းပြု ဖော်ထုတ်နေလျက်ရှိပြီး အဆိုပါကိစ္စအတွက် ခိုင်မာသည့် လုပ်ငန်း စီမံချက် တစ်ရပ် ရေးဆွဲလျက် ရှိပါသည်။

### *ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အမျိုးသမီးများ၏ ပါဝင်ကူညီဆောင်ရွက်မှု*

ငြိမ်းချမ်းရေးဖြစ်စဉ်များအား အထောက်အကူပေးရာတွင် အမျိုးသမီးများသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင် လျက်ရှိပြီး ရေရှည်ငြိမ်းချမ်းရေးတည် ဆောက်မှု လုပ်ငန်းများတွင်လည်း ပါဝင်ကူညီပေးကြပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်း များ ဘာသာရေးခေါင်းဆောင်များအပြင် နိုင်ငံအဆင့် နိုင်ငံ ရေးခေါင်းဆောင်များ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများ အပါအဝင် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေကြသူများနှင့် ကွန်ရက် တည်ဆောက်ပြီး အမျိုးသမီး အများအပြားသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိက ပါဝင်နေသူများအကြား ပေါင်းစပ်ညှိနှိုင်းခြင်း၊ မီဒီယာနှင့် ဆက် ဆံခြင်း၊ နည်းပညာ အကြံဉာဏ်များ ပေးခြင်းနှင့် ထောက်ပံ့ရေးဆိုင်ရာ ကိစ္စများ စီမံခန့်ခွဲခြင်းတို့တွင် ပါဝင်ဆောင်ရွက် နေကြပါသည်။ ၂၀၁၂ ခုနှစ်က ပြည် ထောင်စုအဆင့် အပစ်အခတ် ရပ်စဲရေးဆွေးနွေးမှုများအတွက် ပထမအကြိမ်ခရီးစဉ် တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) က သုံးခဲ့သည့် အမျိုး သမီး များသာ ပါဝင်သော ထောက်ပံ့ရေးအဖွဲ့နှင့် စပ်လျဉ်း သည်များကို ပါဝင်ဖြေဆိုသူ အမျိုးသမီးတစ်ဦးက ပြည့်ပြည့်စုံစုံ ရှင်းပြပါသည်။ ခရီးစဉ်အစအဆုံး အစီအစဉ် ရေးဆွဲရန်၊ နေရာထိုင်ခင်းနှင့် သွားရေးလာရေးကိစ္စ စီစဉ်ရန် အမျိုးသမီးများက တာဝန်ယူကြရပါသည်။ အဆိုပါ အမျိုးသမီးများအားလုံးသည်

[၁၀၀] ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် အောက်ဖော်ပြပါ အမျိုးသမီးများအား လေ့လာသူများအဖြစ် ဖိတ်ကြားခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု မှ စစ်ရေးမဟာဗျူဟာကျွမ်းကျင်သူ Kristine Gould နှင့် ဒေသတွင်း NGO အဖွဲ့တစ်ဖွဲ့မှ ဒါရိုက်တာ Emma Leslie တို့ကို KNU မှ ဖိတ်ကြားခဲ့ပြီး မြန်မာနိုင်ငံမှ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးလုပ်ကိုင်သည့် ထားဝယ်မင်းသမီးကုမ္ပဏီမှ စီးပွား ရေးလုပ် ငန်းရှင် အမျိုးသမီးတစ်ဦးကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် လေ့လာသူအဖြစ် အစိုးရ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့က ဖိတ်ကြားခဲ့ပါသည်။ ချင်းအမျိုးသား တပ်ဦးက ချင်းပြည်နယ် ငြိမ်းချမ်း ရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ (CPTC) အဖွဲ့ဝင် မိုင်ချင်းချင်းကို ဖိတ်ကြားခဲ့ပါသည်။ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ဆွေးနွေးရန် Margaret Tomo ကို ပြည်ထောင်စု ငြိမ်းချမ်း ရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) က ဖိတ်ကြားခဲ့ပြီး မြန်မာနိုင်ငံ ကျမ်းစာတက္ကသိုလ် ကျောင်းအုပ်ပောင်း ဒေါက်တာ အန်နာမေဆေးပါး၊ ကရင်အမျိုးသမီးများ စွမ်းရည်မြှင့် တင်ရေးအဖွဲ့မှ ဒါရိုက်တာ နော်ဆူဇန်နာလှလှစိုးနှင့် ကရင်ရေးရာကော်မတီဝင် နန့်ခင်အေးဦးတို့ကို ကရင်အမျိုးသားအစည်းအရုံး (KNU)က ဖိတ်ကြားခဲ့ပါသည်။ မွန်အမျိုးသမီးများအဖွဲ့မှ ဒု-ဥက္ကဋ္ဌ မိကွန်ချမ်းနွမ်ကို မွန်ပြည်သစ်ပါတီ (NMSP) က ဖိတ်ကြားခဲ့ပါသည်။ (Khen နှင့် Nyoi၊ ၂၀၁၄)

[၁၀၁] မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးများနှင့် ဆွေးနွေးမှု၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လနှင့် အောက်တိုဘာလ

စေတနာ့ဝန်ထမ်းများ ဖြစ်၍ ပါဝင်ဖြေဆိုသူ အမျိုးသမီး၏ ပြောပြချက်အရ ၂၀၁၂ ခုနှစ်၊ နှစ်ဖက် အပစ်အခတ် ရပ်စဲရေး ဆွေးနွေးမှုများတွင် ကရင်အမျိုးသမီး နော်စီဖိုးရာစိန်သည် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်နေသည်ကို [၁၀၂] တွေ့ရ ပြီးနောက် ထိုသို့ ကူညီပေးလိုစိတ် ဖြစ်လာခဲ့သည်ဟု ဆိုပါသည်။

၎င်းတို့၏ ပြည်နယ်များအတွင်း အဓိကတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် လက်တွဲ၍ မွန်နှင့် ကရင် အမျိုးသမီးများသည် ကျား၊ မ တန်းတူ ညီမျှရေးနှင့် အုပ်ချုပ်မှုယန္တရား၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ ကိုယ်စား ပြုပါဝင်ခွင့် စသည့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ လိင်နှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများ အဆုံးသတ်ရေး တောင်းဆိုမှုများ အပါအဝင် လုပ်ငန်းအများအပြား ဆောင်ရွက်နိုင်သည့် စွမ်းရည်ရှိကြသည်ကို တွေ့ရပါသည်။ ဥပမာအား ဖြင့် မွန်အမျိုးသမီးများအဖွဲ့သည် မွန်ပြည်နယ်ပါတီနှင့် ဆက်သွယ်မှုရှိပြီး သမားရိုးကျ ဆုံးဖြတ်ချက်ချမှတ်ရေး အခန်းကဏ္ဍများတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်ရေး တိုက်တွန်းဆွေးနွေးနိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် မွန်အမျိုးသမီးများအဖွဲ့ (MWO) က မွန်ပြည်သစ်ပါတီ သို့ ငြိမ်းချမ်း ရေးဖြစ်စဉ်များတွင် အမျိုးသမီးများ ၃၀% ပါဝင်နိုင်ရေး တောင်းဆိုသည့် တရားဝင် ကြေညာချက်တစ်စောင် တင်ပြခဲ့ပါသည်။ အကြောင်းပြန်စာ မရရှိခဲ့သော်လည်း ၎င်းတို့ လုပ်ငန်းဆောင်ရွက်သည့် မွန်ပြည်သစ် ပါတီ ထိန်းချုပ်ရာဒေသများမှ ဒေသခံများ၏ အကျိုးစီးပွားကို ကိုယ်စားပြု၍ အခြေတကျ တည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ၎င်းတို့တွင် တရားဝင် ထုတ်ဖော်တောင်းဆိုပိုင်ခွင့်ရှိကြောင်း ပြသနိုင်ခဲ့ပါသည်။ မွန်အမျိုးသမီးများအဖွဲ့ သည် မွန်ပြည်သစ်ပါတီအပြင် အခြားသော အဖွဲ့အစည်းများနှင့် လက်တွဲ၍ ပဋိပက္ခဒဏ်ခံရသည့် နေရာဒေသများရှိ အမျိုးသမီးရေးရာကိစ္စများအားလည်း တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။ ဥပမာအားဖြင့် မွန်အမျိုးသမီးများအဖွဲ့ လုပ်ငန်းဆောင်ရွက် သည့် ကျေးရွာမှ ရွာလူကြီးသည် လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု သတင်းပို့ တိုင်တန်းချက်ကို ရရှိပါက မွန် အမျိုးသမီးများအဖွဲ့ထံ အကြောင်းကြားရပါသည်။ အပစ်အခတ်ရပ်စဲပြီးနောက် မွန်ပြည်သစ် ပါတီ အနေဖြင့် ၎င်းတို့၏ ထိန်းချုပ် ဒေသအများအပြားကို လက်လွှတ်ရသည့်အခါ မွန်အမျိုးသမီးများအဖွဲ့ (MWO)၊ မွန်ဒေသ လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) နှင့် အခြား အရပ်ဘက် လူမှုအဖွဲ့အစည်းများအပေါ် အားကိုးအားထားပြု၍ အကူအညီ လိုအပ်သည့် ကျေးရွာ နေ ပြည်သူများနှင့် ရပ်ရွာဒေသ ခံများအား သွားရောက်ကူညီပေးနိုင်ရန် ချိတ်ဆက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်း များ ဆောင်ရွက်ရပါသည်။

ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည်လည်း ငွေကြေးထောက်ပံ့မှု၊ စွမ်းရည် မြှင့်တင်ရေး၊ တိုက်တွန်းဆွေးနွေးခြင်း များနှင့် သုတေသနလုပ်ငန်းများမှတစ်ဆင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ၍ ကောင်းစွာ လက်တွဲဆောင်ရွက်နိုင်ကြပါသည်။ ဒေသတွင်း၊ နိုင်ငံတွင်း၊ အခြားဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာအဆင့် နှင့်လည်း ကွန်ရက်ချိတ်ဆက်နိုင်စွမ်း ရှိကြပါသည်။ ဤသို့ လုပ်ဆောင်ခြင်းဖြင့် အမျိုးသမီး များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် တိုက်တွန်းဆွေးနွေးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းတို့တွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကူညီ ထောက်ပံ့ မှုကို ပို၍ သေချာခိုင်မာစေပါသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်မှ လူ့အခွင့်အရေးအဖွဲ့တစ်ခု ဖြစ်သည့် မွန်ဒေသ လူ့အခွင့် အရေး ဖောင်ဒေးရှင်း (HURFORM) သည် နိုင်ငံတကာ အလှူရှင်များထံ တင်ပြတောင်းခံ၍ နေရာဒေသအသစ်များတွင် အချက်အလက်ကောက်ယူရန်နှင့် မှတ်တမ်းပြုစုရန် ကွင်းဆင်း သတင်းထောက်တစ်ဦး စေလွှတ်ထားနိုင်ပြီ ဖြစ်ပါသည်။ ရလဒ် အဖြစ် အမျိုးသမီးများနှင့် ၎င်းတို့၏ အရေးကိစ္စများအား တာဝန်ခံနိုင်ရေးအတွက် ပိုမိုကောင်းမွန်တိကျ၍ ဦးတည်ချက်ရှိပြီး ပူးပေါင်းဆောင်ရွက်သော ပြည်တွင်းနှင့် နိုင်ငံတကာ တိုက်တွန်းဆွေးနွေးမှုများ ရှိလာပြီ ဖြစ်ပါသည်။

အမျိုးသမီးများသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ရပ်ရွာဒေသအလိုက် လုပ်ဆောင်ရေး စည်းရုံးလှုပ်ရှားရန် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ကွန်ရက်များ တည်ထောင်ခဲ့ကြပါ သည်။ အဆိုပါ အဖွဲ့အစည်းများသည် ကလေးသူငယ်များ၊ လူငယ် များ၊ အမျိုးသမီးနှင့် အမျိုးသားများ၏ ကိစ္စရပ်အသီးသီး နှင့် စပ်လျဉ်းသည့် ပြဿနာများအား ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး လူ့အခွင့်အရေးနှင့် အမျိုးသမီး အခွင့်အရေး ချိုးဖောက်မှု များအား အချက်အလက် ကောက်ယူခြင်း၊ ပညာသင်ကြားခွင့်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်း နှင့် ကျွမ်းကျင်မှုသင်တန်းများ၊ အသိအမြင် မြှင့်တင်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေးတို့မှတစ်ဆင့် မြေယာပိုင်ဆိုင် ခွင့်၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် အမျိုးသမီးများ ပါဝင်ခွင့်ကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများ အား ဖယ်ရှားရေး၊ လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအား ဖြေရှင်းဆောင်ရွက်ရေး၊ ရပ်ရွာဒေသများအား ငြိမ်းချမ်းရေးဆိုင်ရာ ပညာပေးရေးတွင် ပါဝင်ခြင်းတို့အပြင် စစ်ရှောင်နှင့် ဒုက္ခသည်စခန်းများတွင် ကူညီပေး ခြင်း၊ ဝန်ဆောင်မှု ပေးခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်လျက် ရှိပါသည်။ [၁၀၃]

အဆိုပါ အဖွဲ့အစည်းအများအပြားအား အမျိုးသမီးက ဦးဆောင်ကြပြီး ၎င်းတို့၏ ရပ်ရွာဒေသများရှိ ကလေးသူငယ် များ၊ နာမကျန်းသူများ၊ သက်ကြီးရွယ်အို များ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပိုမိုနားလည် သဘောပေါက်လာကြပါသည်။ ထိုသို့ လုပ်ဆောင်ရင်း ခေါင်းဆောင်မှု၊ လုပ်ငန်းစဉ် ရေးဆွဲခြင်း၊ အဖွဲ့ အစည်းဆိုင်ရာ၊ ဆက်သွယ်ရေး၊ တိုက်တွန်းဆွေးနွေးမှု နှင့် စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပါသည်။

---

[၁၀၂] တွေ့ဆုံမေးမြန်းမှု ဘားအံ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

[၁၀၃] ပြီးပြည့်စုံသည့် စာရင်းမဟုတ်သော်လည်း မွန်နှင့် ကရင်ပြည်နယ်တို့တွင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အမျိုးသမီးများ ပါဝင် ဆောင်ရွက်နေကြသည့် ဒေသတွင်း အဖွဲ့အစည်းအချို့ကို အောက်တွင် အကြမ်းဖျင်း ဖော်ပြပေးထားပါသည်။ ၎င်းတို့မှာ မွန်အမျိုးသမီးများ အဖွဲ့ (MWO)၊ မွန်အမျိုးသမီးများကွန်ရက် (MWN)၊ မိန်းကလေးများ၏ဆန္ဒ စီမံချက် (GAP)၊ တိုးတက်သော မွန်လူငယ်အဖွဲ့ (MYPO) မြန်မာနိုင်ငံ လူငယ်ပညာပေးသူများအဖွဲ့ (MYEO)၊ နယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (BHI)၊ မွန်အမျိုးသား ဆရာများအဖွဲ့၊ ရှင်စောပု၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (MMCWA)၊ အရပ်ဘက်လူမှုဖွံ့ဖြိုးမှု ကွန်ရက်၊ မွန်အရပ်ဘက် လူမှုအဖွဲ့အစည်းများ ကွန်ရက်၊ နေရပ်စွန့်ခွာ ကရင်လူမျိုးများရေးရာကော်မတီ (CIDKP)၊ ဘားအံသာသနာမိခင်များ အစည်းအရုံး၊ ဘားအံ၊ ကရင် နှစ်ချင်းခရစ်ယာန် လူမှုရေးနှင့် ဖွံ့ဖြိုးရေးဌာန (ကယားဖူး CSSCD)၊ ဘားအံသူအဖွဲ့၊ ကရင်ရေးရာကော်မတီ၊ ကရင်ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက် (KDC)၊ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးလုပ်ငန်းကွန်ရက် (KESAN)၊ ကရင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် (KDN)၊ ကရင် လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ ကရင်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊ ကရင်အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးအဖွဲ့ (KWEG)၊ ကရင်အမျိုးသမီးအဖွဲ့ (KWO) ဆားမူတောနှင့် ငြိမ်းဖောင်ဒေးရှင်း ကရင်ပြည်နယ်ရုံးတို့ ဖြစ်ပါသည်။

# အခန်း (၆)

## မွန်နှင့် ကရင်ပြည်နယ်တို့တွင် နိုင်ငံရေးစီမံအုပ်ချုပ်မှု၊ ငြိမ်းချမ်းရေးယန္တရားများနှင့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ကိုယ်စားပြုမှုဆိုင်ရာ လေ့လာသုံးသပ်ချက်

လက်နက်ကိုင်ပဋိပက္ခက မွန်နှင့် ကရင်အမျိုးသမီးများအပေါ် မည်သို့ သက်ရောက်စေသည်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ကဏ္ဍအသီးသီးတွင် ၎င်းတို့ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည့် အဆင့်များနှင့် နည်းလမ်းအမျိုးမျိုးကို ရှေ့အခန်းများတွင် ရှင်းလင်း တိကျစွာ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် သမားရိုးကျ နိုင်ငံရေး ယန္တရားနှင့် အင်စတီကျူးရှင်းများ၊ ပဋိပက္ခများကို လျော့နည်း စေပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသည့် ငြိမ်းချမ်းရေး၏ သဘောသဘာဝနှင့် တည်ဆောက်မှုတို့တွင် (အဆင့်မြင့် တာဝန်ယူထားသူများ အပါအဝင်) အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု လွန်စွာ နည်းနေပါ သေးသည်။

မွန်ပြည်နယ်တွင် မွန်ပြည်သစ်ပါတီအနေဖြင့် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်များကို ဗဟိုကော်မတီ [၁၀၄] နှင့် ဗဟို စစ်ရေးကော်မတီ [၁၀၅] တို့က အဓိကချမှတ် ခြင်း ဖြစ်ပါသည်။ လက်ရှိတွင် ဗဟိုကော်မတီဝင် ၃၂ ဦးအနက် အမျိုးသမီးတစ်ဦး သာ ပါဝင်ပါသည်။ အလားတူပင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီ [၁၀၆] တွင်လည်း အမျိုးသမီးများ ပါဝင်မှု လွန်စွာနည်း နေပါသေးသည်။ ပါတီ၏ အမျိုးသမီးရေးရာဌာနတွင် အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၂ ဦး ရှိပြီး လက်ရှိတွင် အမျိုးသား တစ်ဦးက ဦးဆောင်လျက်ရှိပါသည်။

ဆန့်ကျင်ဘက်အားဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ၎င်း၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ထိပ်တန်းခေါင်းဆောင်နေရာများတွင် အမျိုးသား ၁၀ ဦးလျှင် အမျိုးသမီးတစ်ဦးနှုန်း ပါဝင်၍ [၁၀၇] ငြိမ်းချမ်းရေး ဆွေးနွေးနေကြ သည့် လက်နက်ကိုင်အဖွဲ့များတွင် တစ်ခုတည်းသောအဖွဲ့ဖြစ်ပါသည်။ ၎င်း အဖွဲ့၏ ဗဟိုကော်မတီဝင် ၄၅ ဦးတွင် အမျိုးသမီး ၂ ဦးသာ ပါဝင်ပါသည်။[၁၀၈] သို့ရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် အမျိုးသမီး ပြည်နယ်ဝန်ကြီး မရှိသည့် အပြင် ပြည်ထောင်စု လွှတ်တော်တွင် ကရင်ပြည်နယ်မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးသာ ရှိပါသည်။ [၁၀၉]

မကြာသေးမီကမှ အစိုးရနှင့် နစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်ဖွဲ့ ၁၄ ဖွဲ့အနက် မွန်နှင့် ကရင်ပြည်နယ်တို့မှ အဖွဲ့ ၃ ဖွဲ့၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်ခဲ့ပါသည်။ ၎င်းတို့မှာ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ကရင်နီအမျိုးသားတိုးတက် ရေး ပါတီ (KNPP) တို့ ဖြစ်ပါသည်။ မွန်ပြည်သစ်ပါတီ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် အမျိုး သမီး တစ်ဦး ပါဝင်ခဲ့ပါသည်။[၁၁၀] ၎င်း၏ ၁၄ ကြိမ်မြောက် ညီလာခံသက်တမ်း ၂၀၁၁ မှ ၂၀၁၂ ခုနှစ်အတွင်း KNU ၏ အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းရေး အဖွဲ့တွင် အမျိုးသမီးအဖွဲ့ဝင် ၃ ဦး ပါဝင်ခဲ့ပါသည်။ [၁၁၁]

ပါဝင်ဖြေဆိုသူများ၏ ပြောကြားချက်အရ နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီး များ ပါဝင်ခွင့်ရရေးအတွက် အများဆုံး ကြုံတွေ့ရသည့် အဟန့်အတားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အမျိုးသားများ အား ပြည်သူ့ကိုယ်စားပြုပုံရိပ်များ၊ ခေါင်းဆောင်များ၊ နိုင်ငံရေး မဟာဗျူဟာ ကျွမ်းကျင်သူများ၊ တိုက်ခိုက်ရေးသမားများအဖြစ်၊ အမျိုးသမီးများအား ပြုစုစောင့်ရှောက်သူများနှင့် အိမ်ရှင်မများအဖြစ် သတ်မှတ်ကြသည့် ကျယ်ကျယ်ပြန့်ပြန့် အရိုးစွဲနေသည့် အယူအဆများ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ၏ ပုံသဏ္ဍာန်သည် အများအားဖြင့် ပဋိပက္ခတွင် ပါဝင်နေကြသည့် အဖွဲ့အစည်း များနှင့် ကိုယ်တိုင် တိုက်ခိုက်နေကြသူများသာ အဓိက ပါဝင်နေခြင်း၊ အမျိုးသမီးများအား တန်းတူ တန်ဖိုးမထားခြင်း၊ အာဏာ လက်ဝယ်ရှိသူများ (အများအားဖြင့် အမျိုးသားများ)က မလိုလား၍ ဆန့်ကျင်နေခြင်းနှင့် စိုးရိမ်ကြောက်ရွံ့မှုတို့ ဖြစ်ပါသည်။

---

[၁၀၄] ဥက္ကဋ္ဌ၊ ဒု - ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးရာထူးများ အပါအဝင်

[၁၀၅] စစ်ဦးစီးချုပ်နှင့် ဒု - စစ်ဦးစီးချုပ်ရာထူးများ အပါအဝင်

[၁၀၆] ဤပါတီသည် နိုင်ငံရေးစနစ်တွင် ပါဝင်နေပြီး မွန်ပြည်သစ်ပါတီ သို့မဟုတ် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ခုခုနှင့် မရောထွေးစေလိုပါ။

[၁၀၇] Khen နှင့် Nyoi ၊ ၂၀၁၄၊ စာ - ၃၁

[၁၀၈] Ibid၊ စာ - ၄၃

[၁၀၉] ဖလုံ - စဝေါ်ပါတီမှ နန်းဆေးအာဝါး

[၁၁၀] မိဆာဒါးသည် ဗဟိုကော်မတီဝင်နှင့် ပညာရေးဌာန အကြီးအကဲ ဖြစ်ပါသည်။ သို့ရာတွင် နောက်ပိုင်း တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှုများတွင် မပါဝင်တော့ပါ။

[၁၁၁] ၎င်းတို့မှာ ထိုစဉ်က ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အထွေထွေအတွင်းရေးမှူးနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် နော်စီဖိုးရာစိန်၊ ယခင်က KNU ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဖြစ်သူ နော်မေဦးမူကရောနှင့် ကရင်ဒုက္ခသည် ကော်မတီအကြီးအကဲ နော်ဘလွန်းမင်းနိုက်ဇံတို့ ဖြစ်ပါသည်။ နောက်တွင် နော်စီဖိုးရာစိန်သည် KNU ဒု - ဥက္ကဋ္ဌ ဖြစ်လာပြီး လက်ရှိ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးညှိနှိုင်းဆွေးနွေးမှုများ တွင် ပါဝင်လျက်ရှိပါသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တွင် အမျိုးသမီးတစ်ဦးပါဝင်၍ KNPP ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဖြစ်သူ မော်ဦးမြာ (ခ) ဒေါ်ဒေးဒေးဖော ဖြစ်ပါသည်။ (Khen နှင့် Nyoi ၂၀၁၄၊ စာ - ၃၁)

အဓိကမဟုတ်သည့် မိသားစု တာဝန်များ၊ မိသားစုနှင့် ရပ်ရွာဒေသ၏ ထောက်ခံအားပေးမှု မရှိခြင်း၊ အချိန်မပေးနိုင် ခြင်းနှင့် ငွေကြေးအခက်အခဲတို့က အမျိုးသမီးများအား နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဥ်များတွင် တက်တက်ကြွကြွ ပါဝင်နိုင် ရေးအတွက် အဟန့်အတား ဖြစ်စေပြီး အမျိုးသားများသည် ပို၍ လွတ်လပ်ကြ၍ အချိန်အား၊ ငွေအား ပိုမိုတတ်နိုင်ကြသည်ဟု ပါဝင်ဖြေဆိုသူ အမျိုးသမီးများက အလေးအနက်ထား ထောက်ပြကြပါသည်။ အမျိုးသမီးများသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှု မရှိသည့်အပြင် နိုင်ငံရေးကို သေချာစွာ နားမလည်ကြပါဟု ပါဝင်ဖြေဆိုသူ အမျိုးသားများက ငြင်းဆိုကြပြီး ၎င်းသည်က နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဥ်များတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်ခွင့်ကို အဟန့်အတား ဖြစ်စေသည်ဟု ထောက်ပြကြ ပါသည်။

နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် သမားရိုးကျ ငြိမ်းချမ်းရေးဗိသုကာပုံစံတွင် အမျိုးသမီးများ ကိုယ်စားပြုမှု နည်း နေသေးသော်လည်း အမျိုးသမီးအများအပြားနှင့်အတူ အမျိုးသားများပါ ငြိမ်းချမ်းရေးဖြစ်စဥ်တွင် အမျိုးသမီးများ၏တန်ဖိုးကို ပိုမိုလက်ခံအသိအမှတ်ပြုလာကြပြီ ဖြစ်သည့်အတွက် အနာဂတ်အတွက် ကောင်းသော အလားအလာများ ရှိနေပါသည်။

# အခန်း (၇)
# မြန်မာနိုင်ငံ၏လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များ ပါဝင်ရေး တောင်းဆိုခြင်း

နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ထည့်သွင်းပါဝင်စေခြင်းသည် အမျိုးသမီးအခွင့်အရေး ဖြစ်ပါသည်။ ပဋိပက္ခ ကာလများအတွင်း ခံစားခဲ့ကြရသည့် ပျက်စီးဆုံးရှုံးမှုများ၊ ဒုက္ခများအတွက်လည်း အမျိုးသမီးများတွင် နစ်နာကြေး၊ လျော်ကြေး တောင်းဆိုပိုင်ခွင့် ရှိပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်တိုင်း၌ အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများအား ပါဝင်စေခြင်းနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ ပဋိပက္ခအလွန် လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ပေး ခြင်းသည် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် သဘောတူ လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များ၏ ကတိကဝတ်အတိုင်း မြန်မာနိုင်ငံတော်အစိုးရက ဆောင်ရွက်ကြောင်း ပြသနိုင်မည် ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွင်း ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး စည်းရုံးလှုံ့ဆော်နေသူများ၏ အမျိုးသမီးများ ပါဝင်ခွင့်ရ ရေး တောင်းဆိုချက်များအား တာဝန်ရှိရှိ တုံ့ပြန်ကြောင်း ပြသသည့် သင်္ကေတလည်း ဖြစ်ပါလိမ့်မည်။

ထို့အပြင် မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေ၏ ၅၂% သည် အမျိုးသမီးများ ဖြစ်၍ မွန်နှင့် ကရင်ပြည်နယ်တို့ရှိ လူဦးရေ၏ ၅၂% နှင့် ၅၁% အသီးသီး ရှိကြပါသည်။ လက်နက်ကိုင် ပဋိပက္ခဒဏ်ကို ခံကြရသည့် ရပ်ရွာဒေသများမှ မွန်နှင့် ကရင်အမျိုးသမီးများသည် အတွေ့အကြုံ၊ ဒေသဆိုင်ရာ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် စွမ်းရည်များ၊ ခေါင်းဆောင်မှု အရည်အသွေး နှင့် ကွန်ရက်ချိတ်ဆက်မှုတို့ကို အသုံးချ၍ လူမှုနယ်ပယ်တွင် စေ့စပ်ညှိနှိုင်းပေးသည့် ၎င်းတို့၏ အခန်းကဏ္ဍများ တဖြည်းဖြည်း ချင်း ဖွံ့ဖြိုးတိုးတက်လာပါသည်။ ဤသည်မှတစ်ဆင့် ငြိမ်းချမ်းရေးကို ပိုမိုသဘောပေါက်လာစေရေး ပါဝင်ကူညီရန် မိသားစုများ၊ ရပ်ရွာဒေသများ၏ အသက်ရှင်ရပ်တည်ရေး လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်၊ ပဋိပက္ခကို လျော့နည်း၊ ဖြေရှင်း၊ တားဆီးရန်နှင့် ရေရှည် ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် ၎င်းတို့အနေဖြင့် ပါဝင်ကူညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။ လူသားဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်ရှိသည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ငြိမ်းချမ်းရေးဖြစ်စဉ် ကဏ္ဍအားလုံးတွင် ထည့်သွင်းပါဝင်စေခြင်းသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံး ပါဝင်မှုနှင့် ရေရှည်တည်တံ့မှုတို့ကို ပိုမိုအားကောင်းစေမည် ဖြစ်ကြောင်း အောက်ပါအခန်းတွင် ဆွေးနွေးတင်ပြထား ပါသည်။

## အမျိုးသမီးများ၏ ငြိမ်းချမ်းရေးအပေါ် တစ်မူ ထူးခြားသည့် နားလည် သဘောပေါက်မှုနှင့် ငြိမ်းချမ်းရေးအတွက် ပိုမိုပြင်းပြသည့် ဆန္ဒ

- မွန်နှင့် ကရင်ပြည်နယ်တို့၏ အတွေ့အကြုံများအရ ငြိမ်းချမ်းရေး ဆိုသည်မှာ ရက်စက်မှု၊ ရန်လိုမှု၊ တင်းမာမှုနှင့် အကြမ်းဖက်မှုတို့ မရှိရုံမျှသာ မဟုတ်ဘဲ၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်ခွင့်နှင့် အားလုံးအတွက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှု (ဤသည်တို့ မရှိခြင်းသည် ပဋိပက္ခ ဖြစ်ရခြင်း၏ ရေသောက်မြစ်များ ဖြစ်ပါသည်) တို့ဖြင့် ဝိဂြိုဟ်ပြု ထားသည့် အခြေအနေ တစ်ရပ် ဖြစ်သည်ဟု အမျိုးသမီးများက ရှုမြင်ကြပါသည်။ ဖွံ့ဖြိုး တိုးတက်မှု မရှိလျှင် ငြိမ်းချမ်း ရေး မရှိနိုင်။ ထိုနည်းတူပင် ငြိမ်းချမ်းရေး မရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ဟု ၎င်းတို့က ယုံကြည်ထားကြပါသည်။ ဤ အယူအဆများသည် လူမှုနယ်ပယ်တွင် စေ့စပ်ညှိနှိုင်း၍ ပြုစုစောင့်ရှောက်ပေးသည့်၊ ကြင်နာသနားစိတ်ဖြင့် ကူညီပေး သည့် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် ရပ်ရွာဒေသတစ်ခုလုံးအပေါ် ရေတို၊ ရေရှည် ပျက်စီးစေသည့်၊ ၎င်းတို့ ကိုယ်တိုင် အသက်ရှင်လျက် ကြုံတွေ့ခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခ၏ သက်ရောက်မှုများမှာ မြစ်ဖျားခံသည်ဟု ဆိုရပါမည်။
- အခြားနေရာများ၌ကဲ့သို့ပင် မွန်နှင့် ကရင်အမျိုးသမီးများသည် လက်နက်ကိုင် ပဋိပက္ခ၏ အဓိက စနက်တံ မဟုတ် သည့်အပြင် တိုက်ခိုက်ရေးသမား အများစုသည်လည်း အမျိုးသမီးများ မဟုတ်ကြပါ။ အမျိုးသားများ စစ်တိုက်သည့် တာဝန်ယူကြရချိန်တွင် ပဋိပက္ခသည် ကောင်းမွန်သည့် လူမှုဆက်ဆံရေး၊ တည်ငြိမ်သည့် လူသားဘဝနှင့် အေးချမ်း သည့် ရပ်ရွာဒေသများကို မဖြစ်စေနိုင်ကြောင်း နားလည် သိရှိကြသည့်အလျောက် အမျိုးသမီးများက ငြိမ်းချမ်းရေးကို ဆန္ဒပြင်းပြ လိုလားကြပါသည်။ ဤလိုအင်ဆန္ဒကို ပဋိပက္ခ တားဆီးရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် ပါဝင်ကူညီဆောင်ရွက်ခြင်း၊ ဥပမာအားဖြင့် ပညာရေး အပါအဝင် ပိုမိုကျယ်ပြန့်စွာ ပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်းနှင့် လက်နက်ဖြင့် မဖြေရှင်းဘဲ အခြား နည်းလမ်းများဖြင့် ပါဝင်ကူညီခြင်း စသည့် နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်ဖော်ပြသကြပါသည်။

## ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုများအပေါ် လက်နက်ကိုင် ပဋိပက္ခ၏ သက်ရောက်မှုများအား အမျိုးသမီးများ၏ တစ်မူထူးခြားသည့် ဗဟုသုတနှင့် နားလည်သဘောပေါက်မှု

- တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ၊ ပြုစုပျိုးထောင်သူများ၊ ကာကွယ်စောင့်ရှောက်သူများ၊ ပဋိပက္ခ လျော့ကျစေသူများ၊ ငြိမ်းချမ်းရေးအတွက် နိုးဆော် တိုက်တွန်း သူများနှင့် ငြိမ်းချမ်းရေး တည်ဆောက်သူများအဖြစ် အခန်းကဏ္ဍအမျိုးမျိုး အပြင် အမျိုးသမီး လူ့အခွင့်အရေး အခြေအနေများအား လေ့လာ စောင့်ကြည့် သည့် အခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားရင်း ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှတစ်ဆင့် ၎င်းတို့ ရာမှီး ဆည်းပူး ခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခများ၏ သီးခြား၊ အသေးစိတ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အမျိုးသမီးများတွင် တစ်မူ ထူးခြားသည့် ဗဟုသုတနှင့် အသိများ ရှိပါသည်။

- ကလေးသူငယ်များ၊ အခြား မိသားစုဝင်များနှင့် ရပ်ရွာဒေသခံများအပေါ် ပဋိပက္ခက မည်သို့ သက်ရောက်စေသည်ကို အမျိုးသမီးများက ရှင်းရှင်းလင်း လင်း နားလည်သဘောပေါက်ကြပါသည်။ လူမှုနယ်ပယ်တွင် စေ့စပ်ညှိနှိုင်းပေးသည့် ၎င်းတို့၏ အခန်းကဏ္ဍက ၎င်းတို့ကိုယ်တိုင်ထက် အခြား သူများ၏ ပြဿနာများ၊ လိုအပ်ချက်များအား ပို၍အတွင်း ကျကျ သိမြင်လာစေပါသည်။ ဥပမာအားဖြင့် ညှဉ်းပန်းနှိပ်စက်ခံရမည်၊ သေဆုံးမည်၊ အဓမ္မ ပေါ်တာဆွဲခံ ရမည်ကို ရှောင်ရှားရန် ခင်ပွန်း ယောက်ျားများ ထွက်ပြေးတိမ်းရှောင်ရခြင်းသည် ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုများအတွက် မည်သို့ဖြစ် စေသည်၊ သို့မဟုတ် မိသားစုဝင် အမျိုးသား တိုက်ပွဲကြောင့် မသန်စွမ်း၊ သို့မဟုတ် သေဆုံးသည့်အခါ၊ သို့ မဟုတ် အမျိုးသမီးနှင့် မိန်းကလေးများ လိင် ပိုင်းဆိုင်ရာ မတော်မတရား ပြုခံရသည့်အခါ သို့မဟုတ် ကလေးစစ်သား ဖြစ်ရခြင်း၏ အကျိုးဆက်များ စသည်တို့ကို ၎င်းတို့ ကောင်းစွာ သိရှိနားလည် ကြပါသည်။ ကလေးသူငယ်များ နှင့် လူ့အဖွဲ့အစည်းအပေါ် ပညာသင်ကြားခွင့် မရခြင်းကြောင့် ဖြစ်လာမည့် ရေရှည်သက်ရောက်မှုများကို ၎င်းတို့ နားလည် သိရှိပြီး ဖြေရှင်း ဆောင်ရွက်ကြ ပါသည်။ အာဟာရ မပြည့်ဝခြင်း၊ သန့်ရှင်းသော သောက်သုံးရေ မရခြင်း၊ တစ်ကိုယ်ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းမှု၊ ကျန်းမာရေး စောင့်ရှောက်မှု ချို့တဲ့ခြင်း တို့၏ သက်ရောက်မှုများကို ၎င်းတို့ ကြုံတွေ့ခဲ့ ကြရပြီး ဖြေရှင်းဆောင်ရွက်ကြပါသည်။ အမြဲတစေ စိုးရိမ်ထိတ်လန့်မှု၊ အမုန်းတရားများနှင့် နေထိုင်ရသည့် ဘဝနှင့် အလွန်အမင်း အကန့်အသတ်ဖြင့် သွားလာလှုပ်ရှားရခြင်းတို့၏ သက်ရောက်မှုများကို ၎င်းတို့ နားလည်သိရှိကြပါသည်။

## ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားကို အကောင်းဆုံး ကိုယ်စားပြုနိုင်သည့် အမျိုးသမီးများ၏ အရည်အသွေး

- ပဋိပက္ခကို မည်သို့ ရင်ဆိုင်ဖြတ်သန်း ကျော်လွှား၍ ငြိမ်းချမ်းရေးတွင် မည်သို့ ပါဝင်ကူညီမည်တို့ကို ၎င်းတို့တွင် ရှိ ထားသည့် အတွင်းကျကျ နားလည် သဘောပေါက်မှုတို့ဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်တိုင်းတွင် ၎င်းတို့ ပါဝင် ကူညီနိုင်သည့် နည်းလမ်းမျိုးစုံဖြင့် ၎င်းတို့၏ ဦးစားပေးကိစ္စရပ်များကို အမျိုး သမီးများက အကောင်းဆုံး ကိုယ်စားပြု နိုင်ကြပါသည်။

- အမျိုးသမီးများသည် တိုင်းရင်းသား လူမျိုးအသီးသီး၊ ကဏ္ဍအသီးသီးတွင် အခြားအမျိုးသမီးများနှင့် မဟာမိတ်ဖွဲ့စည်း နိုင်ခဲ့ပြီး အများ သဘောတူ သည့် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ် ရရှိရေးအတွက် အရေးပါသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်လည်း မဟာမိတ်ဖွဲ့ လက်တွဲနိုင် ကြပါသည်။ ပြည်နယ်တစ်ခုစီနှင့် ပြည်နယ်အဆင့်ကို ကျော်လွန်၍ မွန်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသမီးများ ပုံဖော်နိုင်ခဲ့သည့် ကွန်ရက်များက ဤသည်ကို သက် သေပြ နေပါသည်။

## ပဋိပက္ခဖြေရှင်းရေး၊ တားဆီးရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အမျိုးသမီးများ ၏ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ အရင်းအမြစ်များနှင့် ကြိုးပမ်းမှုများ

- မွန်နှင့် ကရင်အမျိုးသမီးများ၏ ငြိမ်းချမ်းရေးတွင် ပါဝင်ကူညီမှုများနှင့် စပ်လျဉ်း၍ ဤစာတမ်း၏ အခန်း (၅) တွင် ဖော်ပြခဲ့သည့်အတိုင်း ငြိမ်းချမ်းရေး ဆိုသည်မှာ ရက်စက်မှု၊ တင်းမာမှုနှင့် လက်နက်ကိုင် ပဋိပက္ခ မရှိရုံသက်သက် သာ မဟုတ်ဘဲ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှုနှင့် အားလုံး အတွက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရန်ဟု အမျိုးသမီးများက တစ်မူ ထူးခြားစွာ နားလည် သဘောပေါက်ထားကြပါသည်။ အမျိုးသမီးများသည် ပဋိပက္ခကို မီးမွှေးသည့် စနက်တံများ မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ ရပ်ရွာဒေသများအပေါ် ပဋိပက္ခ၏ ရေရှည် သက်ရောက်မှုများအား နက်နက်ရှိုင်းရှိုင်း ကြုံတွေ့ နားလည်သဘောပေါက်ကြသည့်အားလျော်စွာ အမျိုးသမီးများက အမျိုးသားများထက် ငြိမ်းချမ်းရေးကို ပို၍ လိုလားတောင့် တကြပါသည်။

- ပဋိပက္ခနောက်ခံ အခြေအနေများတွင် အမျိုးသမီးများ မိသားစုများ၊ ရပ်ရွာဒေသများ၏ အသက်ရှင် ရပ်တည်ရေး လိုအပ်ချက်များအား တုံ့ပြန်ဖြေရှင်း ပေးကြသည့်အပြင် မိသားစုတွင် အမျိုးသားများ မရှိကြသည့်အခိုက်တွင် အိမ်ထောင် ဦးစီးများအဖြစ်ပါ တာဝန်ယူကြရပါသည်။ ဤသည်မှာ ၎င်း

- တို့၏ အစဉ်အလာတာဝန် မဟုတ်သော အလုပ်များကို လုပ်ကိုင်ရခြင်း၊ တာဝန်ပိုလာခြင်း၊ စိတ်ဖိစီးမှု ပိုများလာခြင်း၊ ဆုံးဖြတ်ချက်ချရခြင်း စသည့် ဝန်ထုပ်ဝန်ပိုးများ ပိုများ လာခြင်း ဖြစ်ပါသည်။ စီးပွားရေး အခြေအနေ ပိုမိုကောင်းမွန်သည့် အမျိုးသမီးများနှင့် မိသားစုများက ပဋိပက္ခဒဏ် ကို ဆိုး ဆိုးရွားရွား ခံစားရသည့် ဆွေမျိုးသားချင်းများအား ကြည့်ရှုစောင့်ရှောက်၍ အရင်းအမြစ်များ ဝေမျှပေးကြပါ သည်။

- တပ်များ၏ လှုပ်ရှားမှု၊ လက်နက်များ သိုလှောင်ခြင်း၊ အမျိုးသမီးနှင့် မိန်းကလေးများအား ထိပါးစော်ကားခြင်း စသည်တို့ အပါအဝင် ပဋိပက္ခ၏ သတိပေး အရိပ်လက္ခဏာများကို အမျိုးသမီးများက ကောင်းစွာ နားလည်သိရှိကြ ပါသည်။

- တစ်ဆင့်စကားဖြင့် ကြိုတင်သတင်းပေးခြင်း၊ ၎င်းတို့၏ လူမှုကွန်ရက်များအား ဖြန့်ကြက်ချထားခြင်း၊ မိသားစုဝင် အမျိုးသားများ ထွက်ပြေးတိမ်း ရှောင်ခြင်းနှင့် နေရာချထားခြင်းတို့တွင် ကူညီပေးခြင်း စသည်တို့အားဖြင့် လည်း ကောင်း၊ တင်းမာမှု လျော့ပါးရေး မဟာဗျူဟာများ ဖြစ်သည့် တပ် များနှင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြောဆိုခြင်း၊ အာရုံလွှဲခြင်း စသည်တို့အားဖြင့် လည်းကောင်း ပဋိပက္ခကို ရှောင်ရှားရန် အမျိုးသမီးများက ချက်ချင်း လုပ်ဆောင်ကြ ပါသည်။ အသက်အိုးအိမ်နှင့် ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များအား ရပ်ရာအတွင်း တိုက်ခိုက်မှုများ မဖြစ်ပွားစေရေးအတွက်လည်း ၎င်းတို့က လိမ္မာပါးနပ်စွာ တိုက်တွန်း အကြံပြုကြပါသည်။

- အမျိုးသားများအား ထွက်ပြေးတိမ်းရှောင်စေ၍ ၎င်းတို့က ကျန်နေရစ်ပြီး မိသားစုနှင့် ရပ်ရွာဒေသ၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ခြင်း၊ အမျိုးသားများ ဖမ်းဆီးခံ၊ ညှဉ်းပန်းနှိပ်စက်ခံရမည်ကို စိုး၍ တိမ်းရှောင်နေရသည့်အခါ ကျေးရွာအကြီးအကဲ တာဝန်ကို ပခုံးပြောင်းထမ်းဆောင် ခြင်းတို့ဖြင့် အမျိုးသားများအားလည်း ကာကွယ်ပေးကြပါ သည်။ အဖိုးတန်ပစ္စည်းများအား လုံခြုံရာတွင် သိမ်းဆည်းထားခြင်း၊ အလျင်အမြန် ထွက် ပြေးတိမ်းရှောင်ရန် လိုအပ် ပါက အဆင်သင့်ဖြစ်စေရန် အိမ်မွေးတိရစ္ဆာန်များအား ခြင်းများဖြင့် ထည့်ထားခြင်း၊ မိသားစု အသုံးအဆောင်များ အား ကြိုတင်ထုပ်ပိုးပြင်ဆင်ထားခြင်း၊ ကလေးသူငယ်များနှင့် အိုမင်းမစွမ်းသည့် မိသားစုဝင်များအား ပဋိပက္ခ ကင်း လွတ်သည့် နေရာများသို့ ပို့ဆောင် ထားခြင်း စသည့် မိသားစုအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း အမျိုးသမီးများ က စီစဉ်ထားကြပါသည်။ ပဋိပက္ခ ဖြစ်ပွားရာ နေရာများသို့ မသွား မိစေရန် ရှောင်ရှားခြင်း၊ အစုအဖွဲ့ဖြင့် သွားလာ ခြင်း၊ အကြမ်းဖက်မှု ကျူးလွန်သူများနှင့် လိမ္မာပါးနပ်စွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အမျိုးသမီးများက မိမိကိုယ်ကိုယ် ကာကွယ်ကြပါသည်။

- အစိုးရ၏ နိုင်ငံရေးစနစ် ဖွဲ့စည်းပုံနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ဦးဆောင်မှု ရာထူးများတွင် မွန်နှင့် ကရင်အမျိုးသမီး အနည်း ငယ်မျှ ကိုယ်စားပြု ပါဝင်ကြပါသည်။ ၂၀၁၁ – ၂၀၁၂ ခုနှစ်များအတွင်း နှစ်ဖက် အပစ်အခတ် ရပ်စဲရေး စေ့စပ်ညှိနှိုင်းရေးအဖွဲ့များတွင်လည်း အမျိုး သမီးအနည်းငယ် ပါဝင်ကြပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအတွက် နည်းပညာအကြံပေးများအဖြစ် ဆောင်ရွက်ပေးခြင်း ဖြစ်၍ နှစ် ဖက် အပစ် အခတ် ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများတွင် လေ့လာသူများအဖြစ် ဖိတ်ကြားခံကြရပါသည်။

- ပြည်နယ် နှစ်ခုစလုံးမှ အမျိုးသမီးများ၏ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အကောင်အထည်ဖော် ဆောင်ရွက် ရေးတို့တွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ထည့်သွင်း ပါဝင်စေရေးအတွက် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများအား တိုက်တွန်းဆွေးနွေးလျက် ရှိပါ သည်။

- နိဂုံးချုပ်အားဖြင့် အမျိုးသမီးများသည် အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်း အများအပြား ကို ဖွဲ့စည်းတည်ထောင်၍ ငြိမ်းချမ်း ရေးဖြစ်စဉ်တွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များ ပါဝင် ထည့်သွင်းရေးအတွက် ရပ်ရွာဒေသများတွင် အသိအမြင် မြှင့်တင်ရေးလုပ် ငန်းများနှင့် အဆိုပါအဖွဲ့အစည်းများမှ တစ်ဆင့် အမျိုးသမီးများနှင့် ရပ်ရွာဒေသ၏ အခြားသော ကဏ္ဍများတွင် ဖွံ့ဖြိုးရေး လိုအပ်ချက်များအား ဖြည့် ဆည်း ဆောင်ရွက်ပေးရေး လုပ်ဆောင်နေကြပါသည်။

## ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် ပိုမိုကျယ်ပြန့်သည့် အကျိုးစီးပွားနှင့် ဦးစားပေး ကိစ္စရပ်များအား ဖြေရှင်း ဆောင်ရွက်ပေးရာ၌ အမျိုးသား များထက် သာလွန်သည့် အမျိုးသမီးများ၏ အရည်အသွေး၊ ပိုမိုကျယ်ပြန့်စွာ ပါဝင်ခွင့်နှင့် ရေရှည် – တည်တံ့မှုကို ရည်ရွယ်ခြင်း

- လူမှုအသိုင်းအဝိုင်းက သတ်မှတ်ထားသည့် ပျိုးထောင်သူနှင့် ပြုစုစောင့်ရှောက်သူ အခန်းကဏ္ဍများအရ အမျိုးသမီး များသည် ကလေးသူငယ်များ၊ နာမကျန်းသူများ၊ မသန်စွမ်းသူများနှင့် အခြားသူများ၏အပေါ် ပဋိပက္ခ၏ သက်ရောက်မှု များကို ကောင်းစွာ နားလည် သဘောပေါက်ကြပါသည်။

- ထို့အပြင် မွန်နှင့် ကရင်အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးသူငယ်၊ လူငယ်နှင့် ဘာသာ ရေး အဖွဲ့အစည်းများ အပါအဝင် လူအမျိုးမျိုးနှင့် ဆက်ဆံကြရပြီး ဘေးဒုက္ခ ကျရောက်လွယ်သူ အသီးသီး၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား နားလည် သဘောပေါက်၊ ဖြေရှင်းဆောင်ရွက်ပေးကြ ပါသည်။ သို့ဖြစ်ရာ အမျိုးသမီးများသည် ၎င်းတို့၏ တစ်ကိုယ်ရေ အကျိုးစီးပွားသာမက ကျန်းမာရေး၊

ပညာရေး၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းမှု၊ အသက်မွေးဝမ်းကျောင်း၊ နေရာထိုင်ခင်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး စသည့် လူမှုရေး၊ စီးပွားရေး ပြဿနာများနှင့် စပ်လျဉ်း၍ အခြားသူများကိုပါ အမျိုးသားများထက် ပို၍ ကိုယ်စားပြု ကြပါသည်။ ဤသည်က ပို၍ကိုယ်စားပြုသော၊ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး သဘောတူညီချက်များကို ဖြစ်စေပါသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ၏ ဖြည့်စွက်ကျွမ်းကျင်မှုများ

- ပထမဆုံးအနေဖြင့် ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသမီးများ၏ ငြိမ်းချမ်းရေးအပေါ် မြင်သည့် အမြင်သည် အမျိုးသားများထက် ပို၍ကွဲပြားခြားနားပါသည်။ လူမှုနယ်ပယ်တွင် စေ့စပ်ညှိနှိုင်းပေးခြင်းမှတစ်ဆင့် ၎င်းတို့တွင် တဖြည်းဖြည်းချင်း ဖွံ့ဖြိုးလာသည့် အမျိုးသမီးများ၏ ဗဟုသုတ၊ ကျွမ်းကျင်သူများ၊ အရင်းအမြစ်များနှင့် ခေါင်းဆောင်မှု ပုံသဏ္ဍာန်များသည် အမျိုးသားများ၏ အရည်အချင်းများနှင့် အဖြည့်အစပ်အားဖြင့် လိုက်ဖက်မှု ရှိပါသည်။ အမျိုးသမီး များသည် ပို၍နားထောင်ပေးနိုင်သူများ၊ ပို၍ စိတ်ရှည်ပြီး ထိုးထွင်းသိနိုင်သူများ၊ ပို၍ သဘောထား ပျော့ပျောင်းပြီး၊ သဘောတူညီနိုင်သည့် အချက်များကို ပို၍ ရှာနိုင်သူများ၊ အလျှော့အတင်း ညှိနှိုင်းပေးနိုင်သူများ ဖြစ်ပါသည်။ တင်းမာမှုကို ပို၍ ဖြေလျှော့ပေးနိုင်သူများနှင့် တာဝန်မျိုးစုံကို ထမ်းဆောင်နိုင်သူများလည်း ဖြစ်ပါသည်။ ဤသည်က ပိုမိုမြန်ဆန် ထိရောက်သည့် စေ့စပ်ညှိနှိုင်းမှုများ၊ သဘောတူညီချက်များကို ပြီးမြောက်စေပါသည်။ မွန်နှင့် ကရင် ပြည်နယ်တို့မှ ရရှိသည့် အချက်အလက်များအရ အမျိုးသမီးများသည် ကွန်ရက်များ၊ မဟာမိတ်များ ဖွဲ့စည်းနိုင်ခြင်း၊ ခြားနားသည့် ရပ်ရွာဒေသများအကြား ယုံကြည်မှု တည်ဆောက်နိုင်ခြင်း၊ တိုက်တွန်းဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေး ခေါင်းဆောင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ နစ်ခုစလုံးနှင့် ထိစပ်ဆောင်ရွက်နိုင်ခြင်း စသည့် အရည်အသွေးများ ရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများ၏ ရပ်ရွာအခြေပြုအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် လူ့အခွင့်အရေး ရှုထောင့်မှ အမျိုးသမီးများ၏ ပြဿနာများ အပါအဝင် အရေးကိစ္စများကို ရပ်ရွာဒေသများ ပို၍ အသိ တရား ရှိလာစေသည့် အသိအမြင် မြှင့်တင်ရေး လှုပ်ရှားမှုများမှတစ်ဆင့် ဗဟုသုတနှင့် အတွေ့အကြုံများ ဖြန့်ဝေပေး ကြပါသည်။ အမျိုးသမီးများ၏ တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များ၊ လူမှုရေးနှင့် နိုင်ငံရေး အချိတ်အဆက်များ၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများရှိ ၎င်းတို့၏ မြင်သာထင်ရှားသည့် ဦးဆောင်မှု တို့ကို ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မရှိမဖြစ် အရေးထား တန်ဖိုးထားရန် လိုအပ်ပါသည်။ ဤသည်က ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေပြီး လက်ရှိပြုပြင် ပြောင်းလဲရေး ဖြစ်စဉ်များ၏ အောင်မြင်မှုအတွက် အရေးပါသော အညွှန်းကိန်းတစ်ခု ဖြစ်ပါသည်။

## အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ထည့်သွင်းပါဝင်စေခြင်းသည် ရေရှည်ပြန်လည်ထူထောင် ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက် မှုတို့တွင် ရင်းနှီးမြှုပ်နှံမှုများအား ပြည့်စုံကောင်းမွန်စေသည်။

- ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်တိုင်းတွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ပို၍ တန်းတူညီမျှ ကိုယ်စားပြု ပါဝင်စေခြင်းသည် အမျိုးသမီး များ၏ ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးရာတွင် အဓိကကျပါသည်။ ကနဦးကတည်းက အမျိုးသမီးများ၏ အရေးကိစ္စများ ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် မပါဝင်ခဲ့လျှင် နောက်ပိုင်းတွင် ၎င်းတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးရန် ပိုမိုခက်ခဲ မည် ဖြစ်ပါသည်။ [၁၀၂] အဘယ်ကြောင့်ဆိုသော် ပဋိပက္ခအလွန်ကာလ ရသုံးမှန်းခြေငွေစာရင်းတွင် "ကျား၊ မ အခြေပြု အသုံးစရိတ် များ" ကို လိုအပ်ချက်များနှင့် ဖြစ်နိုင်ခြေ ဦးစားပေး အစီအစဉ်များအား ကြိုတင်လေ့လာသုံးသပ်မှုများနှင့် လုပ်ငန်းစဉ် တိုင်းတာမှုများ ဖြင့် တစ်စိတ်တစ်ပိုင်း သတ်မှတ်ကြခြင်းကြောင့် ဖြစ် ပါသည်။ ကမ္ဘာတစ်ဝန်း၌ ပဋိပက္ခအလွန်ကာလ လိုအပ်ချက်များ လေ့လာ ဆန်းစစ်ခြင်းနှင့် ဆင်းရဲမှုလျှော့ချ ရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးနှင့် မိန်းကလေးများ၏ သီးခြားလိုအပ်ချက်များ အတွက် ရည်ရွယ်သည်မှာ သတ်မှတ်ထားသည့် ဘတ်ဂျက်၏ ၃% မျှပင် မရှိသည်ကို တွေ့ရပါ သည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ဆင်းရဲမှု လျှော့ချရေး ကြိုးပမ်းမှုများမှ ကမ္ဘာ့လူဦးရေ ထက်ဝက်ဖြစ်သော အမျိုးသမီးများအား ဖယ်ထုတ် ထားခြင်းသည် ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမည့် အရင်းအမြစ်များအား အကောင်းဆုံး မဖြစ်စေပါ။ ဤသည်က ပြန်လည်ထူထောင်ရေး၏ အဟုန်နှင့် ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးများအား တန်းတူညီမျှ မျှဝေခံစားမှုကို ထိခိုက်စေနိုင်သည့် အလားအလာ ရှိပါသည်။

- ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်တိုင်း၌ အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား အဓိပ္ပာယ်ရှိရှိ၊ ထိထိရောက်ရောက် ထည့်သွင်းပါဝင်စေရေး သေချာစေရန် လုပ်ဆောင်စရာ များစွာ ရှိနေပါသေးသည်။

---

[၁၀၂] နီကိုလ်၊ ၂၀၁၂၊ စာ - ၃

## အခန်း (၈)
## အဓိက အကြံပြုတိုက်တွန်းချက်များ

အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ တိုင်းရင်းသား အမျိုးသမီးအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အားလုံးကြား ကဏ္ဍစုံ လက်တွဲဆောင်ရွက်မှုမှတစ်ဆင့် အထက်ဖော်ပြ ပါ ရည်မှန်းချက်များ ရရှိရေးအတွက် လုပ်ဆောင်သင့်သည်များကို ဤလေ့လာမှုမှ အောက်ပါအတိုင်း အကြံပြု တိုက်တွန်း ထားပါသည်။

- အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အချက်အလက်များအား ကျား၊ မ အလိုက် သီးခြားပြုစု၊ ထုတ်ပြန်ပေးရန်နှင့် CEDAW (၁၉၇၉)၊ ဗီကင်းကြေညာချက်နှင့် လုပ်ငန်းစဉ်အခြေခံ (၁၉၉၅) နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ တို့အပြင် ဆက်စပ် သည့် ဆုံးဖြတ်ချက်များနှင့်အညီ ဒေသ နောက်ခံ အခြေအနေများတွင် အနှံ့အပြား ဖြစ်နေသည့် သက်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများအား ကျား၊ မ အလိုက် လေ့လာဆန်းစစ် သုံးသပ်ရန်။

- မျှော်မှန်းထားသည့် မြန်မာတစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်နှင့် ၎င်းအား အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် များအား ထည့်သွင်းရန်။

- ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ဆက်စပ်ဆုံးဖြတ်ချက်များနှင့်အညီ ကျား၊ မ ရေးရာကို အထူးသတိထားသည့် ရည်မှန်းချက်များ၊ အညွှန်းကိန်းများဖြင့် အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အမျိုးသားအဆင့်၊ ပြည်နယ် / တိုင်းဒေသကြီးအဆင့် လုပ်ငန်းစဉ်များအား အရင်းအမြစ် ထောက်ပံ့မှု အားကောင်းစွာဖြင့် ရေးဆွဲ အကောင်အထည်ဖော်ရန်။

- အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့်ဥပဒေ ပြဋ္ဌာန်း အကောင် အထည်ဖော်ရန်နှင့် သာမန်အချိန်များတွင် ဖြစ်စေ၊ ပဋိပက္ခကာလအတွင်း ဖြစ်စေ အကြမ်းဖက်မှုမျိုးစုံ ခံစားရ သူများ အားလုံးအတွက် စိတ်ပိုင်း – လူမှု အကူအညီ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ ဥပဒေရေးရာ အထောက် အပံ့၊ အရေးပေါ် ခိုနားရာနေရာများနှင့် အလုပ်အကိုင် စသည်တို့ ရရှိခံစားနိုင်စေရေး ဆောင်ရွက်ပေးရန်။

- အမျိုးသမီးများ၏ စီးပွားရေးစွမ်းရည်နှင့် လုပ်ပိုင်ခွင့် (အထူးသဖြင့် ဘေးဒုက္ခကျရောက်အလွယ်ဆုံး အမျိုးသမီး များအတွက်) ပိုမိုမြှင့်တင်ပေးမည့် အရင်းအမြစ် ထောက်ပံ့မှု အားကောင်းသည့် ပဋိပက္ခအလွန် စီးပွားရေး မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

- မြန်မာနိုင်ငံ မြေယာအသုံးချရေး မူဝါဒ မူကြမ်းနှင့်၊ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်း၊ ပလပ်မြေများ စီမံခန့်ခွဲ မှု ဥပဒေ(၂၀၁၂) အား အဆိုပြုထားသည့်အတိုင်း ပြန်လည်သုံးသပ်ရာတွင် လယ်ယာစိုက်ပျိုးရေးတွင် ပါဝင်သည့် အမျိုးသမီးများ၊ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ၏ အကြံပြုချက်များ အား အသေအချာ ပေါင်းစပ်ထည့်သွင်းရန်။ ၎င်းတွင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေး ဖြစ်သည့် လယ်လုပ်ပိုင်ခွင့် အာမခံချက်၊ လွတ်လပ်သော၊ သို့မဟုတ် ပူးတွဲမြေယာပိုင်ဆိုင်ခွင့်၊ လယ်ယာစိုက်ပျိုး ထုတ်လုပ်ရေး အရင်းအမြစ်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခွင့်၊ မြေယာအသုံးချရေးနှင့် ဖွံ့ဖြိုးရေးတို့တွင် အမျိုးသမီးများ၏ အမြင်သစ် သဘောထားများ၊ မြေသိမ်းခံရသည့် ဖြစ်စဉ်များတွင် ကုစားမှုနှင့် နစ်နာကြေးများ ကျယ်ကျယ်ပြန့် ပြန့် ရရှိခံစားပိုင်ခွင့်တို့ကို ထည့်သွင်းရေးဆွဲသင့်ပါသည်။

- ကျား၊ မ ရေးရာကို အထူးအလေးထားသော လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကျား၊ မ ရေးရာကို အထူးသတိထားသော စွမ်းရည်မြှင့်တင်ရေးတို့ကို မိတ်ဆက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ မှတစ်ဆင့် လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို ဆက်လက်လုပ်ဆောင်ရန်။ သို့မှသာ အစိုးရ ထိန်းချုပ်မှုနှင့် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် မရှိသော နေရာဒေသများတွင် အဆိုပါ ကဏ္ဍများ၌ တာဝန်ရှိသူ အဆင့်အသီးသီးက အမျိုးသမီးများ လုံခြုံရေးနှင့် တရားမျှတမှု ရရှိပိုင်ခွင့်တို့ကို ပိုမိုမြှင့်တင်ပေး နိုင်မည် ဖြစ်ပါသည်။

- ပဋိပက္ခ လေ့လာစောင့်ကြည့်ရေး စနစ်များ၊ နိုင်ငံရေး ဆွေးနွေးမှုစနစ်များ၊ အစိုးရအဖွဲ့တွင် အဆင့်မြင့်ရာထူး များနှင့် လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍများ၏ (အစိုးရ ထိန်းချုပ်မှုနှင့် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် မရှိသော နေရာဒေသများ) အပါအဝင် ပဋိပက္ခအလွန် စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးများ၊ အထူး သဖြင့် တိုင်းရင်းသား အမျိုးသမီးများနှင့် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များအား ကိုယ်စားပြုမှု ပိုမိုမြင့်မားလာ စေရေး အာမခံချက်ပေးရန်။

- အောက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် ဖြန့်ဝေပေးရန်နှင့် အမျိုးသမီးများ၏ စွမ်းရည် မြှင့်တင်ပေးရန်၊ အချက်အလက် ကောက်ယူခြင်းနှင့် လေ့လာသုံးသပ်ခြင်း၊ အမျိုးသမီးရေး၊ ငြိမ်းချမ်း ရေးနှင့် လုံခြုံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဗိသုကာပုံစံ၊ အမျိုးသားအဆင့် ငြိမ်းချမ်းရေး ဗိသုကာပုံစံနှင့် လုပ်ငန်းစဉ်၊ အမျိုးသမီးရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်း စဉ်များ ရေးဆွဲ၊ အကောင်အထည်ဖော်၊ အရင်းအနှီး ထောက်ပံ့၊ လေ့လာစောင့်ကြည့်၊ အကဲဖြတ်ရေးတွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် တိုက်တွန်း ဆွေးနွေးခြင်း၊ ပေါင်းစည်းညီညွတ်ရေး တည်ဆောက်ခြင်း၊ ဆက်သွယ်ရေး၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ကြားဝင် ညှိနှိုင်း ဖျန်ဖြေခြင်း။

- ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အမျိုးသမီး အခွင့်အရေးများအား ဖြည့်ဆည်းဆောင်ရွက်ပေးမည့် မူဝါဒများ၊ ဥပဒေ၊ လုပ်ငန်းစဉ်နှင့် အစီအစဉ်များ ရေးဆွဲ၊ အကောင်အထည်ဖော်၊ အရင်းအမြစ် ထောက်ပံ့၊ လေ့လာစောင့်ကြည့်၊ အကဲဖြတ်ရေးအတွက် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးမှ ကဏ္ဍအသီးသီး၊ စီမံအုပ်ချုပ်မှု အဆင့်အသီးသီးမှ တာဝန်ရှိသူများအား စွမ်းရည်မြှင့်တင်ပေးရန်။

- ငြိမ်းချမ်းရေး၊ ပညာပေးရေးနှင့် ပဋိပက္ခ၏ အကဲဆတ်မှုကို အလေးထားရေး သင်တန်းများ အပါအဝင် ကျား၊ မ ရေးရာကို အထူးအလေးထားသော ပညာရေးအစီအစဉ်များအား နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများ အားလုံး နှင့် ၎င်းတို့မှတစ်ဆင့် တိုးမြှင့်လုပ်ဆောင်ရေးနှင့် ကျောင်းသုံးဖတ်စာများအား ပြန်လည်သုံးသပ် ပြင်ဆင် ဖြည့်စွက်ခြင်းမှတစ်ဆင့် တိုးမြှင့်လုပ်ဆောင်ရန်။

- အမျိုးသမီးနှင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းများအကြား ကွန်ရက်နှင့် ပေါင်းစည်းညီညွတ်ရေး တည်ဆောက်မှု များကို ကူညီထောက်ပံ့ရန်နှင့် ၎င်းတို့ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသမီးရေး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးရန်။

# ကျမ်းကိုးစာရင်း


ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသုတေသနစင်တာ (CPCS)၊ ၂၀၁၀ အတွင်းမှ အသံများအား နားထောင်ခြင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ပြောကြားချက်၊ http://www.centrepeaceconflictstudies.org/wp-content/uploads/Ethnic_People_Speak.pdf တွင် ရနိုင် ပါသည်။

ဥရောပ – မြန်မာရုံး ၂၀၁၃၊ “တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ညီလာခံ”၊ လိုင်ဇာ၊ ကချင်ပြည်နယ်၊ အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၂ ရက်ထိ၊ ဥရောပ – မြန်မာရုံး၊ အနှစ်ချုပ်စာတမ်း။

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ၂၀၁၁၊ “စိုက်ပျိုးရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ”၊ နဗ လုပ်ငန်းစာတမ်း အမှတ် ၁၁ – ၀၂၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု နှင့် စီးပွားရေးဌာနခွဲ၊ မတ်လ၊ http://www.fao.org/docrep/013/am307e/am307e00.pdf. တွင် ရနိုင်ပါသည်။

ကျား၊ မ ရေးရာနှင့် မိုင်းလုပ်ငန်း ဆောင်ရွက်ချက် အစီအစဉ်၊ ၂၀၁၂၊ “မိုင်းလုပ်ငန်း ဆောင်ရွက်ချက်များတွင် ကျား၊ မ ရေးရာကို အဘယ်ကြောင့် ပေါင်းစပ်ထည့်သွင်းထားသနည်း”၊ ကျား၊ မ ရေးရာနှင့် မိုင်းလုပ်ငန်း ဆောင်ရွက်ချက် အစီအစဉ်၊ ၂၁ နိုဝင်ဘာ၊ ၂၀၁၄ အထိ နောက်ဆုံးရ၊ www.gmap.ch/index.php?id=8.

ကျော်ရင်လှိုင်၊ ၂၀၁၃၊ “နိဒါန်း၊ မြန်မာနိုင်ငံ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ အချေအတင် ဆွေးနွေးပွဲ အဖွင့်၊ “မြန်မာနိုင်ငံ၊ နိုင်ငံတော် – တည်ဆောက်ရေး၊ မြန်မာအီးဂရက်စ်နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးဗဟိုဌာန၊

မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM)၊ ၂၀၁၂၊ ပန်းတိုင် ဘယ်ဆီမသိသော၊ နေရပ်စွန့်ခွာရသူများအား မွန်ပြည်နယ် အတွင်း ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်းသည့် မျှော်လင့်ချက်နှင့် သယံဇာတများ၊ စက်တင်ဘာ – အောက်တိုဘာ၊ ၂၀၁၄၊ http://www.rehmonnya.org/upload/Destination-Unknown.pdf. တွင် ရနိုင်ပါသည်။

– ၂၀၁၄၊ တရားမျှတမှုရှာဖွေခြင်း၊ အတိတ်ကို ပြန်ကြည့်ခြင်းနှင့် အနာဂတ် မြန်မာနိုင်ငံအတွက် မျှော်လင့်ချက်များ၊ ဇူလိုင်လ၊ http://www.burmalibrary.org/docs18/HURFOM-in-pursuit-of-justice-red.pdf. တွင် ရနိုင်ပါသည်။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၊ ၂၀၁၁၊ “လူသေများ လမ်းလျှောက်ခြင်း”၊ မြန်မာနိုင်ငံအရှေ့ပိုင်း စစ်မျက်နှာများမှ အကျဉ်းသား ပေါ်တာများ၊ https://www.hrw.org/reports/2011/07/12/dead-men-walking-0. တွင် ရနိုင်ပါသည်။

– ၂၀၁၂၊ “ထုတ်မပြောသည့် သောကများ”၊ ကချင်ပြည်နယ်အတွင်း စစ်ပွဲကာလ မတရားမှုများနှင့် အတင်းအဓမ္မ နေရပ်စွန့်ခွာရခြင်း၊ မတ်လ၊ https://www.hrw.org/sites/default/files/reports/burma0312ForUpload_1_0.pdf. တွင် ရနိုင်ပါသည်။

လွတ်လပ်သော မွန်သတင်းဌာန၊ ၂၀၁၃၊ “Geneva Calls မှ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည် သစ် ပါတီ (NMSP) နှင့် ပူးတွဲကျင်းပ”၊ မွန်သတင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်ထုတ်၊ ၂၁ နိုဝင်ဘာ ၂၀၁၄ နောက်ဆုံးရ၊ http://monnews.org/2013/11/28/geneva-call-conducts-first-workshop-childrens-rights-nmsp/.

ဆလိုင်းအိုက်ဇက်ခင် နှင့် မှတ်ရင်ပေါင်းညွှယ်၊ ၂၀၁၄၊ “လက်ရှိမြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အား ဂျဲန်ဒါအမြင်မှ ရှုမြင်သုံးသပ်ခြင်း”၊ Catalyzing Reflection ၁/ ၂၀၁၄၊ Swisspeace နှင့် GDI ၊ http://www.swisspeace.ch/fileadmin/user_upload/Media/Publications/Catalyzing_Reflections_1_2014.pdf. တွင် ရနိုင်ပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) ၁၉၉၃၊ “န.ဝ.တ ၏ အမျိုးသမီးပေါ်တာများ အသုံးပြုမှု”၊ ကရင်လူ့အခွင့်အရေးအဖွဲ့၊ ဖေဖော်ဝါရီ ၁၅၊ ဇူလိုင်၊ ၂၀၁၅ နောက်ဆုံးရ၊ http://www.khrg.org/2014/02/93-02-16a/slorcs-use-women-porters.

– ၂၀၀၆၊ ဖိနှိပ်မှုအရိပ်ထဲမှ ဂုဏ်သိက္ခာ၊ စစ်ကြီးစိုးရေးဝါဒအောက် ကရင်အမျိုးသမီးများ မတော်မတရားပြုခံရခြင်း၊ နိုဝင်ဘာလ http://www.khrg.org/2006/11/dignity-shadow-oppression-abuse-and-agency-karen-women-under-militarisation. တွင် ရနိုင်ပါသည်။

– ၂၀၁၄၊ အပစတ်အခတ် ရပ်စဲရေး သို့မဟုတ် အသွင်ကူးပြောင်းရေး၊ ၂၀၁၂ ခုနှစ် အပစ်အခတ် ရပ်စဲချိန်မှစ၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ လားရာများနှင့် ဒေသဆိုင်ရာ တုံ့ပြန်မှု၊ မေလ၊ http://www.khrg.org /2014/05/truce-or-transition-trends-human-rights-abuse-and-local-response. တွင် ရနိုင်ပါသည်။

ကရင်အမျိုးသားအဖွဲ့(KWO)၊ ၂၀၁၄၊ “ကြေကွဲစရာ နှုတ်ဆိတ်ငြိမ်သက်မှုများ”၊ ကရင်ပြည်နယ်အတွင်း စစ်ပွဲမဟာဗျူဟာအဖြစ် မြန်မာတပ်မတော်၏ အဓမ္မပြုကျင့်မှုများအကြောင်း ကရင်အမျိုးသမီးများ၏ ပြောကြားချက်၊ ဧပြီလ၊ http://www.peacewomen. org/content/shattering-silences-karen-women-speak-out-about-burmese-military-regimes-use-rape-strategy. တွင် ရနိုင်ပါသည်။

- ၂၀၀၇၊ ကြောက်ရွံ့ထိတ်လန့်နေရသည့် အခြေအနေ၊ ကရင်ပြည်နယ်အတါင်း မြန်မာ့တပ်မတော်အစိုးရ၏ လက်အောက်တွင် နေထိုင်ရသည့် အမျိုးသမီးများ ခံစားရသည့် မရပ်တန့်သေးသော အဓမ္မ ကျူးလွန်မှု၊ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အဓမ္မလုပ်အား ခိုင်းစေမှုများ၊ ဖေဖော်ဝါရီလ၊ http://www.womenofburma.org/Statement&Release/state_of_terror_report.pdf. တွင် ရနိုင်ပါသည်။

ကရင်အမျိုးသမီးများ ငြိမ်းချမ်းရေးကွန်ရက် (KWPN) နှင့် ကျား၊ မ တန်းတူညီမျှရေးကွန်ရက် (GEN) ၊ ၂၀၁၃၊ ကချင်ပြည်နယ် စစ်ရှောင်စခန်းများမှ အမျိုးသမီးများ၏ လိုအပ်ချက်များအား လေ့လာဆန်းစစ်ခြင်း၊ ဖေဖော်ဝါရီလ၊ http://personal.crocodoc. com/jZ2metd?embedded=true. တွင် ရနိုင်ပါသည်။

မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ၂၀၁၅၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်ထောင်စုစာရင်း၊ အဓိက ရလဒ်များအား အထူးပြုတင်ပြချက်၊ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ၂(က)၊ မေလ၊

Nicol.C ၂၀၁၂၊ "ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ၏ ပါဝင်မှု၊ အဓိက လေ့လာသုံးသပ်ချက်"၊ ၃ လ တစ်ကြိမ်၊ ၁၄(၁)၊ နွေရာသီ၊ စာ – ၃

Oo, A.M ESifh K.Kusakabe၊ ၂၀၁၀၊ "မိခင်ဘဝနှင့် လူမှုကွန်ရက်၊ နေရပ်စွန့်ခွာရသည့် တောင်ငူခရိုင်မှ ကရင်လူမျိုးများ၏ တုံ့ပြန်ရေး များ"၊ အမျိုးသမီးများ၏ သုတေသန နိုင်ငံတကာဖိုရမ်၊ ၃၃၊ စာ – ၄၈၂ – ၄၉၁။

Reckinger, Carole ၊ ၂၀၀၈၊ "မြန်မာ့ အဓမ္မလုပ်အား ခိုင်းစေမှု"၊ နိုင်ငံတော်အကြီးအကဲသစ်၊ ၂၀၀၈ ခုနှစ် ဇွန်လ ၉ ရက်ထုတ်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက် နောက်ဆုံးရ၊ www.newstatesman.com/asia/2008/06/forced-labour-burma-work.

ဂျိုးဆက်ဖ်ဆီးလ်ဗားစတိုင်း၊ ၂၀၀၄၊ "မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု၊ တပ်မတော်နှင့်ပြည်သူ" အခန်း ၅ မှ ကောက်နုတ်ချက်၊ ဩစတြေးလျ အမျိုးသား တက္ကသိုလ်၊ E Press ၊ စာ – ၇၉။

The Border Consortium (TBC) ၂၀၀၃၊ ဆန်ရပိုင်ခွင့် ပြန်လည်တောင်းဆိုခြင်း၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် မြန်မာနိုင်ငံအရှေ့ပိုင်း နေရပ် စွန့်ခွာရခြင်းများ၊ အောက်တိုဘာလ၊ http://www.theborderconsortium.org/media/10641/report-2003-idp-english-1-.pdf. တွင် ရနိုင်ပါသည်။

UCDP (Uppsala ပဋိပက္ခ အချက်အလက် ပရိုဂရမ်) n.d၊ "မြန်မာ"၊ UCDP ပဋိပက္ခ စွယ်စုံကျမ်း Uppsala တက္ကသိုလ်၊ ငြိမ်းချမ်းရေး နှင့် ပဋိပက္ခ သုတေသနဌာန၊ ၂၁၊ နိုဝင်ဘာ၊ ၂၀၁၄ နောက်ဆုံးရ၊ www.ucdp.uu.se/gpdatabase/gpcountry.php?id= 112&regionSelect=7-Eastern_Asia#.

ဦးနေဦး၊ ၁၉၉၆၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ထံ ပေးစာ၊ www.burmalibrary.org/ reg.burma/archives/199608/msg00171.html. တွင် ရနိုင်ပါသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ၂၀၁၄၊ "မွန်ပြည်နယ် လေ့လာချက်"၊ UNHCR မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲရေးဌာန၊ ဇွန်လ၊ http://data.unhcr.org/thailand/regional.php. တွင် ရနိုင်ပါသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ၂၀၁၄၊ "ကရင်ပြည်နယ် လေ့လာချက်"၊ UNHCR မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲရေးဌာန၊ ဇွန်လ၊ http://data.unhcr.org/thailand/regional.php. တွင် ရနိုင်ပါသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးတည်ဆောက်သူ၊ ၂၀၁၄၊ ပင်လုံစာချုပ်၊ http://peacemaker.un.org/myanmarpanglong47. တွင် ရနိုင်ပါ သည်။

အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ စီမံချက် (WCRP)၊ ၂၀၀၅၊ "စစ်တန်းလျားများသို့ လျှောက်ရာလမ်း"၊ မွန်ဒေသများ အတွင်း မြန်မာ့ တပ်မတော်မှ စစ်သည်များ၏ အမျိုးသမီးများအပေါ် အဓမ္မလိင်ကျွန်ပြုမှုနှင့် အခြားသော လိင်အကြမ်းဖက်မှုများ ကျူးလွန်ခြင်း၊ ဇူလိုင်လ။

အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများစီမံချက် (WCRP)၊ ၂၀၀၉၊ သွားစရာ မြေမရှိ။ မြန်မာနိုင်ငံတောင်ပိုင်း လိင်ပိုင်းဆိုင်ရာ လူကုန်ကူးခြင်းနှင့် ဆက်စပ်လူ့အခွင့်အရေး ချိုးဖောက်မှုများအား အသေးစိတ် လေ့လာခြင်း၊ ဩဂုတ်လ၊ http://rehmonnya.org/ data/nowhereelsetogo.pdf. တွင် ရနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ၂၀၀၂၊ အကြမ်းဖက်မှုနှင့် ကျန်းမာရေး ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ၊ http://www.who.int/ violence_injury_prevention/violence/world_report/en/introduction.pdf. တွင် ရနိုင်ပါသည်။




The boundaries and names shown and the designations used on this map do not imply official endorsement or acceptance by the United Nations.

Gender and Development Initiative

Gender and Development
Initiative-Myanmar
43, 3rd Floor, Insein Road,
Hlaing Township, 11051
Yangon, Myanmar

isckhen.gdi@gmail.com
info2010.gdi@gmail.com

swisspeace

Sonnenbergstrasse 17,
CH-3000

www.swisspeace.ch
info@swisspeace.ch

UN WOMEN

UN Women

220 East 42nd Street, 18-76
New York, NY 10017
Tel: 646 781 4606
Fax: 646 781 4444

www.unwomen.org